ကြေးမုံ

The Mirror Daily

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**သူတစ်ပါးအားမညစ်နွမ်းစေသင့်**

သူတစ်ပါးကို သင့်လျော်သောအကျင့်၌ တည်စေလို၍ ဆုံးမသော ပုဂ္ဂိုလ်သည် မိမိက ရှေးဦးစွာ ထိုအကျင့်၌ တည်နိုင်ရန် ကြိုးစားရာ၏။ ထိုနောက်မှ သူတစ်ပါးအား ညွှန်ကြားဆုံးမရာ၏။ မိမိ၌ ထိုတရားမျိုးမရှိဘဲ သူတစ်ပါးအားဆုံးမခြင်းသည် အများ၏ကဲ့ရဲ့ ရှုတ်ချဖွယ်ဖြစ်၏။ ပညာရှိမည်သည် သူတစ်ပါးအား ကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းစေသင့်ပေ။

အတ္တဝဂ်(ဓမ္မပဒ-၁၅၈)

၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ သောကြာနေ့။ Friday, 21 October 2016 (၈၇၂၁)

# ချင်းတွင်းမြစ်တွင်း သေဆုံးခဲ့သူများ၏ မိသားစုများနှင့် ထပ်တူဝမ်းနည်းကြေကွဲ ဖြစ်စဉ်အပေါ် စနစ်တကျစစ်ဆေး၍ တာဝန်ရှိသူများကို ဖော်ထုတ်အရေးယူမည်

**နေပြည်တော် အောက်တိုဘာ ၂၀**

ချင်းတွင်းမြစ်တွင်းနစ်မြုပ်ခဲ့သည့် အမြန်ရေယာဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့က ယနေ့ရက်စွဲဖြင့် ကြေညာချက် ထုတ်ပြန်ထားသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုအစိုးရအဖွဲ့**
**ကြေညာချက်အမှတ် ၁/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်**
**(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်)**

၁။ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့မှ ၁၄-၁၀-၂၀၁၆ ရက်နေ့တွင် မုံရွာမြို့သို့ ထွက်ခွာလာသည့် ချင်းတွင်းမြစ်တွင်းသွား အေးငြိမ်းချမ်းသာ အမြန်မော်တော်ရေယာဉ်လိုင်းမှ အောင်စိုးမိုးကျော်(၂)အမြန်ရေယာဉ်သည် ၁၅-၁၀-၂၀၁၆ ရက်နေ့ နံနက် ၅ နာရီ ၁၀ မိနစ်ခန့်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကင်းအုပ်စု မိချောင်းတွင်းကျေးရွာအနီးတွင် နစ်မြုပ်ခဲ့ရာ ၂၀-၁၀-၂၀၁၆ ရက်နေ့အထိ ခရီးသည်(ကျား)၁၃ ဦးနှင့် (မ)၅၃ ဦး စုစုပေါင်း ၆၆ ဦး၏ အလောင်းများကို ဆယ်ယူရရှိခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က အနီးကပ်ကြီးကြပ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၀-၁၀-၂၀၁၆ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၆)တွင် ဆုံးဖြတ်ချက်အရ အဆိုပါဖြစ်စဉ်၌ သေဆုံးခဲ့သူများ၏ မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲပါကြောင်း၊ အသက်ဆုံးရှုံးခဲ့သည့် ခရီးသည်များအတွက် သက်ဆိုင်ရာဌာနများက လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ယင်းဖြစ်စဉ်ဖြစ်ပွားမှုအပေါ် စနစ်တကျစစ်ဆေး၍ တာဝန်ရှိသူများကို ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြကြေညာအပ်ပါသည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုအစိုးရအဖွဲ့**

# နှစ်နိုင်ငံအကြား မပြီးပြတ်သေးသည့် နယ်နိမိတ်ကိစ္စရပ်များ ဆောလျင်စွာညှိနှိုင်းဖြေရှင်းရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ အောက်တိုဘာ ၁၇ ရက်တွင် တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပြီး အောက်တိုဘာ ၁၉ ရက် ည ၇ နာရီ မိနစ် ၂၀ တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရားဝင်ချစ်ကြည်ရေးခရီးစဉ်မတိုင်မီ အောက်တိုဘာ ၁၆ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ ဂိုအာမြို့တွင် ကျင်းပသည့် BIMSTEC သီးသန့်အစည်းအဝေး (Retreat)နှင့် BRICS-BIMSTEC Outreach Summit သို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ဂိုအာပြည်နယ်ဝန်ကြီးချုပ် Mr. Laxmikant Parsekar က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ BIMSTEC နိုင်ငံများမှ အကြီးအကဲများနှင့်အတူ တက်ရောက်ခဲ့ပြီး သီရိလင်္ကာသမ္မတ Mr. Maithritala Sirisena နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် BIMSTEC သီးသန့်အစည်းအဝေးသို့ BIMSTEC အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဘူတန်၊ နီပေါနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ကြပြီး BIMSTEC အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ရေးကိစ္စရပ်များ၊ အဖွဲ့ဝင်နိုင်ငံများအကြား ဆက်သွယ်မှုပိုမိုတိုးတက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ဆိုက်ဘာလုံခြုံရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး၊ စွမ်းအင်စသည့် ကဏ္ဍများ၌ ဦးစားပေးပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့**

# ပြည်သူလူထုနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်၊ တောင်းဆိုချက်များအတိုင်း အစီအမံများချပြီး လုံခြုံရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိ

**မောင်တော အောက်တိုဘာ ၂၀**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့သည် ယမန်နေ့ ညနေ ၄ နာရီက မောင်တောမြို့ရှိ အောင်မြေဗောဓိ အလိုတော်ပြည့်ကျောင်းသို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမဏိသာရအား ဖူးမြော်ကြည်ညိုကာ ဆရာတော်ထံမှ ဩဝါဒခံယူပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၈) စစ်မြေပြင်ဆေးတပ်ရင်း နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဆေးကုသပေးနေသည့် ဒေသခံပြည်သူများနှင့် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်မှ ခေတ္တစွန့်ခွာလာသူများကို **စာမျက်နှာ ၇ ကော်လံ ၁ သို့**




ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဝမ်းကေဇင်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။ *(သတင်း စာမျက်နှာ - ၅)*









ကြေးမုံ

# လူ့အရင်းအမြစ်များ မဆုံးရှုံးစေရေး

လူဟူသည် မိသားစုဘဝ၊ မိမိအသိုင်းအဝိုင်း ပတ်ဝန်းကျင်၊ မိမိရပ်ရွာ၊ မိမိနိုင်ငံကို တစ်နည်းတစ်ဖုံ အကျိုးပြုနေကြသည့် လူသားအရင်းအမြစ်များဖြစ်ကြသည်။ ထို့ကြောင့် ပြည်သူလူထုအသက်ရှင်ကျန်းမာရေး၊ လုံခြုံစိတ်ချ ဘေးအန္တရာယ်ကင်းရေးမှာ လူတိုင်းတွင်တာဝန်ရှိသည်မှန်သော်လည်း ပြည်သူလူထုအကျိုး ဆောင်ရွက်ပေးနေသူများမှာ အဓိက တာဝန်ရှိပေသည်။

နိစ္စဓူဝခရီးသွားလာနေကြရသော ပြည်သူလူထုအများစု ဘေးအန္တရာယ်မကျရောက်ရေးကို သယ်ယူပို့ဆောင်ရေး လုပ်ငန်းအမျိုးမျိုးတို့က အလေးထားဆောင်ရွက်လေ့ရှိသည်။ ခရီးစဉ်မထွက်ခွာမီ မိမိတို့၏ ယာဉ်ကြံ့ခိုင်ရေး၊ စိတ်ချလုံခြုံရေးတို့ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရပြီး ခရီးစဉ်အတွင်းတွင်လည်း သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိမိခရီးသွားလုပ်ငန်းအကျိုးစီးပွားထက် ခရီးသည်များ လုံခြုံ စိတ်ချ စိတ်ချမ်းသာရေးကို အလေးထားဆောင်ရွက်ကြရသည်။

အများပြည်သူသုံးမော်တော်ယာဉ်များတွင် အသိပေးထားလေ့ရှိသည့် 'သင်၏မိသားစု သင်အိမ်ပြန်လာချိန်ကို စောင့်မျှော်နေသည်'၊ 'ခရီးသည်များ၏အသက်သည် သင့်လက်ထဲမှာရှိသည်" စသည့်နှိုးဆော်ချက်များမှာ သက်ဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်းများက ခရီးသည်တင်ယာဉ် တာဝန်ကျသူများအား နေ့စဉ်သတိမူမိစေရန် အသိပေးထားချက်များဖြစ်သည်။

သို့သော် အဆိုပါသတိပေးချက်များမှာ နှိုးဆော်စာအဖြစ်သာ တည်ရှိခဲ့ပြီး သတိထားလုပ်ဆောင်ရန် အားနည်းခဲ့သောကြောင့် အများပြည်သူ လိုက်ပါစီးနင်းနေသည့် ခရီးသည်တင်မော်တော်ယာဉ်၊ ရေယာဉ်များမှာ မကြာခဏတိမ်းမှောက်မှုဖြစ်ပြီး အပြစ်မဲ့ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရ၊ အသက်သေဆုံးရသည်အထိ ဖြစ်စဉ်ဖြစ်ရပ်များ ရှိခဲ့ပေသည်။

မကြာသေးမီရက်ပိုင်းအတွင်းဖြစ်သည့် အောက်တိုဘာ ၁၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့မှ မုံရွာမြို့သို့ ထွက်ခွာလာသော အောင်စိုးမိုးကျော် အမြန်ရေယာဉ်-၂သည် ကနီမြို့နယ်အနီးရှိ ချင်းတွင်းမြစ်အတွင်း နစ်မြုပ်ခဲ့ရာ ခရီးသွားပြည်သူ တစ်ရာကျော် ပျောက်ဆုံး သို့မဟုတ် သေဆုံးလိမ့်မည်ဟု ခန့်မှန်းကြသည်။

အဆိုပါ အမြန်ရေယာဉ်မှာ ခရီးသည် ၃၆ ဦးသာတင်ဆောင်နိုင်သည့် ရေယာဉ်ဖြစ်သော်လည်း စတင်ထွက်ခွာချိန်တွင် ရေယာဉ်ပေါ်လိုက်ပါလာသူ ၆၀ ကျော်ရှိသည်။ မြစ်ကြောင်းတစ်လျှောက်လမ်းခုလတ်တွင် လိုက်ပါသူများနှင့်ပေါင်းပါက စုစုပေါင်း ခရီးသည် ၉၀ ကျော်ရှိသည်ဟု ကနဦးသတင်းထုတ်ပြန်ခဲ့ကြသော်လည်း အသက်ရှင်သူ လူတစ်ရာကျော်နှင့် ပျောက်ဆုံးနေသူများနှင့် ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည့် သေဆုံးသူ အရေအတွက်အရ ခရီးသည် သုံးရာနီးပါး စီးနင်းလိုက်ပါခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ထိုရေယာဉ်ပေါ်၌ မော်တော်ဆိုင်ကယ်အစီး ၂၀ ခန့်နှင့် အခြားကုန်ပစ္စည်းများကိုပါ တင်ဆောင်လာခဲ့ရာ ခရီးသည်၊ ကုန်နှင့် ရေယာဉ်ဝန်နှင့်အားမမျှဖြစ်ရ၍ မဖြစ်သင့်မဖြစ်ထိုက်ဘဲ ရေယာဉ်တိမ်းမှောက်ကာ ခရီးသည်လူ့အသက်များစွာ သေဆုံးခဲ့ရခြင်းဖြစ်သည်။ ရေယာဉ်ကို ပဲ့ထိန်းအပါအဝင် ရေယာဉ်အမှုထမ်း ငါးဦး မောင်းနှင်ခဲ့ပြီး ရေယာဉ်နစ်မြုပ်ပြီးနောက် ရေယာဉ်ပိုင်ရှင်နှင့် ပဲ့ထိန်းဖြစ်သူတို့ ထွက်ပြေးတိမ်းရှောင်နေရာ မဆင်မခြင်မောင်းနှင်မှု၊ ပေါ့ဆမှု၊ လူသေစေမှုတို့ဖြင့် ဖမ်းဝရမ်းထုတ်ထားသည်ဟု သိရသည်။

အဆိုပါဖြစ်စဉ်၌ ရှာဖွေတွေ့ရှိသော သေဆုံးသူများတွင် ဆရာ၊ ဆရာမအများစုဖြစ်နေပြီး လိုက်ပါစီးနင်းသူ ဆရာ၊ ဆရာမ ၇၀ ကျော်တွင် ဆရာ ဆရာမ တစ်ဝက်ခန့်သေဆုံးခဲ့သည်။ ထို့ကြောင့် နိုင်ငံအတွက် တန်ဖိုးရှိသော လူ့အသက်များဆုံးရှုံးသွားခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ရေယာဉ်ကို မဆင်မခြင် ပေါ့ဆစွာမောင်းနှင်သည်ဆိုသည်ထက် မိမိအကျိုးစီးပွားတစ်ခုတည်းကိုသာကြည့်ပြီး ခရီးသည်များ၏ အသက်အန္တရာယ်ကို မငဲ့ကွက်ဘဲ တင်ဆောင်မောင်းနှင်ခဲ့သူတို့ကို နောင်အလားတူမဖြစ်စေရန် စည်းကမ်းထိန်းသိမ်းခြင်း၊ တာဝန်ပေါ့လျော့သူများကို ထိရောက်စွာ အရေးယူခြင်းဖြင့် နိုင်ငံနှင့်ပြည်သူအတွက် တန်ဖိုးကြီးမားသော လူ့စွမ်းအားအရင်းအမြစ်များ မဆုံးရှုံးစေရေး ပိုမိုအလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

# မြန်မာ-အမေရိကန် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရာတွင် ငွေကြေးကဏ္ဍမှ ပံ့ပိုးနိုင်မှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၀**



မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်အား အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာန၏ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးဆိုင်ရာ လက်ထောက်ဝန်ကြီး Mr. RaminToloui ဦးဆောင်သော အဖွဲ့သည် ယမန်နေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကံ့ကော်ခန်းမ၌ လာရောက် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကျင့်သုံးလျက်ရှိသည့် မူဝါဒဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာ- အမေရိကန် နှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် ငွေရေးကြေးရေး ကဏ္ဍမှ ပံ့ပိုးပေးနိုင်မှု အခြေအနေများကို ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ ဦးစိုးမင်းနှင့် ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ညောင်လေးပင်မြို့နယ်အတွင်း ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

**ညောင်လေးပင် အောက်တိုဘာ ၂၀**


ညောင်လေးပင်မြို့နယ်အတွင်း တင်ဒါအောင်မြင် ဆောင်ရွက်ကြမည့် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းလွင်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကျေးရွာအမည်၊ အတိုင်းအတာ၊ ခွင့်ပြုရန်ပုံငွေနှင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီစာရင်းများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများနှင့် ပြည်သူများအကြား လုပ်ငန်းများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရေး၊ စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းများပြီးစီးနိုင်ရေးအတွက် တင်ဒါအောင်မြင်သော ကုမ္ပဏီများနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ကျေးလက်လမ်းတံတား၊ ရေပေးရေးလုပ်ငန်းများ တင်ဒါရရှိခဲ့သည့် တက်ဖြိုးဝေကုမ္ပဏီနှင့် Golden Hours Co.,Ltd. တို့မှ ကုမ္ပဏီတာဝန်ခံများက အသီးသီး ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များကိုမေးမြန်းကာ အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**




# မွန်ပြည်နယ်အတွင်း မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ပေးမည်

**မော်လမြိုင် အောက်တိုဘာ ၂၀**

ထိုင်းနိုင်ငံ SCG; Thailands Crown Property Bureau နှင့် Banphaeo-ospital တို့ပူးပေါင်း၍ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီး၌ မွန်ပြည်နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၂၀၀ အား မျက်စိစမ်းသပ်စစ်ဆေးခြင်းနှင့် မျက်စိအတွင်းတိမ်ခွဲစိတ်ကုသမှုများကို အခမဲ့ ပြုလုပ်ပေးသွားမည်ဖြစ်သည်။

မွန်ပြည်နယ်ရှိ မြို့နယ်များအနက် ရေးမြို့နယ်ရှိ မိမိတို့ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းရှိ မျက်စိခွဲစိတ်လိုသည့် ဝေဒနာရှင်များရှိပါက မြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ အောက်တိုဘာ ၂၄ ရက် နောက်ဆုံးထားပေးပို့သွားရန်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# ငှက်ဖျားရောဂါကင်းဝေးရေး ဒုတိယအကြိမ် သင်တန်းပို့ချ

**ချောင်းဆုံ အောက်တိုဘာ ၂၀**

မွန်ပြည်နယ် ချောင်းဆုံမြို့ ပြည်သူ့ဆေးရုံ၌ အောက်တိုဘာ ၁၉ ရက်က ငှက်ဖျားရောဂါကင်းဝေးရေး အရှိန်အဟုန်မြှင့်လုပ်ငန်းသင်တန်းကို ဒုတိယအကြိမ် သင်ကြားပို့ချရာ ကျေးလက်ကျန်းမာရေးဌာနဌာန(ခွဲ)မှ ဆရာမများ၊ သားဖွားဆရာမများ၊ သူနာပြု ၁၁၀ တို့အား ငှက်ဖျားရောဂါကင်းဝေးရေးနှင့်ပတ်သက်သည်များ၊ သွေးလွန်တုပ်ကွေးရောဂါများ အကြောင်းကို အဖွဲ့ နှစ်ဖွဲ့ခွဲကာ အောက်တိုဘာ ၁၇ ရက်မှ ၂၀ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဒီဇင်ဘာ ၃၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းဆိပ်ခံတံတား တည်ဆောက်နေမှု လှည့်လည်ကြည့်ရှု



**နေပြည်တော် အောက်တိုဘာ ၂၀**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကိုကိုးကျွန်းမြို့သို့ ရောက်ရှိသည်။

ရှေးဦးစွာ ကိုကိုးကျွန်းရေတပ်အခြေစိုက်စခန်း ရှင်းလင်းဆောင်၌ ရေတပ်စခန်းမှူးက ရည်မှန်းချက်တာဝန်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော် လေယာဉ်၊ ရေယာဉ်များဖြင့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများကို လူ၊ ပစ္စည်း အခမဲ့တင်ဆောင်ပေးရန်၊ တပ်မိသားစုများနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေး၊ ဝင်ငွေတိုးတက်ရရှိရေး စနစ်တကျစီမံဆောင်ရွက်ရန်၊ ပင်လယ်ရေမှ စိုက်ပျိုးရေနှင့် သုံးရေအတွက် ရေသန့်စင်ထုတ်လုပ်နိုင်ရေး နည်းလမ်းရှာကြံလုပ်ဆောင်ရန်၊ Wind Power ၊ Solor Power တို့ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုကိုးကျွန်းတပ်နယ်ခန်းမ၌ တပ်နယ်မှုအရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်နယ်မှုအရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများက စားသောက်ဖွယ်ရာများနှင့် လက်ဆောင်များပေးအပ်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သာသနာ့မဏ္ဍိုင်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဦးအဂ္ဂဝံသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုကိုးကျွန်းမြို့နယ်ခန်းမ၌ ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့်ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ကျွန်းပတ်လမ်းအတိုင်းမော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ရေတပ်စခန်းဌာနချုပ်မှ Green House ဖြင့် စိုက်ပျိုးထားရှိသည့် အသီးအနှံပင်များနှင့် ကြက်ခြံအတွင်း ဥစားကြက်များမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေတပ်စခန်းဌာနချုပ်ရှိ အုန်းထွက်ပစ္စည်းများဖြင့်ပြုလုပ်ထားသည့် အိမ်အလှဆင်ပစ္စည်းများနှင့်အိမ်သုံးပစ္စည်းများ ထုတ်လုပ်ထားရှိမှု၊ တပ်မိသားစုဝင်များနှင့် ဒေသခံပြည်သူများ ပစ္စည်းထုတ်လုပ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းဆိပ်ခံတံတား တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြကြသည်။ **(အပေါ်ပုံ)** ယင်းဆိပ်ခံတံတားသည် ယခုအခါ ၆၃ ရာခိုင်နှုန်းမျှ ပြီးစီးနေပြီဖြစ်ပြီး ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်း တွင် စတင်ဖွင့်လှစ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**



## ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ အမှတ်(၄) လုံခြုံရေး တင့်ကားတပ်မနှင့် JSC "Tsniitochmash" သို့ သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၀**
ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယမန်နေ့ နံနက် ၉ နာရီတွင် Naro-Fominsk မြို့ရှိ အမှတ်(၄) လုံခြုံရေး တင့်ကားတပ်မသို့ သွားရောက်လေ့လာသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တာဝန်ရှိသူများက အဆိုပါတပ်မ၏ နောက်ခံသမိုင်းကြောင်း၊ စစ်မြေပြင်အသီးသီး၌ ပါဝင်ထမ်းဆောင်ခဲ့မှုများအား ကဏ္ဍအလိုက် ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် သင်တန်းခန်းမများ၌ သင်ထောက်ကူပစ္စည်းများနှင့် လေ့ကျင့်နေမှုများ၊ လေ့ကျင့်ရေးကွင်းတွင် T-80 တင့်ကားများ တပ်စု၊ တပ်ခွဲအလိုက် လက်တွေ့ပစ်ခတ် လေ့ကျင့်မှုများ၊ ယန္တရားတင်ခြေလျင်တပ်ဖွဲ့ဝင်များ၏ တပ်စိတ်၊ တပ်စုအလိုက် လေ့ကျင့်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား အမှတ်(၄)လုံခြုံရေးတင့်ကားတပ်မမှူး Col. Kolesnikov Andrei Borisovich က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Klimovsk မြို့ရှိ JSC "Tsniitochmash" သို့ ရောက်ရှိကြပြီး စက်ပစ်ကွင်း၌ လက်နက်ငယ်အမျိုးမျိုးစမ်းသပ်ပစ်ခတ်မှုများကို ကြည့်ရှုကာ JSC "Tsniitochmash" အတွင်း ခင်းကျင်းပြသထားသော စစ်ဝတ်တန်ဆာနှင့် စစ်လက်နက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

### ○ ကျောဖုံးမှ

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် ပြိုင်ပွဲများအနက် စက်တင်ဘာလ၌ကျင်းပမည့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို မြန်မာနိုင်ငံ၊ နိုဝင်ဘာလ၌ ကျင်းပမည့် အာဆီယံဖူဆယ်ပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ၊ ဧပြီလ (သို့) မေလ၌ ကျင်းပမည့် အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲကို လာအိုနိုင်ငံ၊ မတ်လ၌ ကျင်းပမည့် အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲကို ထိုင်းနိုင်ငံတို့၌ ကျင်းပမည်ဖြစ်သည်။ ထို့ပြင် အာဆီယံအမျိုးသမီးပြိုင်ပွဲကို ထိုင်းနိုင်ငံ၊ အာဆီယံ ယူ-၁၅ အမျိုးသားပြိုင်ပွဲကို စင်ကာပူ(သို့)ထိုင်းနိုင်ငံတို့၌ ကျင်းပရန်ရွေးချယ်ခဲ့သော်လည်း ကျင်းပမည့်ကာလကိုမထုတ်ပြန်သေးပေ။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံယူ-၁၈ ပြိုင်ပွဲကို စက်တင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပရန်စီစဉ်ထားသော်လည်း ရက်အတိအကျကို ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုနောက်ပိုင်းနှစ်များတွင် နိုင်ငံတကာပြိုင်ပွဲများကို နှစ်စဉ်နီးပါး အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိပြီး ယခုနှစ်တွင် အာဆီယံအဆင့် အဆင့်မြင့်ဆုံးပြိုင်ပွဲသုံးခုကို လက်ခံကျင်းပခဲ့သည်။ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲနှင့် အာဆီယံအမျိုးသမီးပြိုင်ပွဲတို့ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး နိုဝင်ဘာလတွင် ဆူဇူကီးဖလားပြိုင်ပွဲအုပ်စု(ခ) ပွဲစဉ်ကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ **သတင်းနှင့်ဓာတ်ပုံ-ချစ်ကိုကို**

## နယ်မြေလုံခြုံရေး ဆောင်ရွက်ပေးနေသည့် နယ်ခြားစောင့်ရဲစခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ၂၀**
ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက် ၁၁ နာရီတွင် မောင်တောမြို့နယ် ကျီးကန်းပြင်ကွပ်ကဲမှုဌာနချုပ် အနီးရှိ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများနှင့် ဆက်နွယ်နေသည့် ကျေးရွာများသို့ သွားရောက်ကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်မှနယ်မြေရှင်းလင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် တောင်ပြိုလက်ဝဲမြို့တွင် တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေသည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် အောက်တိုဘာ ၁၂ ရက်က တပ်မတော်၊ နယ်ခြားစောင့်ရဲ ပူးပေါင်းအဖွဲ့နှင့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည့် ကြက်ရိုးပြင်ကျေးရွာကို ရဟတ်ယာဉ်ဖြင့် ကြည့်ရှုလေ့လာကြသည်။

အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲက မောင်တောမြို့နယ်ရှိ အဆိုပါ ကြက်ရိုးပြင်ကျေးရွာ၏ မြောက်ဘက် ပြောင်ပိုက်ကျေးရွာတစ်ဝိုက်၌ နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသည့် တပ်မတော်နှင့် နယ်ခြားစောင့်ရဲ ပူးပေါင်းအဖွဲ့အား အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၃၀ ခန့်မှ စတင်ပစ်ခတ် တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ကြက်ရိုးပြင်ကျေးရွာဘက်သို့ ဆုတ်ခွာထွက်ပြေးသွားသဖြင့် ဆက်လက်နယ်မြေရှင်းလင်းခဲ့ရာ အောက်တိုဘာ ၁၂ ရက် နံနက် ၇ နာရီတွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက ကျေးရွာအတွင်းမှ စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် ပစ်ခတ်ရှင်းလင်းခဲ့ရာ တစ်လုံးထိုး သေနတ်တစ်လက်နှင့် အကြမ်းဖက်သမား ၁၀ ဦးတို့အား အသေဖမ်းဆီးရရှိခဲ့ပြီး အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများသည် ကျေးရွာအတွင်းရှိ လူနေအိမ်စုတချို့ကို မီးရှို့ဖျက်ဆီး၍ ထွက်ပြေးသွားခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် ဘူးသီးတောင်မြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများက ကူညီစောင့်ရှောက်ထားသည့် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်ခေတ္တစွန့်ခွာလာသူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်နှင့်ရိက္ခာများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ဘူးသီးတောင်မြို့ရှိ အေးစေတီကျောင်းသို့ သွားရောက်ပြီး ဆရာတော်များထံမှ ဩဝါဒခံယူကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**(သတင်းစဉ်)**




# မတူကွဲပြားမှုများကို ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းရန် တရုတ်နှင့် ဖိလစ်ပိုင် သဘောတူညီ

**ပေကျင်း အောက်တိုဘာ ၂၀**

မတူကွဲပြားမှုများကို ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးတွင် တိုးတက်ဖြစ်ထွန်းမှုများရရှိရေး စွမ်းဆောင်သွားရန် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးတို့က သဘောတူညီလိုက်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က နှစ်နိုင်ငံအား ပင်လယ်ပြင် အိမ်နီးချင်းများဟု ခေါ်ဆိုလိုက်ပြီး နှစ်နိုင်ငံဆက်ဆံရေးတွင် အကွေ့အကောက်နှင့် အလှည့်အပြောင်းများရှိခဲ့သော်လည်း တရုတ်-ဖိလစ်ပိုင် ချစ်ကြည်ရင်းနှီးမှု အခြေခံအုတ်မြစ်နှင့် ပူးပေါင်းဆောင်ရွက်လိုသော စိတ်ဆန္ဒမှာ အပြောင်းအလဲမရှိကြောင်း ပြောကြားသည်။ တရုတ်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံနှင့်ဆက်ဆံရေးကို များစွာတန်ဖိုးထားသလို နိုင်ငံရေးဆိုင်ရာယုံကြည်မှုနှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုခိုင်မာလာစေရန်၊ မတူကွဲပြားမှုများကို ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းရန်နှင့် ကောင်းမွန်သော မိတ်ဖက်နိုင်ငံများဖြစ်လာစေရန် အဆင်သင့်ရှိကြောင်း ပေကျင်းမြို့၌ ဖိလစ်ပိုင်သမ္မတ ဒူတာတေးနှင့် တွေ့ဆုံဆွေးနွေးမှုများအတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

ဆွေးနွေးမှုနှင့် ညှိနှိုင်းတိုင်ပင်မှုမှတစ်ဆင့် တောင်တရုတ်ပင်လယ်အရေးတွင် မတူကွဲပြားမှုများကို ကိုင်တွယ်ဖြေရှင်းခြင်းမှာ တရုတ်-ဖိလစ်ပိုင်ဆက်ဆံရေး ကောင်းမွန်စေရေးနှင့် ပုံမှန်တိုးတက်လာစေရေးအတွက် အရေးပါသော အခြေခံအုတ်မြစ်တစ်ခုဖြစ်ကြောင်း ရှီက ဆိုသည်။ ဖိလစ်ပိုင်အစိုးရ၏ မူးယစ်ဆေးဝါး၊ အကြမ်းဖက်ဝါဒနှင့် ရာဇဝတ်မှုတိုက်ဖျက်ရေးကြိုးပမ်းမှုများကို တရုတ်နိုင်ငံက ထောက်ခံအားပေးပြီး အဆိုပါနယ်ပယ်များတွင် ဖိလစ်ပိုင်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်လိုပါကြောင်း၊ Belt and Road Initiatives အရ ဖိလစ်ပိုင်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် တရုတ်နိုင်ငံက အဆင်သင့်ရှိပါကြောင်း ၎င်းကဆက်လက်ပြောကြားသည်။



ဖိလစ်ပိုင်သမ္မတ ဒူတာတေးမှာ အောက်တိုဘာ ၁၈ ရက်မှ ၂၁ ရက်ထိ တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်လျက်ရှိပြီး ယင်းခရီးစဉ်မှာ ဇွန်လအတွင်း တာဝန်စတင်ထမ်းဆောင်ချိန်ကတည်းက အာဆီယံပြင်ပ တိုင်းပြည်တစ်ခုသို့ သွားရောက်သည့် ပထမဆုံးသော တရားဝင်ခရီးစဉ်ဖြစ်သည်။ ပေကျင်း-မနီလာ ဆက်ဆံရေးမှာ အရင်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ အကွီနို၏ တရုတ်နိုင်ငံကိုဆန့်ကျင်သည့် တောင်တရုတ်ပင်လယ် အနုညာတစီရင်ဆုံးဖြတ်မှုကြောင့် ဆိုးရွားလာခဲ့သည်။

**ဆင်ဟွာ။**

## တရုတ်နိုင်ငံတွင် ယခုနှစ် ဇန်နဝါရီမှ စက်တင်ဘာလအတွင်း သဘာဝဘေးကြောင့် လူ ၁၃၁၇ ဦး သေဆုံး

**ပေကျင်း အောက်တိုဘာ ၂၀**

တရုတ်နိုင်ငံတစ်ဝန်းတွင် ယခုနှစ် တတိယသုံးလပတ်ကာလအတွင်း သင့်ရောက်ခဲ့သော သဘာဝဘေးအန္တရာယ်များကြောင့် လူ ၁၃၁၇ ဦး သေဆုံးပြီး ၃၁၉ ဦး ပျောက်ဆုံးခဲ့ကြောင်း တရုတ်အစိုးရက အောက်တိုဘာ ၂၀ ရက်တွင် ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။

တရုတ်နိုင်ငံတွင် ယင်းကာလအတွင်း သင့်ရောက်ခဲ့သော သဘာဝဘေးအန္တရာယ်များကြောင့် စီးပွားရေးအရ တိုက်ရိုက်ဆုံးရှုံးရမှုမှာ ယွမ်ငွေ သန်းထောင်ပေါင်း ၄၆၉ ဒသမ ၂၂ (အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်း ၆၉ ဒသမ ၆၂) ရှိကြောင်း မြို့ပြရေးရာဝန်ကြီးဌာနနှင့် အမျိုးသားသဘာဝဘေးအန္တရာယ် လျော့ချရေးကော်မရှင်တို့က ပူးတွဲထုတ်ပြန်သည့် ကြေညာချက်တွင်ဖော်ပြသည်။

လူနေအိမ်ခြေပေါင်း ၄၉၀၀၀၀ မှာ လုံးလုံးလျားလျား ပြိုပျက်သွားပြီး လူနေအိမ်ခြေ ၃ ဒသမ ၁၉၈ သန်းခန့်မှာ သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးခဲ့ရသည်ဟု သတင်းတွင်ဖော်ပြသည်။

ယခုနှစ် ကိုးလတာကာလအတွင်း တရုတ်နိုင်ငံတွင် ကြုံတွေ့ရသော သဘာဝဘေးအန္တရာယ်များ၌ ရေကြီးရေလျှံမှုများ၊ လေပြင်းတိုက်ခတ်မှုများ၊ မိုးသီးကြွေမှုများ၊ တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်မှုများနှင့် မြေလျှောဆိုင်ရာ ဘေးဒုက္ခများ သင့်ရောက်မှုများ ပါဝင်သည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

ဇွန်နှင့် ဇူလိုင်လများသည် သဘာဝဘေးသင့်ရောက်မှု အဆိုးရွားဆုံးလများဖြစ်ပြီး ဇူလိုင်လတွင် ရုတ်တရက် မိုးသည်းထန်မှုဒဏ်ကို မကြာခဏ ကြုံတွေ့ခဲ့ရသည်။

**ဆင်ဟွာ။**



## တောင်ကိုရီးယားနှင့် အမေရိကန်တို့ လုံခြုံရေးဆွေးနွေးပွဲ ကျင်းပနေချိန် မြောက်ကိုရီးယား ပဲ့ထိန်းဒုံးကျည်စမ်းသပ်

**ဆိုးလ် အောက်တိုဘာ ၂၀**

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပနေစဉ်မှာပင် မြောက်ကိုရီးယားနိုင်ငံက တာလတ်ပစ် ပဲ့ထိန်းဒုံးကျည်တစ်လုံးကို အောက်တိုဘာ ၂၀ ရက် နံနက်တွင် ပစ်ခတ်စမ်းသပ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ပဲ့ထိန်းဒုံးကျည် ပစ်ခတ်စမ်းသပ်မှုကို ဒုတိယအကြိမ် ပြုလုပ်ခဲ့သော်လည်း စမ်းသပ်မှု မအောင်မြင်ကြောင်း တောင်ကိုရီးယား စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားကြသည်။

တောင်ကိုရီးယားနှင့် အမေရိကန် ပြည်ထောင်စုတို့မှ ကာကွယ်ရေးဆိုင်ရာ အကြီးအကဲများနှင့် ထိပ်တန်းသံတမန်များသည် မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် အစီအစဉ်များ ရေးဆွဲ ချမှတ်ဆောင်ရွက်ရန်ကိစ္စကို မြို့တော်ဝါရှင်တန်၌ နှစ်ရက်ကြာ ဆွေးနွေးပွဲပြုလုပ်နေချိန်အတွင်း ပဲ့ထိန်းဒုံးကျည်စမ်းသပ်မှုကို မြောက်ကိုရီးယားက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံ အနောက်မြောက်ပိုင်း မြောက်ပိုင်းပြုံယမ်း စီရင်စုရှိ ဘန်းယွန်လေယာဉ်ကွင်းမှ အောက်တိုဘာ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်တွင် ရွေ့ပြောင်းသယ်ဆောင်နိုင်သော မူဆူဒန် ဒုံးကျည်ဟု ယူဆရသည့် ဒုံးကျည်တစ်လုံးကို ပစ်သတ်စမ်းသပ်ခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်က ပြောကြားသည်။

ဒုံးကျည်ပစ်ခတ်စမ်းသပ်မှု မအောင်မြင်ဟု ယူဆရကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်က ပြောကြားသော်လည်း အသေးစိတ်ဖော်ပြခြင်းမရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံသည် စက်တင်ဘာ ၉ ရက်က နျူကလီးယား စမ်းသပ်မှုပြုလုပ်ခဲ့သည်။ ပဲ့ထိန်းဒုံးကျည်တွင် တပ်ဆင်နိုင်သော နျူကလီးယား ထိပ်ဖူးတစ်ခုကို စမ်းသပ်ခဲ့ပြီး ယင်းစမ်းသပ်မှုမတိုင်မီ လေးရက်အလိုတွင် နိုင်ငံအရှေ့ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသမှ ရိုဒေါင် အမျိုးအစား ဒုံးကျည်သုံးလုံးကို စမ်းသပ်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် အောက်တိုဘာ ၁၅ ရက်က တာလတ်ပစ်ဒုံးကျည် စမ်းသပ်ခဲ့ရာတွင်လည်း မအောင်မြင်ခဲ့ပေ။ **ရိုက်တာ။**

## အိန္ဒိယတပ်ဖွဲ့များပစ်ခတ်၍ ကျောင်းဆရာတစ်ဦးသေဆုံး လူငါးဦးဒဏ်ရာရဟု ပါကစ္စတန်စစ်ဘက်ပြောကြား

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၀**

အိန္ဒိယတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် ပါကစ္စတန် လူမျိုး ကျောင်းဆရာတစ်ဦး သေဆုံးပြီး ကလေးသုံးဦးနှင့် အမျိုးသမီးနှစ်ဦးတို့ ဒဏ်ရာများရရှိခဲ့ရကြောင်း ပါကစ္စတန်စစ်ဘက်က အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားသည်။

အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံအကြား ကက်ရှ်မီးယားဒေသအား ပိုင်းခြားထားသည့် ထိန်းချုပ်ရေးမျဉ်းကြောင်း (အယ်လ်အိုစီ)တစ်လျှောက်တွင် ယမန်နေ့ညက အိန္ဒိယတပ်ဖွဲ့က အမြောက်ဖြင့်ပစ်ခတ်ခဲ့သည်ဟု ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

အိန္ဒိယက ထိန်းချုပ်သော အယ်လ်အိုစီမျဉ်းအတွင်းပိုင်းရှိ အိန္ဒိယစစ်အခြေစိုက်စခန်းကို စစ်သွေးကြွများဟု သံသယရှိသူများက လွန်ခဲ့သည့်လအတွင်းက တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် အိန္ဒိယနှင့် ပါကစ္စတန်အကြား တင်းမာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

သေဆုံးသွားသည့် ပါကစ္စတန် လူမျိုးကျောင်းဆရာမှာ အသက် ၂၈ နှစ်အရွယ်ရှိကာ ပါလာနီရွာသားဖြစ်ပြီး အိန္ဒိယတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် အာဇာနည်အဖြစ် သေဆုံးခဲ့ရသည်ဟု ပါကစ္စတန်စစ်ဘက်က ထုတ်ပြန်သော ကြေညာချက်တွင်ဖော်ပြသည်။

**ဆင်ဟွာ။**



# (၂၂)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**

(၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရေဆင်းတက္ကသိုလ်များနယ်မြေရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

**အဆိုပြိုင်ပွဲ**

အဆိုပြိုင်ပွဲ၏ မဟာဂီတပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင် အမှတ်(၅)၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)**အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးစိုးသန်းထွန်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးတင်အုန်း၊ မကွေးတိုင်းဒေသကြီးမှ ဦးဝင်းနိုင်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးစောဝင်းတို့က **ခွာပြာသင်း(ပတ်ပျိုး)**ဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မကြည်ကြည်သာ၊ ကရင်ပြည်နယ်မှ မသဲနုအေး၊ ချင်းပြည်နယ်မှ မနန်းမို့မို့အေး၊ မွန်ပြည်နယ်မှ မချစ်သီတာအေး၊ ရခိုင်ပြည်နယ်မှ မမေသူလွင်၊ ရှမ်းပြည်နယ်မှ မသက်နှင်းဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ မစန်းနီလာငြိမ်း၊ မန္တလေးတိုင်းဒေသကြီးမှ မဖြူနှင်းခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မသိမ့်ယဉ်ကေသွယ်၊ ပဲခူးတိုင်းဒေသကြီးမှ မဇာခြည်ဝတ်ရည်ဟန်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ မအိန္ဒြာလီသိမ့်တို့က **မန်းတောင်လက်ယာ(ယိုးဒယား)**ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မောင်ခွန်ဇင်မင်းသူ၊ မွန်ပြည်နယ်မှ မောင်အောင်ကျော်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကျော်ဆုဟိန်း၊ မန္တလေးတိုင်းဒေသကြီးမှ မောင်တင့်ဖြိုးခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ပိုင်သူဟိန်း(ခ)အာကာဟိန်း၊ ပဲခူးတိုင်းဒေသကြီးမှ မောင်စည်သူလွင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ရဲဝင့်ကျော်တို့က **ဆယ်ဆယ်ရောင်(ဒိန်းသံ)** သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းသည့် မြန်မာ့ဂီတရသကို ဖော်ကျူးသီဆိုယှဉ်ပြိုင်ကြသည်။

**ကာလပေါ်တေးပြိုင်ပွဲ**

ကာလပေါ်တေးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင် အမှတ်(၄)၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း)** အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဒေါ်အေးနှင်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်စိုးမြဝင်း၊ မန္တလေးတိုင်းဒေသကြီးမှ ဒေါ်သင်းသင်းခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ကြူကြူခိုင်နှင့် ပဲခူးတိုင်းဒေသကြီးမှ ဒေါ်ဥမ္မာ တို့က **မေလှမြိုင်၏ နွေဦးတေးသံ** သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၅ နှစ်မှ ၂၀နှစ်) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်နေထွန်းအောင်၊ ကရင်ပြည်နယ်မှ မောင်မျိုးဇော်ဦး၊ မွန်ပြည်နယ်မှ မောင်သန်းလင်းအောင်၊ ရခိုင်ပြည်နယ်မှ မောင်ပြည့်စည်သူဖြိုး၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်သန့်ဇင်ထွန်း၊ မန္တလေးတိုင်းဒေသကြီးမှ မောင်အောင်သက်ပိုင်မှူး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ပိုင်သူဟိန်း(ခ) အာကာဟိန်း၊ မကွေးတိုင်းဒေသကြီးမှ မောင်လင်းဖုန်းကျော်၊ ပဲခူးတိုင်းဒေသကြီးမှ မောင်စည်သူလွင်၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်နိုင်လင်းအောင်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ရာဇာတို့က **အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ အောင်ပါစေမေတ္တာပို့** သီချင်းဖြင့်လည်းကောင်း ဥာန်ကရိုဏ်းကျနစွာ သီဆိုယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲ**

အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)** အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မခိုင်လင်းဖြိုး၊ ကယားပြည်နယ်မှ မဝေဖူးသိမ့်၊ ချင်းပြည်နယ်မှ မမေသူအောင်၊ မွန်ပြည်နယ်မှ မဆူးထိပ်ထား၊ ရခိုင်ပြည်နယ်မှ မချစ်မြတ်စုစံ၊ ရှမ်းပြည်နယ်မှ မသန်းသန်းဦး(ခ) မဟန်နီ၊ ရန်ကုန်တိုင်းဒေသကြီးမှ မအေးသန္တာဗိုလ်၊ မန္တလေးတိုင်းဒေသကြီးမှ မသိမ့်သိမ့်ကျော့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မဇာနည်ဝင်း၊ မကွေးတိုင်းဒေသကြီးမှ ဒေါ်ဝင်းစီကျော်၊ ပဲခူးတိုင်းဒေသကြီးမှ မဖြူးဘိုမနှင့် တနင်္သာရီတိုင်းဒေသကြီးမှ မခင်စံပယ်စန်းတို့ကလည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်ဖြိုးမင်းမင်းဦး၊ ကယားပြည်နယ်မှ မောင်ဂျက်ဖရီ၊ ကရင်ပြည်နယ်မှ မောင်စောနေဝင်း၊ ချင်းပြည်နယ်မှ မောင်ဇေဝေယံ၊ မွန်ပြည်နယ်မှ မောင်ငွေဖြိုးအောင်၊ ရှမ်းပြည်နယ်မှ မောင်စည်သူလင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ခန့်ကျော်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဟံသာဖြိုး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်နိုင်းဝေ၊ မကွေးတိုင်းဒေသကြီးမှ မောင်သန့်ဇင်ထွန်း၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ဇေခမင်းထိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ရာဇာထွန်းတို့ကလည်းကောင်း၊ **အခြေခံပညာအဆင့်**(အသက် ၁၀ နှစ်မှ ၁၅ နှစ်)အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မသက်မှူးဝတီ၊ ကယားပြည်နယ်မှ မမေသက်ခိုင်၊ ကရင်ပြည်နယ်မှ မဖြူဖြူဝင်း၊ မွန်ပြည်နယ်မှ မသဇင်ဖြိုး၊ ရခိုင်ပြည်နယ်မှ မလမင်းခင်၊ ရှမ်းပြည်နယ်မှ မစုယွန်းရွှေရည်၊ ရန်ကုန်တိုင်းဒေသကြီးမှ မဇာလီထက်၊ မန္တလေးတိုင်းဒေသကြီးမှ မသီရိဝေ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မထက်ရတီအောင်၊ မကွေးတိုင်းဒေသကြီးမှ မအေးရိပ်မွန်၊ ပဲခူးတိုင်းဒေသကြီးမှ မအိမ့်မှူးခင်၊ ဧရာဝတီတိုင်းဒေသကြီးမှ မထက်ရွှန်းခန့်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ မခိုင်ဇင်ဦးတို့က ဆန်းပြားခမ်းနားသည့် ကကွက်များဖြင့် ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**

အရေးပြိုင်ပွဲ၏ သီချင်းသံစဉ်ကိုက်ညီလေ့ကျင့်ခြင်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ (၁)၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)**ပြိုင်ပွဲတွင် ကယားပြည်နယ်မှ ဦးသိန်းအောင်၊ ချင်းပြည်နယ်မှ ဦးတင်ဝင်းစိုး၊ မွန်ပြည်နယ်မှ ဦးစိုးသက်၊ ရခိုင်ပြည်နယ်မှ ဒေါ်စန်းစန်းမြင့်၊ ရှမ်းပြည်နယ်မှ ဦးဟန်မျိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်သန်းသန်းနိုင်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးစိုးသူရ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ခင်ချစ်စုမာ၊ မကွေးတိုင်းဒေသကြီးမှ ဦးခင်ညွန့်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးကျော်ခင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးကျော်ကျော်တို့ကလည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** ပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်လှိုင်ဝင်းထွန်း၊ ရှမ်းပြည်နယ်မှ မောင်ဖြိုးပြည့်၊ ရန်ကုန်တိုင်းဒေသကြီးမှ မလွင်လွင်ဘုန်း၊ မန္တလေးတိုင်းဒေသကြီးမှ မောင်စိုးမိုးသူနှင့် မကွေးတိုင်းဒေသကြီးမှ မောင်အောင်သူရတို့က လည်းကောင်း သံစဉ်ထည့်သွင်းဖော်ကျူးကြသည်။

**အတီးပြိုင်ပွဲ**

အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို သစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မဝင်းလဲ့လဲ့ထွန်းနှင့်အဖွဲ့ (ခ)စတားဝင်းလဲ့၊ မန္တလေးတိုင်းဒေသကြီးမှ ဒေါ်ယွန်းဝတီဗိုလ် အဖွဲ့တို့ကလည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း)** အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဝမ်းကေဇင်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ ပြည်တော်ချစ်သမီး လှလှခိုင်နှင့်အဖွဲ့တို့ကလည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မသဇင်ထွေးနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မဖြူနှင်းခိုင်နှင့်အဖွဲ့တို့ကလည်းကောင်း သွက်လက်မြူးဆိုင်သည့် ဆိုင်းလက်သံများဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ကြသည်။

**ပတ္တလားပြိုင်ပွဲ**

ပတ္တလားပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)**အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပေါက်ကျော်မနှင့် ပဲခူးတိုင်းဒေသကြီးမှ မခိုင်သန္တာစိုး(ခ) ခိုင်ဇင်မိုးတို့က **ဖူးပြာမူရာ(ပတ်ပျိုး)**ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀ နှစ်မှ ၁၅ နှစ်)အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်မြင့်မြတ်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ထက်ဇင်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ညီညီစန်းလွင်၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ရာဇာ(ခ) မှူးခန့်သော်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ဆန်းမင်းအောင်တို့က **မင်းလွင်မင်းလွင် မှိုင်းအုံ့(ကြိုး)**ဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်ဝင်းကိုကိုဦး၊ ရှမ်းပြည်နယ်မှ မောင်အေးမောင်မောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝဏ္ဏ၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဝင်းယံလင်း၊ မကွေးတိုင်းဒေသကြီးမှ မောင်ဝေယံမိုး၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ကျော်ထက်ဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ထက်အာကာတို့က **မှန်ရဝေ(ပတ်ပျိုး)**ဖြင့်လည်းကောင်း ငြိမ့်ညောင်းသံသာ လက်သံသာများဖြင့် ယှဉ်ပြိုင်ကြသည်။

**တယောပြိုင်ပွဲ**

တယောပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)** အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးတင်ရှိန်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဇွန်မင်းနွယ်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးအေးမော်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးအောင်ဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးဟိန်းကိုကိုတို့က**ဂုဏ်တော်ဖွင့် (ကာလပေါ်)**ဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)**အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မအေးလင်းသူ၊ ရန်ကုန်တိုင်းဒေသကြီးမှ မခင်မြန်မာနိုင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်ဥမ္မာတို့က **ညဥ့်သုံးယံ(ပတ်ပျိုး)**ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်ကျော်မင်းသန့်၊ မွန်ပြည်နယ်မှ မောင်မင်းမြတ်စွမ်းပြည့်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်လင်းအောင်မြတ်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ကောင်းချစ်ပိုင်စိုးတို့က **လွမ်းပိုအောင်ညိုမင်းလွင်(ယိုးဒယား)**ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မအိမ့်သူသူမွန်၊ ရန်ကုန်တိုင်းဒေသကြီးမှ မချမ်းမြေ့သာ(ခ)မချမ်းမြေ့သီဟ၊ မန္တလေးတိုင်းဒေသကြီးမှ မပြည့်စုံးမြတ်ခင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မခင်ရတနာစိုးတို့က **မေတ္တာဖျန်းမှလန်းဆန်းမယ်(ကာလပေါ်)**ဖြင့်လည်းကောင်း တယောလက်သံသာဖြင့် ယှဉ်ပြိုင်ကြသည်။

**မယ်ဒလင်ပြိုင်ပွဲ**

မယ်ဒလင်ပြိုင်ပွဲကို သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)** အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးစန်းထွေး၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးမောင်မောင်လေး၊ မကွေးတိုင်းဒေသကြီးမှ ဦးတင်မောင်ငွေးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးလုံးလေးတို့က **စိန်ခြယ်ဖြာရောင်လင်း(ကြိုး)**ဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း)** အမျိုးသမီးပြိုင်ပွဲတွင်

**စာမျက်နှာ ၉ ကော်လံ ၅ သို့**



အခြေခံပညာ(၁၀-၁၅)(မ)
ရှမ်းပြည်နယ်မှ
မစုယွန်းရွှေရည်



အခြေခံပညာ(၁၀-၁၅)(မ)
ဧရာဝတီတိုင်းဒေသကြီးမှ
မခင်ရတနာစိုး



အခြေခံပညာ(၁၀-၁၅)(မ)
ရန်ကုန်တိုင်းဒေသကြီးမှ
မယွန်းနဒီပိုင်(ခ) ရွှေရုပ်လေး



မဟာဂီတအဆင့်မြင့်ပညာ(မ)
ပဲခူးတိုင်းဒေသကြီးမှ
မဇာခြည်ဝတ်ရည်ဟန်




ပတ္တလားဝါသနာရှင်(ပထမတန်း)(မ)
ပဲခူးတိုင်းဒေသကြီးမှ
မခိုင်သန္တာစိုး (ခ) ခိုင်ဇင်မိုး



ကာလပေါ်အဆင့်မြင့်ပညာ(မ)
ကရင်ပြည်နယ်မှ
မသဲနုအေး

# စာဖတ်လို့ပျော်ကြတယ်

ချစ်နိုင်(စိတ်ပညာ)

"What a man can be, he must be. This need we call self-actualization."

Abraham Maslow

**"လူတစ်ယောက်ဟာ ဘယ်လောက်စွမ်းဆောင်နိုင်သလဲ၊ သူစွမ်းသလောက် တကယ်ဖြစ်မြောက်ရပါမယ်။ အဲဒီလိုအင်ကို ကျွန်တော်တို့က မိမိကိုယ်ကို ထမြောက်နိုင်စွမ်းရှိမှုလို့ခေါ်ပါတယ်"**

**အေဘရာဟမ်မတ်စ်လို(၁၉၀၈-၁၉၇၀)**
**(အမေရိကန်စိတ်ပညာ ပါမောက္ခ)**

**ကိုယ်တွေ့**

ကျွန်တော်တို့ဟာ ဘဝတစ်လျှောက်ရဲ့ အချိန်တော်တော်များများ ပျော်ကြတယ်။ ဘာလို့ပျော်ကြရတာလဲ။

တိုတိုပြောရရင် စာဖတ်လို့ ပျော်ကြတယ်။ စာဖတ်တော့ မမြင်ဖူးတာ မြင်ရတယ်။ မကြားဖူးခဲ့တာ ကြားရတယ်။ မသိသေးတာ စာဖတ်လို့သိလာရတယ်။ ဗဟုသုတတိုးတော့ ဘဝမှာအကျိုးရှိတာသိသာပါတယ်။ ပျော်ရွှင်ရတယ်။ သုတစာပေလိုပဲ နှလုံးသားကို နူးညံ့သိမ်မွေ့အောင် ရသစာပေကလည်း အကျိုးပြုပါတယ်။ ကဗျာ၊ စာညွန့်၊ စာတမ်း၊ ဝတ္ထုတို၊ ဝတ္ထုရှည် စတဲ့ ရသစာပေအားလုံးဟာ ဖတ်ရင်းဖတ်ရင်း နှစ်သက်ပျော်ရွှင်မှုကို ပေးပါတယ်။ လွမ်းရင်လည်း လွမ်းလို့ကြည်နူးတယ်။ ဝမ်းနည်းလို့ ငိုရရင်လည်း မျက်ရည်ကျရင်း ကျေနပ်တာပဲ။ ချစ်စရာ၊ ရယ်ရွှင်စရာ၊ သနားစရာ၊ ငြိမ်းချမ်းတည်ငြိမ်စရာ၊ ကြောက်ရွံ့စရာ၊ ထိတ်လန့်စရာ၊ စက်ဆုပ်စရာ၊ အံ့ဩစရာ၊ ရဲဝံ့အားတက်စရာဆိုတဲ့ ရသကိုးမျိုးဟာ ဖတ်ပြီးရင်းဖတ်ချင်ရင်းပဲ ဆွဲဆောင်ပါတယ်။ စွဲလမ်းစရာကောင်းအောင် ရသစာပေအမျိုးမျိုးက လူကိုဖမ်းစားနိုင်ပါတယ်။ စိတ်နှလုံးကို ရွှင်လန်းစေတယ်။

စာဖတ်လို့ပျော်ကြရတယ်။

ပျော်ချင်သလား၊ စာဖတ်ပါ။

**တော်ချင်ရင်**

စာဖတ်တဲ့ လူတွေဟာ သိသိသာသာတော်ကြတယ်။ တော်ချင်သလား။ တော်ချင်ရင် စာဖတ်ပါ။

စာဖတ်ရင် ဘယ်သူမဆို ပိုတော်လာမှာပါ။ တော်တဲ့ပုဂ္ဂိုလ်တွေ မှန်သမျှဟာ သာမန်လူထက် ဗဟုသုတအမြင်ကျယ်ကြတယ်။ နှလုံးသားခံစားမှုရင့်သန်တယ်။ အမှန်တရားကို မြတ်နိုးကြတယ်။

ဗီယက်နမ်လွတ်လပ်ရေးခေါင်းဆောင်ကြီး ဟိုချီမင်း၊ တရုတ်ပြည်လွတ်လပ်ရေးခေါင်းဆောင်ကြီး မော်စီတုန်း၊ ဆိုဗီယက် ရုရှားကွန်မြူနစ်တော်လှန်ရေးခေါင်းဆောင်ကြီး ဗလာဒီမာအီလီယာရစ်ချ်လီနင်၊ ကျူးဘားတော်လှန်ရေးခေါင်းဆောင်ကြီး ဖီဒယ်လ်ကတ်စထရို (သက်ရှိထင်ရှားအသက် ၉၀ ကျော်ရှိနေပါသေး။)၊ မြန်မာနိုင်ငံအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း(၁၉၁၅-၁၉၄၇) အစရှိတဲ့ တိုင်းကျိုးပြည်ပြုနိုင်ငံရေးခေါင်းဆောင်ကြီးများဟာ ငယ်ရွယ်စဉ်ကစလို့ စာအုပ်စာပေကို အမြတ်တနိုးဖတ်ကြတယ်။ တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်းဟာသူနေတဲ့ ပဲခူးဆောင်မှာ ညဆယ်နာရီထိုးလို့ လျှပ်စစ်မီးပိတ်ပေမယ့် သူ့ရဲ့သံသေတ္တာပေါ်မှာ ဖယောင်းတိုင်ထွန်းပြီး ညစဉ်လိုလို ညဉ့်နက်သန်းခေါင်အထိ စာကြည့်တယ်။ သူ့အခန်းထဲမှာ စာအုပ်ပုံနဲ့ပြည့်နေတာပဲ။ အထက်တန်းကျောင်းသားဘဝကတည်းက စာလည်းတော်တယ်။ ပြင်ပစာအုပ်မျိုးစုံကို ကျယ်ကျယ်ပြန့်ပြန့်ဖတ်တယ်။ ၇တန်းမှာ တစ်နိုင်ငံလုံးအဆင့် (၁၀) ထဲပါဝင်ပြီး အောင်ခဲ့တယ်။ ၁၀တန်း စာမေးပွဲမှာ မြန်မာစာနဲ့ ပါဠိဘာသာ၊ ဂုဏ်ထူး နှစ်ဘာသာနဲ့အောင်ခဲ့တယ်။ မြန်မာစာကိုလည်း အထူးစိတ်ဝင်စားတယ်။ နိုင်ငံနဲ့ လူမျိုးအတွက် နိုင်ငံရေးလုပ်ခဲ့ရပေမယ့် တကယ်တမ်း သူ့ရဲ့ဝါသနာကတော့ စာရေးဆရာလုပ်ချင်တာ။ ရသစာပေ၊ သုတစာပေ၊ စာပေမှာ မွေ့လျော်တာ။ ဗိုလ်ချုပ်ရေးခဲ့တဲ့စာ၊ မိန့်ကြားခဲ့တဲ့ မိန့်ခွန်းများ၊ စေ့စပ်တိကျပြီး နောင်အရှည်ကောင်းမွန်တည်တံ့နိုင်တာဟာ သူက စာအင်မတန်ဖတ်ခဲ့တဲ့ ပုဂ္ဂိုလ်မို့ပါ။ တော်ချင်ရင်စာဖတ်ပါ။ မလွဲမသွေတော်လာမှာပဲ။

ဟောလိဝုဒ်ရုပ်ရှင်လောကမှာ သရုပ်ဆောင်အတတ်ပညာထူးချွန်ပြောင်မြောက်တယ်လို့ အခြားသောဒါရိုက်တာများ၊ မင်းသား၊ မင်းသမီးများ၊ သရုပ်ဆောင်များက အံ့ဩလေးစားပြီး အတုယူရတဲ့ကမ္ဘာကျော်မင်းသားတစ်ယောက်နဲ့ မင်းသမီးတစ်ယောက်ရှိတယ်။

**အနုပညာမှာ**

ဒပ်စတင်ဟော့ဖ်မင်းရယ်၊ မာရယ်လ်စတိ(ဖ်)ရယ်။ နှစ်ပေါင်းနှစ်ဆယ်၊ သုံးဆယ်ရှိပေမယ့် သူတို့ရဲ့ အနုပညာက မကျဆင်းသွားဘူး။ နုပျိုထက်မြက် နေဆဲပါပဲ။ ဘာကြောင့်လဲဆိုရင် အနုပညာပါရမီရှိတယ်။ ဝမ်းစာပြည့်တယ်။ အဲဒါဘာကြောင့်လဲ။ ဒပ်စတင်ဟော့ဖ်မင်းရော၊ မာရယ်လ်စတိ(ဖ်)ပါ စာသိပ်ဖတ်တယ်။ ရိုက်ကွင်းမလာခင်လည်း စာဖတ်တယ်။ ရိုက်ကွင်းနားရင်လည်း စာဖတ်တယ်။ ဇာတ်ညွှန်းကိုလည်း သေသေချာချာဖတ်တယ်။ အခြားဝတ္ထုတွေလည်း အမြဲမပြတ်ဖတ်တယ်။ စာဖတ်အားကောင်းတော့ အသိအမြင်နဲ့ ခံစားမှုအားထူးထူးခြားခြားကောင်းကြတယ်။ အားလုံးက သိကြပါတယ်။

**စာဖတ်သူတွေဟာ တော်ကြတယ်။ ကျော်ကြတယ်။ ကျော်ချင်ပါသလား။ အခြားနည်းလမ်းတွေလည်း အသုံးပြုပါလေ။ သေချာပေါက်ကျော်ကြားစေမယ့် အရာကတော့ စာဖတ်ခြင်း၊ စွဲစွဲမြဲမြဲစာဖတ်ခြင်းပါပဲ။**

စာဖတ်တဲ့သူနဲ့ စာမဖတ်တဲ့သူ ကွာတယ်။ အနှစ်ရှိတဲ့လူနဲ့ အကာသက်သက် ကိုယ်ပိုင်အတွေးအမြင်ခံယူချက်မရှိတဲ့ လူကွာခြားတယ်။ တော်ချင်သလား၊ အခြားနည်းတွေလည်းစမ်းချင်စမ်းပါ။ သေချာတဲ့ အရာတစ်ခုတော့ တင်ပြပါရစေ။ တော်ချင်ရင်စာဖတ်ပါ။ အရပ်ပုချင်ပုပါစေ၊ စာအုပ်တွေခုလိုက်ရင် မြင့်တာပဲ။ သူများတကာထက် ဝေးဝေးမြင်ရတော့ ရွေးချယ်ခွင့်ပိုရတာပေါ့။ အခွင့်အလမ်းတွေပိုသိတာပေါ့။

မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို ချတတ်တာပေါ့။ တော်တာပေါ့။ လူသားရဲ့ အမြင့်ဆုံးလိုအင်တစ်ရပ် (Self-Actualization) ကိုရယူနိုင်လိမ့်မယ်။

**ကျော်ချင်ရင်**

ကျော်ကြားချင်သလား။ ကျော်သူများဟာ စာဖတ်တယ်။ ကျော်ချင်ရင် စာဖတ်ပါ။ အလင်္ကာကျော်စွာရွှေမန်းတင်မောင်ဆိုတာ မြန်မာ့ဇာတ်သဘင်လောကမှာ ထူးခြားထူးချွန်တဲ့ ဇာတ်ဆရာ၊ ဇာတ်မင်းသားပါပဲ။

တိုင်းပြည်တစ်ဝန်းလှည့်လည်ပြီး နှစ်ပေါင်းလေးဆယ်၊ ငါးဆယ်ကပြဖျော်ဖြေခဲ့သူဖြစ်တယ်။ အသက်ဆယ်နှစ်အရွယ်ကစတင်ပြီး မြခြေကျင်းမင္ဂေမြိုင်နဲ့ တွဲဖက်ကာ ဇာတ်မင်းသားအဖြစ် အောင်မြင်ကျော်ကြားတယ်။ မင်းသမီးအောင်သန်းတင်၊ မြို့ချစ်စိန်၊ စိန်လှကြည် စသည်တို့ဖြင့် အသက်ငါးဆယ်ကျော်အထိ ကပြသည်ပေါ့။ ပြဇာတ်ကလည်းကတာပဲ။ အော်ပရာတွေဆို စွဲလောက်အောင်ကျော်တာပေါ့။ ဗုဒ္ဓဝင်ဇာတ်ထုပ်တွေကို ဇာတ်ရုပ်နေရာမရွေးပါဝင်ကပြခြင်းကလည်း တစ်မူထူးခြားတယ်။

မေတ္တာသစ္စာရွှေမန်းသဘင်တဲ့။ ဇာတ်ဆရာရွှေမန်းတင်မောင်က ဇာတ်ရုံနဖူးစည်းမှာတင်တယ်။ မေတ္တာတရားနဲ့ သစ္စာတရားကို တမြတ်တနိုးတန်ဖိုးထားတယ်။ ဦးတင်မောင်က စာသိပ်ဖတ်တယ်။ စာစုံဖတ်တယ်။ ဇာတ်စာ၊ ဇာတ်စကားကို စိတ်ပါလက်ပါကျက်မှတ်တယ်။ ဝီရိယမင်းသား။

**မေတ္တာနဲ့ သစ္စာ**

ရုပ်လည်းစိန်အောင်မင်းလောက်မချောပါ။ အသံလည်း မင်္ဂလာဦးအောင်မောင်းလောက် မကောင်းပါဘူး။ သူ့အသံက စူးတယ်၊ စွာတယ်။ အကလည်း ရွှေဒေါင်းညိုလောက် မတော်ပါ။ သို့သော် အပြောမှာတော့ သူပထမ။

"အပြောမှာတော့ ရွှေမန်းပဲ"ဟု ပွဲကြည့်ပရိသတ်အားလုံးက တစ်ခဲနက်ပြောစမှတ်ပြုရရဲ့။ အပြောကောင်းပုံ နမူနာကား လက်ဝဲသုန္ဒရဇာတ်ကို ကြည့်လျှင် သိနိုင်ပါရဲ့။ အခြားဇာတ်ထုပ်များလည်း ရွှေမန်းရဲ့ ဆိုင်ငိုပြောအားလုံးက ကောင်းကြတာပါပဲ။ မရိုးနိုင်အောင်နားထောင်လို့ကောင်း။

စာများများဖတ်ထားတော့ သူ့မှာ ဝမ်းစာပြည့်တယ်မဟုတ်လား။ စကား ကြွယ်ဝတယ်။ ရုပ်ချောသူ၊ အသံကောင်းသူ၊ အကကောင်းသူတို့ထက် အပြောကောင်းသူကို လူတွေက ပိုပြီးစွဲတယ်။

ရုပ်ချောတာချစ်စရာပါပဲ။ သို့ပေမယ့် အပြောကောင်းသူကို ပိုချစ်ကြပါတယ်။ အသံကောင်းသူဟာ နှစ်သက်စရာပါပဲ။ အပြောကောင်းသူကို ပိုကြိုက်ကြတယ်။ အကကောင်းတာ သဘောကျပါရဲ့။ အပြောကောင်းသူကို ပိုစွဲမိပါတယ်။

**စာဖတ်မှ**

စာများများဖတ်သူမှာမှ ဗဟုသုတကြွယ်ဝပြည့်စုံတော့ လူအများနားဝင်အောင်၊ နားထောင်ချင်အောင်၊ နှစ်သက်လက်ခံအောင် ပြောတတ်၊ ဆိုတတ်ပါတယ်။ လွယ်လွယ်နဲ့ မရဘူး၊ စာဖတ်မှနော်။

အချိန်ပေးပြီး စာများများဖတ်ရတယ်။ ကျော်ကြားသူများအားလုံးဟာ စာဖတ်တယ်။ စာများများဖတ်ရင် ထင်ပေါ်လာမှာပဲ။ ထင်ပေါ်ရင် စင်တော်က ကောက်မှာပါ။ စာများများဖတ်မိရင် စာဖတ်ခြင်းရဲ့ အကျိုးတရား၊ ကောင်းကျိုးများကို ပိုပိုသိသိလာတော့ အချိန်အလကားမထားဘဲ တွေ့သမျှစာကို ဖတ်တော့တာပဲ။ များများသိလာလေ ပိုသိချင်စိတ်ပေါ်လာလေပဲပေါ့။ စာပေဟာ မွေ့လျော်စရာပါ။

အနုပညာသမားတွေထဲမှာ စာများများဖတ်တဲ့သူက လူ့သဘော၊ လူ့သဘာဝကိုပိုပြီး အတွင်းကျကျသဘောပေါက်ပါတယ်။ သဏ္ဍာန်လုပ် သရုပ်ဆောင်ရတဲ့ ဇာတ်သဘင်၊ ရုပ်ရှင်၊ ဗီဒီယို စတဲ့ အနုပညာလုပ်ငန်းတွေမှာ စာများများဖတ်တဲ့ အနုပညာရှင်က ပိုပြီးထက်မြက်တယ်။ ပိုပြီးတော်ကြတယ်။ အရည်အသွေး၊ သိသိသာသာမြင့်ကြပါတယ်။ ဘယ်သူဘယ်ဝါ အမည်တွေထုတ်ဖော်မပြောတော့ပါ။ စာပေက စွမ်းအားကြီးမားတယ်။

**စာကြည့်တိုက်**

ဇာတ်မင်းသားချင်းအတူတူ ရွှေမန်းတင်မောင်ဟာ သူ့ခေတ်သူ့အခါက ထိပ်တန်းနေရာမှာ အကြာကြီးရပ်တည်နိုင်ခဲ့ပါတယ်။ တော်မှာပေါ့၊ ကျော်မှာပေါ့။ သူသွားလေရာရာမှာ စာကြည့်တိုက်စာအုပ်သေတ္တာပါလာတယ်။ စာမပြတ်ဖတ်တယ်။ ပီမိုးနင်း၊ မဟာဆွေ၊ ရွှေဥဒေါင်းစတဲ့ စာရေးဆရာတွေ ရေးတဲ့ စာအုပ်တွေအစုံပဲ။

ဆရာကြီး ပီမိုးနင်းရေးတဲ့ တက်ကျမ်းတွေဆိုရင် နေ့စဉ်လိုလိုဖတ်တာပဲလို့ သူ့ရဲ့သား ရုပ်ရှင်မင်းသားညွန့်ဝင်းကပြောဖူးတယ်။ သားတွေ၊ မြေးတွေကိုလည်း အနုပညာနယ်မှာ ထွန်းပေါက်အောင်မြေတောင်မြှောက်နိုင်သူဖြစ်တယ်။

စာဖတ်သူတွေဟာ တော်ကြတယ်။ ကျော်ကြတယ်။ ကျော်ချင်ပါသလား။

အခြားနည်းလမ်းတွေလည်း အသုံးပြုပါလေ။ သေချာပေါက်ကျော်ကြားစေမယ့် အရာကတော့ စာဖတ်ခြင်း၊ စွဲစွဲမြဲမြဲစာဖတ်ခြင်းပါပဲ။

**မိတ်ဆွေကောင်း**

စာအုပ်စာပေဆိုတာ မိတ်ဆွေကောင်းပါ။ မိတ်ဆွေကောင်းနဲ့ ပေါင်းဖော်ပါမှ ကောင်းကျိုးရမှာပေါ့။ ဟုတ်ပြီလား။ အခါတစ်ပါး၌ ညီတော်အာနန္ဒာက မြတ်စွာဘုရားကို ကြည်ညိုကျေးဇူးတင်လို့ လျှောက်တင်တယ်။ "အရှင်ဘုရား၊ လမ်းမှန်ညွှန်ပြ ဆုံးမတတ်တဲ့ မိတ်ကောင်းဆွေကောင်းကို ရရှိတာဟာ အောင်မြင်ခြင်းရဲ့ ခရီးတစ်ဝက်ရောက်တာနဲ့ အတူတူပါပဲလို့ ထင်ပါတယ်ဘုရား။ ဟုတ်ပါသလား" မြတ်စွာဘုရားက ငြင်းပယ်တော်မူပြီး "အာနန္ဒာမဟုတ်သေး။ မိတ်ကောင်းဆွေကောင်းကို ရရှိခြင်းဟာ အောင်မြင်ခြင်းရဲ့ ခရီးအဆုံးတစ်ခုလုံး (၁၀၀ ရာခိုင်နှုန်း) အောင်မြင်ပြီးစီးထမြောက်ခြင်းပဲ ဖြစ်တယ်"လို့ ဖြေခဲ့ဖူးပါတယ်။ ရှင်းပါပြီ။ စာကောင်းပေကောင်းတွေ ဖတ်နေပြီဆိုရင်တော့ အောင်မြင်တိုးတက်မှုနဲ့အတူ ပျော်လည်းပျော်၊ တော်လည်းတော်၊ ကျော်လည်းကျော်ကြမှာ အထူးပြောစရာမလိုတော့ပါ။ ။

## စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ စက်မှုမြို့ပြရေညစ်ညမ်းမှု သတင်းစာရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၀**

စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဆောင်ရွက်လျက်ရှိသော ပတ်ဝန်းကျင်ရေးရာ စောင့်ကြည့်လေ့လာရေးအစီအစဉ်အရ လစဉ်လေ့လာခဲ့သော စက်မှုမြို့ပြရေညစ်ညမ်းမှုတွေ့ရှိချက်များကို သတင်းမီဒီယာများမှတစ်ဆင့် အများပြည်သူများသို့ တင်ပြနိုင်ရေးအတွက် ယနေ့နံနက် ၁၀နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် ဒိုင်းမွန်းကွန်ဒို တိုက် E အခန်း အမှတ် ၂၀၈ ဒုတိယလွှာ၌ ကျင်းပသည်။

အခမ်းအနားသို့ စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဒေါက်တာဝေလင်းအောင်၊ ဒေါက်တာကျော်ငြိမ်းအေး၊ ဒေါက်တာနီတာနွယ်နှင့် တာဝန်ရှိသူများ၊ သတင်းမီဒီယာသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး နံနက် ၁၀ နာရီတွင် ဒေါက်တာဝေလင်းအောင်က ပတ်ဝန်းကျင်ရေးရာ ဓာတ်ခွဲခန်းအကြောင်း မိတ်ဆက်ရှင်းလင်းသည်။ ထို့နောက် ဒေါက်တာကျော်ငြိမ်းအေးက စက်မှုမြို့ပြရေညစ်ညမ်းမှုဆိုင်ရာ စမ်းသပ်လေ့လာတွေ့ရှိချက်များနှင့်ပတ်သက်ပြီး တင်ပြရာတွင် စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ လှိုင်သာယာမြို့နယ် စက်မှုဇုန်ရှိ စက်ရုံအချို့၏ ပတ်ဝန်းကျင်ရှိ မြောင်းရေ၊ တွင်းရေနှင့် အနီးအနားရှိမြစ်ရေတို့တွင် ဇီဝနှင့် ဓာတုဗေဒဆိုင်ရာ အောက်ဆီဂျင်လိုအပ်ချက် (BOD & COD) ကလိုရိုက်နောက်ကျိမှု၊ ရေစေးမှု၊ ခဲဓာတ်နှင့် သံဓာတ်ပါဝင်မှုများမှာ စံနှုန်းများထက်မြင့်မားနေကြောင်း၊ ၂၀၁၆ ခုနှစ်တွင် စက်မှုဇုန်အနီးရှိ တွင်းရေအနက် ပေ ၆၀ ဝန်းကျင်တွင် သံဓာတ်နှင့် ခဲဓာတ်များ ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ ပန်းလှိုင်မြစ်နှင့် လှိုင်မြစ်တို့တွင်လည်း ဆားဓာတ်၊ သတ္တု အဆိပ်ဓာတ်၊ အနည်အနှစ်နှင့် ဇီဝအောက်ဆီဂျင် လိုအပ်ချက်တို့များပြားနေသည်ကိုတွေ့ရကြောင်း၊ ရွှေပြည်သာစက်မှုဇုန်ရှိ ရေမြောင်းများကို ၂၀၁၅ ခုနှစ်မှစတင်၍ လေ့လာစောင့်ကြည့်ခဲ့ရာ ၂၀၁၆ ခုနှစ် အစပိုင်းမှ အလယ်အထိ BOD 8000 ppm နှင့် COD 1500 ppm၊ ဆားဓာတ် 800 ppm ခန့်၊ သံဓာတ်နှင့်ခဲဓာတ်များပြားနေကြောင်း တင်ပြဆွေးနွေးပါသည်။

ဆက်လက်၍ သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ဒေါက်တာဝေလင်းအောင်၊ ဒေါက်တာကျော်ငြိမ်းအေးနှင့် အသင်းအတွင်းရေးမှူး ဒေါက်တာနီတာနွယ်တို့က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ကိုတင်မောင်ဦး (အလုံ)**

## ပြည်တွင်းရေးရာ

**○ ရှေ့ဖုံးမှ**

အစည်းအဝေးအပြီးတွင် ခေါင်းဆောင်များ သီးသန့်အစည်းအဝေး၏ ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

ယင်းနေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် BRICS and BIMSTEC Leaders Outreach Summit အစည်းအဝေးသို့ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိက နိုင်ငံများပါဝင်သည့် BRICS အဖွဲ့ဝင်နိုင်ငံများနှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် BIMSTEC နှင့် BRICS အဖွဲ့ကြီးနှစ်ခုအကြား ဘုံအကျိုးစီးပွားရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်ရေးနှင့် ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များဖြစ်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ရာသီဥတုပြောင်းလဲမှု တုံ့ပြန်ဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးရောင်းဝယ်မှုတိုက်ဖျက်ရေးတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က BRICS နှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံအကြီးအကဲများအား တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဆွေးနွေးသဘောတူညီခဲ့သည်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ အဆင့်အသီးသီးတွင် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ စတင်ရေးနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ၌ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အိန္ဒိယနိုင်ငံ တရားဝင်ခရီးစတင်ရန် အောက်တိုဘာ ၁၇ ရက် နံနက်တွင် ဂိုအာမြို့မှ နယူးဒေလီမြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာလာခဲ့ပြီး အိန္ဒိယသမ္မတအိမ်တော် Rashtrapati Bhavan Guest house တွင် ညအိပ်ရပ်နားခဲ့သည်။

အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် နာရန်ဒရာမိုဒီမှ Forecourt Rashtrapati Bhavan ၌ ကျင်းပသည့် တရားဝင်ကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီးနောက် မဟတ္တမဂန္ဒီ၏ အထိမ်းအမှတ်ဂူဗိမာန်သို့ သွားရောက်၍ ပန်းခွေချဂါရဝပြုခဲ့ပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆူရှမာ ဆွာရာ့ရ်အား နိုင်ငံတော်ဧည့်ဂေဟာတွင် လက်ခံတွေ့ဆုံခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်းတည့် ၁၂ နာရီတွင် အိန္ဒိယသမ္မတအိမ်တော်၌ အိန္ဒိယသမ္မတ ပရာနာ့ဗ်မူခါဂျီးအား တွေ့ဆုံခဲ့သည်။ ထိုကဲ့သို့ တွေ့ဆုံရာတွင် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ဒီမိုကရေစီနိုင်ငံထူထောင်ခဲ့သည့် အတွေ့အကြုံများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံထူထောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စများအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အိန္ဒိယသမ္မတက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နယူးဒေလီမြို့ရှိ မြန်မာသံရုံး၌ အိန္ဒိယနိုင်ငံအခြေစိုက် ပြည်တွင်းပြည်ပသတင်းဌာနများဖြစ်သည့် Times Now၊ Hindustan-timeနှင့် Washington Post သတင်းမီဒီယာများ၏ တွေ့ဆုံမေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။ ဆက်လက်၍ မြန်မာသံရုံးနှင့် စစ်သံရုံး ကြည်း၊ ရေ၊ လေတို့မှ ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်စကားပြောကြားခဲ့ပြီး မြန်မာသံရုံးမှ တည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

အောက်တိုဘာ ၁၉ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Confederation of India Commerce and Industry မှ အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံတွင် ကုန်သွယ်စီးပွားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Hydrabad House ၌ အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီအား သွားရောက်တွေ့ဆုံခဲ့ပြီးနောက် ဝန်ကြီးချုပ်က တည်ခင်းသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ထိုကဲ့သို့ ဆွေးနွေးရာတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရာ၌ ကူညီပံ့ပိုးမှုများပေးရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်နှိမ်နင်းရေးတွင် ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံအကြား မပြီးပြတ်သေးသည့် နယ်နိမိတ်ကိစ္စရပ်များအား နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် တတ်နိုင်သမျှ ဆောလျင်စွာ ညှိနှိုင်းဖြေရှင်းသွားရေး၊ LED လျှပ်စစ်မီးများ အသုံးပြုမည့် ရှေ့ပြေးစီမံကိန်းတစ်ရပ် အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံတွင် သံတမန်ဆိုင်ရာ သင်တန်းကျောင်းတစ်ရပ်ပေါ်ထွန်းရေး၊ သံတမန်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာသင်တန်းများပေးအပ်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အိန္ဒိယနိုင်ငံမှ ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများအား အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းအတွက် ပညာရပ်ပိုင်းဆိုင်ရာနှင့် ကျွမ်းကျင်ပညာရှင်များ ပြုစုပျိုးထောင်ရေးအစီအစဉ်နှင့်ပတ်သက်သည့် မြန်မာနိုင်ငံငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် အိန္ဒိယအာမခံဌာနတို့အကြား နားလည်မှုစာချွန်လွှာ၊ လျှပ်စစ်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်သည့် မြန်မာနိုင်ငံလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ လျှပ်စစ်ဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာနှင့် မြန်မာနိုင်ငံဗဟိုဘဏ်နှင့် အိန္ဒိယနိုင်ငံ Reserve Bank of India တို့အကြား နားလည်မှုစာချွန်လွှာတို့ကို လဲလှယ်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့၏ ပူးတွဲသတင်းစာရှင်းလင်းပွဲကို ကျင်းပခဲ့ပြီး ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ဆွေးနွေးသဘောတူညီချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အောက်တိုဘာ ၁၉ ရက် ညနေ ၃ နာရီ မိနစ် ၂၀ တွင် နယူးဒေလီမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ ညပိုင်းတွင် ပြန်လည်ဆိုက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

**❒ ပြည်သူလူထုမှ**

အားပေးစကားပြောကြားကြသည်။

ထို့နောက် မောင်တောမြို့ သာသနာ့ဗိမာန်တော်ကြီးတွင် နေရပ်မှ ခေတ္တစွန့်ခွာလာသူများ၊ ကူညီစောင့်ရှောက်ပေးနေသည့် လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ဒေသနှင့် ဆက်စပ်နယ်မြေများအား နယ်မြေဒေသလုံခြုံရေး၊ အေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးကိုအပြည့်အဝ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်တောင်းဆိုချက်များအတိုင်း အစီအမံများချပြီး လုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်ရှိပြီး ရဲစခန်းများအပြင် စခန်းသစ်များကို တိုးချဲ့ပြီး ရဲတပ်ဖွဲ့ဝင်အင်အားနှင့် လက်နက်များကို တိုးမြှင့်တပ်ဆင်ပေးထားပြီးဖြစ်ကြောင်း၊ တပ်မတော်ကလည်း နယ်မြေစိုးမိုးရေးအတွက် လှည့်ကင်းများဆောင်ရွက်လျက်ရှိကြောင်း။

ဒေသခံများအနေဖြင့် စိုးရိမ်စရာမလိုတော့ဘဲ တည်ငြိမ်အေးချမ်းနေပြီဖြစ်သည့်အတွက် မိမိတို့နေရပ်ပြန်မည်ဆိုပါက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုကာလအတွင်း မိမိတို့နေရပ် ပြန်လည်နေထိုင်စဉ် စားရေးသောက်ရေးအခက်အခဲရှိပါကလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စားနပ်ရိက္ခာများကို ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးကလည်း လိုအပ်သည်များကို ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ရေရှည်တွင်လည်း နယ်မြေဒေသ လမ်းပန်းဆက်သွယ်ရေးကအစ ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးကိုလည်း ရေရှည်အတွက်ပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နေရပ်ခေတ္တစွန့်ခွာလာသူများနှင့် ကူညီစောင့်ရှောက်ပေးနေသည့် လူမှုရေးအဖွဲ့အစည်းများက တင်ပြလာသည့် အကြံပြုချက်များကိုလည်း အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်မှ ခေတ္တစွန့်ခွာလာပြီး မောင်တောမြို့ရှိ အောင်မြေဗောဓိ အလိုတော်ပြည့်ကျောင်းသို့ ရောက်ရှိနေသည့် ဒေသခံများသည် နယ်မြေအေးချမ်းလာပြီဖြစ်သည့်အတွက် ယနေ့ နံနက်ပိုင်းမှစတင်ကာ ၎င်းတို့နေရပ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ မောင်တောမြို့၌ ဒေသခံပြည်သူများနှင့် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်မှ ခေတ္တစွန့်ခွာသူများအား အားပေးစကားပြောကြားစဉ်။** (သတင်းစဉ်)

# ကွန်ဟိန်း-မိုင်းပျဉ်းသွားကားလမ်း တာကော်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ကျပ်သိန်းပေါင်း ၁၆၇၅၀ တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများ သိမ်းဆည်းရမိ



**စိုင်းဆိုင်ရွက်နှင့် စိုင်းစာရိယတို့ကို သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

**နေပြည်တော် အောက်တိုဘာ ၂၀**

မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၀ ရက်က ကွန်ဟိန်း-မိုင်းပျဉ်းသွား ကားလမ်း တာကော်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် စိုင်းဆိုင်ရွက် မောင်းနှင်ပြီး စိုင်းစာရိယ လိုက်ပါလာသည့် SURF မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်ကြမ်းခင်း အံ့ဝှက်အတွင်းမှ ဘိန်းဖြူဘလောက်တုံး ၂၀၀၊ (အလေးချိန် ၆၇ ကီလို) ဒေသတန်ဖိုးငွေကျပ်သိန်း ၁၆၇၅၀ သိမ်းဆည်းရမိသဖြင့် စိုင်းဆိုင်ရွက် (၂၆)နှစ်နှင့် စိုင်းစာရိယ (၂၄)နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# တိုက်ကြီးမြို့အနီး လူနေရွာများတွင် တောဆင်ရိုင်းတစ်ကောင်ဝင်ရောက်

**တိုက်ကြီးမြို့ အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရေစက်တောင်ကျေးရွာနယ်မြေတွင် အောက်တိုဘာ ၁၉ ရက်က တောဆင်ရိုင်းတစ်ကောင် ဝင်ရောက်ကြောင်း သိရသည်။

အဆိုပါဆင်ဝင်ရောက်နေကြောင်း ရွာသားများ၏ သတင်းပေးပို့ချက်အရ တိုက်ကြီးမြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီးဦးတင်မြတ်နှင့်အဖွဲ့၊ မြိုင်ဟေဝန်ဆင်စခန်းမှ ဆင်ဦးစီးနှစ်ဦး၊ မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းထွန်းနှင့် ဆယ်အိမ်မှူးများက တောဆင်ကိုထွက်ရန် မောင်းထုတ်သော်လည်း မထွက်ဘဲဖြစ်နေကြောင်း သိရသည်။ ဆင်ခြောက်လှန့်ရန်အတွက် ပြောက်အိုးများဝယ်၍ ဖောက်ရန် စီစဉ်သော်လည်း ပြောက်အိုးဝယ်မရ၍ လူအင်အားဖြင့် မောင်းထုတ်ရာ ယင်းနေ့ညပိုင်းတွင် နှင်းဆီမြိုင်ရွာအထိ ရောက်ရှိလာပြီး လူသန့်အင်းရွာမှတစ်ဆင့် မှော်ဘီနယ်တောစပ်သို့ ကူးပြောင်းသွားကြောင်း သိရသည်။

"အခုဝင်တဲ့ဆင်က တောဆင်ပါ။ မနှစ်ကလည်း လူသန့်အင်းရွာဝင်ပြီး စပါးခင်းတွေစားသွားတယ်။ ဆင်ခြောက်လှန့်ဖို့ ပြောက်အိုးကြီး ဝယ်မရဘူး။ အခုရှာနေပါတယ်။ ဒါဆိုရင်အမြန်ထွက်တာပေါ့ဗျာ။ ဆင်ကအထီးပါ အရပ်ထဲမှာတော့ ဂျစ်ကားလို့အမည်ပေးခေါ်ကြတယ်၊ လူတော့အန္တရာယ်မပေးပါဘူး။ ကျွန်တော်တို့လည်း အမြန်ပြန်ထွက်ရေးဆောင်ရွက်နေပါတယ်"ဟု တောအုပ်ကြီး ဦးတင်မြတ်က ပြောသည်။

တောဆင်ကို မောင်းထုတ်နိုင်ရန်အတွက် မြိုင်ဟေဝန်ဆင်စခန်းမှ ကွန်ဂျီဆင်သုံးကောင်နှင့်ဆင်ဦးစီးငါးဦး ထပ်မှာထားပြီး ရောက်လာပါက အမြန်မောင်းထုတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

# အကြမ်းဖက်ဝါဒကို ဆန့်ကျင်ခြင်း

လွန်ခဲ့သော ရက်အနည်းငယ် (၉ အောက်တိုဘာ ၂၀၁၆)က စတင်ဖြစ်ပွားခဲ့သော မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းက တိုက်ခိုက်မှုများမှာ ငြိမ်းချမ်းစွာနေလိုသော ပြည်သူလူထုကို ထိပါးလာသော အကြမ်းဖက်ဝါဒ၏ သရုပ်သကန်ဖြစ်ပါသည်။

အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်နေသော အကြမ်းဖက်သမား နှစ်ဦးကို ဖမ်းဆီးရရှိခဲ့ပြီး နောက်ထပ် အကြမ်းဖက်သမားနှစ်ဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပြန်လည်လွှဲပြောင်းပေးခဲ့သည်ကို လက်ခံရရှိခဲ့ပါသည်။

စုံစမ်းစစ်ဆေးမှုများအရ ယင်းမောင်တောမြို့နယ်အတွင်း ဖြစ်ပွားသည့် အကြမ်းဖက်တိုက်ခိုက်မှုများသည် ပြည်ပမှ ငွေကြေးထောက်ပံ့မှု၊ ပြည်ပအကြမ်းဖက်အဖွဲ့အစည်းဝင်များ၏ ထောက်ပံ့ကူညီမှုတို့ရယူပြီး စနစ်တကျအချိန်ယူကာ ကြိုတင်ပြင်ဆင်၍ တိုက်ခိုက်အကြမ်းဖက်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

ထို့ပြင် ယင်းတိုက်ခိုက်မှုသည် ထိုဒေသသို့ အများစုရောက်ရှိနေထိုင်လျက်ရှိသော အစ္စလာမ်ဘာသာဝင်များအတွင်း အစွန်းရောက်အကြမ်းဖက်ဝါဒ တိုးမြင့်လာအောင် အချိန်ယူ၍ သိမ်းသွင်းစည်းရုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်ရရှိခဲ့သည်ဟု သိရပါသည်။ ယခုလှုပ်ရှားမှုမှာ မောင်တောဒေသကို ခြေကုပ်ယူကာ ဘူးသီးတောင်၊ မောင်တောဒေသကို သိမ်းပိုက်ရန် ကြိုးပမ်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး အရှေ့အလယ်ပိုင်းနိုင်ငံအချို့က အချို့သော အစွန်းရောက်ဝါဒီတို့က အဖွဲ့အစည်းသဘောဖြင့် မဖြစ်စေဘဲ လူပုဂ္ဂိုလ်တစ်ဦးချင်းဆက်သွယ်မှုဖြင့် လျှို့ဝှက်စွာ ငွေကြေးအလုံးအရင်းဖြင့် ထောက်ပံ့ကူညီခဲ့ကြောင်းလည်း သိရသည်။

ယခု အကြမ်းဖက်တိုက်ခိုက်မှုမှာ အာရ်အက်စ်အို အကြမ်းဖက်အဖွဲ့နှင့် ဆက်နွှယ်မှုရှိသည့် အကာလ်မူလ် မူဂျာဟီဒင်န်အဖွဲ့၏ ဆောင်ရွက်ချက်ဖြစ်ကြောင်းလည်း ဖော်ထုတ်ရရှိခဲ့သည်ဟု သိရပါသည်။ အကာလ်မူလ် မူဂျာဟီဒင်န် အဖွဲ့သည် ပြည်ပနိုင်ငံများမှ ငွေကြေးအထောက်အပံ့ဖြင့် အကြမ်းဖက်မှုသင်တန်းများ တက်ရောက်ခြင်း၊ ပြည်တွင်းနေလူငယ်များကို အကြမ်းဖက်သမားများ ဖြစ်လာစေရန် စည်းရုံးသိမ်းသွင်းခြင်း၊ ပြည်နယ်အတွင်း မငြိမ်မသက်မှုများဖြစ်အောင် လှုံ့ဆော်ခြင်း၊ ပြည်ပရှိ အကြမ်းဖက်အဖွဲ့အစည်းများ အကြမ်းဖက်အားပေးလူပုဂ္ဂိုလ်များ၏ ထောက်ပံ့ကူညီမှုများရယူကာ အချိန်ယူပြင်ဆင်ပြီး အကြမ်းဖက်တိုက်ခိုက်မှုများဖြင့် ဝင်ရောက်တိုက်ခိုက်ခြင်း စသည်တို့ကို အစွန်းရောက်အကြမ်းဖက်သမား ၄၀၀ နီးပါးခန့်ဖြင့် မောင်တောဒေသကို ဝင်ရောက်စီးနင်းတိုက်ခိုက်ရန် ကြိုးပမ်းနေကြကြောင်း သိရပါသည်။

သည်လို တိုက်ခိုက်မှုများနှင့် ယှဉ်တွဲ၍ လူမျိုးရေးပဋိပက္ခများ၊ မတည်ငြိမ်မှုများဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော်မှုများလည်း ပေါ်ပေါက်လာသည်ကို တွေ့မြင်နေရပါသည်။

ပြည်သူ့အစိုးရအနေဖြင့် ပြည်သူလူထု၏ လုံခြုံအေးချမ်းမှု၊ နိုင်ငံတော်ငြိမ်းချမ်းသာယာမှုတို့အတွက် အလုံးစုံတာဝန်ရှိသည်ဖြစ်ရာ အကြမ်းဖက်သူများကို ဖော်ထုတ်အရေးယူခြင်း၊ နောက်ကွယ်မှ ကြိုးကိုင်စီစဉ်သူများ၊ ထောက်ပံ့ကူညီသွေးထိုးနေသူ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် လူမျိုးရေးပဋိပက္ခဖြစ်ပွားအောင် လှုံ့ဆော်နေသူအားလုံးကို စုံစမ်းဖော်ထုတ်ကာ ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်ကိုလည်း တွေ့ရပါသည်။

ယခုဖြစ်ရပ်တစ်ခုလုံးသည် နိုင်ငံတော် ငြိမ်းချမ်းသာယာရေး၊ ပြည်သူလူထုတို့၏ဘဝ လုံခြုံအေးချမ်းရေးတို့ကို ခြိမ်းခြောက်နေသော ဖြစ်ရပ်များဖြစ်ပါသည်။ ပြည်သူလူထုအနေဖြင့် မည်သို့သော ကျူးကျော်စော်ကားမှု၊ မည်သို့သော ဥပဒေနှင့်မညီသည့် ပဋိပက္ခဖြစ်ပွားရေးနှင့် နိုင်ငံမတည်မငြိမ်ဖြစ်ရန် လှုပ်ရှားဆောင်ရွက်မှုမျိုးကိုမဆို တွန်းလှန်အောင်မြင်ရန် ပြည်သူတို့က သန္နိဋ္ဌာန်ချထားပြီးသားဖြစ်ပါသည်။

ထို့ပြင် ယခုလို အခြေအနေမျိုးတွင် ဘာသာရေးခေါင်းဆောင်များနှင့် ပြည်သူလူထု အစိတ်အပိုင်းအသီးသီးကလည်း မည်သို့သော သွေးထိုးလှုံ့ဆော်မှုမျိုးကိုမဆို ဝိုင်းဝန်းတားဆီး၍ တိုင်းပြည်ငြိမ်းချမ်းသာယာရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။

## သတင်းအချက်အလက်များ သိရှိလိုပါက မေးမြန်းနိုင်ပါသည်

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာနက အများပြည်သူသို့ မှန်ကန်သော သတင်းအချက်အလက်များရရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ လတ်တလောဖြစ်စဉ်များ၊ သတင်းများနှင့်စပ်လျဉ်း၍ မေးမြန်းအတည်ပြုလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များနှင့် e.mail လိပ်စာတို့သို့ ဆက်သွယ်နိုင်ကြောင်း အသိပေးအပ်ပါသည်-

တယ်လီဖုန်း- ၀၆၇-၄၁၂၀၀၂၊ ၀၆၇-၄၁၂၁၃၉
၀၉၅၀၃၄၅၀၈၊ ၀၉၈၃၀၆၃၅၈

Email- myintkyaw103@gmail.com

**ပြန်ကြားရေးဝန်ကြီးဌာန**

# စီးပွားရေးအကျပ်အတည်း၏ နောက်ဆက်တွဲပြဿနာများကြောင့် ရွှေ့ပြောင်းအလုပ်သမားများ စီးပွားရေး၊ လူမှုရေးအခြေအနေများတွင် ဓားစာခံများဖြစ်နေကြ

**နေပြည်တော် အောက်တိုဘာ ၂၀**

နဝမအကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာအာဆီယံအစည်းအဝေး (9th ASEAN Forum on Migrant Labour-9th AFML) ၏ နိုင်ငံအဆင့် သုံးပွင့်ဆိုင်အကြိုလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ Hilton ဟိုတယ်၌ ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO-ရန်ကုန်) ရုံးမှ ဆက်ဆံရေးအရာရှိ Mr. Rory Mungoven တို့က အဖွင့်အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယနေ့ကျင်းပသည့် နဝမအကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အစည်းအဝေး၏ နိုင်ငံအဆင့် သုံးပွင့်ဆိုင် အကြိုအစည်းအဝေးတွင် အဋ္ဌမအကြိမ်မြောက် (8th AFML) ၏ အကြံပြုတိုက်တွန်းချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံအသီးသီးတွင် အကြိုညှိနှိုင်းဆွေးနွေးပွဲများကို ကျင်းပခဲ့ပြီး၍ ရလဒ်များကို (9th AFML) အစည်းအဝေးတွင် အာဆီယံနိုင်ငံများအချင်းချင်း မျှဝေနိုင်ရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း၊ ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် (၄၀)ကြိမ်မြောက် အာဆီယံဝန်ကြီးများအစည်းအဝေးမှ အာဆီယံရွှေ့ပြောင်း အလုပ်သမားများ၏ အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးကြေညာချက် (ACMW) အရ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုကာကွယ်စောင့်ရှောက်မှုများမှတစ်ဆင့် ၎င်းတို့၏ နေထိုင်မှုဘဝတိုးတက်ကောင်းမွန်လာစေရေး ဦးတည်ချက်နှင့်အညီ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ပိုမိုကောင်းမွန်ပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်မှုအဆင့် ရရှိရန်အတွက် မွေးရပ်ဇာတိကို စွန့်ခွာသွားလာနေကြသော ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများအတွက် သင့်တင့်ကောင်းမွန်သည့် နေထိုင်မှုအဆင့်ကို ပေးနိုင်သည့် လုပ်ကိုင်စေခြင်းသည် နိုင်ငံတကာရွှေ့ပြောင်းသွားလာခြင်း၏ အဓိကရည်မှန်းချက်ဖြစ်ပါကြောင်း၊ ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာမှုများနှင့် ရောထွေးလျက်ရှိပါကြောင်း၊ စီးပွားရေးအကျပ်အတည်း၏ နောက်ဆက်တွဲပြဿနာများကြောင့် ရွှေ့ပြောင်းအလုပ်သမားများသည် စီးပွားရေး၊ လူမှုရေး အခြေအနေများတွင် ဓားစာခံများ ဖြစ်နေကြပါကြောင်း၊ ပြည်တွင်းနေနိုင်ငံသားများနှင့် ပြည်ပမှပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများ ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန် မူဝါဒများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်သမားဥပဒေများ ခေတ်နှင့်အညီဖြစ်ရေး၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်မှုကဏ္ဍမြင့်တင်ရေး၊ အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အလုပ်သမားအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများက ပူးပေါင်းဆွေးနွေးလျက်ရှိပါကြောင်း ပြောကြားသည်။

ILO ဆက်ဆံရေးအရာရှိ Mr. Rory Mungoven က ILO အနေဖြင့် Code of Conduct ဖြစ်ပေါ်လာရေးအတွက် နည်းပညာအကူအညီပေးခဲ့ပြီး မြန်မာနိုင်ငံမှ လိုင်စင်ရပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု ကုမ္ပဏီ ၂၅၀ ကျော်အနက် ၉၀ ကျော်က လက်မှတ်ရေးထိုးထားကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပိုမိုကောင်းမွန်သော မူဝါဒအသစ်များရေးဆွဲရေးအတွက် ကူညီပေးသွားမည်ဟု ပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ချီးမြှင့်ရာ Foundation for Education and Development မှ ဦးထူးချစ်၊ International Resource Committee မှ ဦးစောခူနှင့် Joint Action Committee for Burmese Affairs မှ ဦးမိုးကြိုးတို့က ဘတ်တစ်သောင်းစီကို လက်ခံရယူခဲ့သည်။

မွန်းလွဲပိုင်းတွင် အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ဦးဆောင်၍ အလုပ်သမားကိုယ်စားလှယ်အဖွဲ့၊ ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အာဆီယံအလုပ်သမားအဖွဲ့၊ မြန်မာနိုင်ငံအလုပ်သမားအဖွဲ့ချုပ် (CTUM)၊ မြန်မာနိုင်ငံ အလုပ်အကိုင်အေဂျင်စီများအဖွဲ့ (MOEAF)၊ သုံးပွင့်ဆိုင်အဖွဲ့အသီးသီးမှ တာဝန်ရှိသူများက ဆွေးနွေးကြရာ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

(9th AFML) အစည်းအဝေး၏ ခေါင်းစဉ်ခွဲများဖြစ်သည့် "ခိုင်မာသော လူမှုကာကွယ်စောင့်ရှောက်မှုများမှတစ်ဆင့် အာဆီယံရွှေ့ပြောင်းအလုပ်သမားများ၏ နေထိုင်မှုဘဝတိုးတက်လာစေရေး" ခေါင်းစဉ်ခွဲဖြစ်သည့် "အာဆီယံဒေသတွင် ရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ လက်ရှိအခြေအနေ"နှင့် "အာဆီယံဒေသတွင် ရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုဖူလုံရေးလွှဲပြောင်းရယူနိုင်ရန် ရှေးရှုဆောင်ရွက်ခြင်း" ခေါင်းစဉ်များကို ဆွေးနွေးသုံးသပ်ပြီး ရလဒ်များကို နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပမည့် (9th AFML) အစည်းအဝေးတွင် တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံဒေသတွင်း လူဦးရေ ၆၁၅ သန်းခန့်ရှိရာ အလုပ်လုပ်ကိုင်သူဦးရေ သန်း ၃၅၀ ခန့်ရှိနေပြီး အာဆီယံရွှေ့ပြောင်းအလုပ်သမားဦးရေမှာ ၁၅ သန်းဝန်းကျင်ရှိကြောင်း စာရင်းများအရ သိရသည်။

အစည်းအဝေးသို့ သုံးပွင့်ဆိုင် အစိုးရ၊ အလုပ်သမား၊ အလုပ်ရှင်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ထွေးတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ကမ္ဘောဇဘဏ်လီမိတက်အား စပိန်နိုင်ငံမှဆုချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၂၀**

ကမ္ဘောဇဘဏ်လီမိတက်သည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ အောက်တိုဘာ ၁၆ ရက်က ကျင်းပခဲ့သော စပိန်နိုင်ငံအခြေစိုက် Business Initiative Directions အဖွဲ့အစည်းက ပေးအပ်ချီးမြှင့်သည့် ၂၀၁၆ ခုနှစ်အတွက် World Quality Commitment ဆုကိုရရှိခဲ့ရာ ကမ္ဘောဇအုပ်စုမြန်မာဘီလျံဂရုကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းလင်းနှင့် ရွှေကမ္ဘောဇကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ၊ ကမ္ဘောဇဘဏ် လီမိတက်၏ Procurement Director ဦးငွေအောင်ကျော်တို့က လက်ခံရယူခဲ့သည်။




အဆိုပါဆုပေးအပ်ချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ Business Initiative Directions ၏ ထုတ်ပြန်ချက်တွင် ကမ္ဘောဇဘဏ်လီမိတက်သည် စံထားလောက်သော အရည်အသွေးများ၊ ခေါင်းဆောင်မှုများ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများအတွက် ယခုဆုကို ထိုက်တန်စွာဖြင့် ချီးမြှင့်ရခြင်းဖြစ်ကြောင်း၊ Total Quality Management များ တိုးတက်လာစေရန်အတွက် ကောင်းမွန်သော ဦးဆောင်မှုများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်နေသော အဖွဲ့အစည်းကြီးတစ်ခုဖြစ်ကြောင်းနှင့် အဆိုပါအချက်များကြောင့် ကမ္ဘောဇဘဏ်လီမိတက်သည် အရည်အသွေးစဉ်ဆက်မပြတ်တိုးတက်မှုအတွက် စံထားလောက်သည့် ဘဏ်လုပ်ငန်းကြီးဖြစ်ကြောင်း ဖော်ပြထားသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် ၂၀၁၅ ခုနှစ်က Business Initiative Directions က ချီးမြှင့်သည့် International Star Award Geneva ၂၀၁၅ ဆုကို ရရှိထားခဲ့ပြီး ယခုဆုသည် BID က ချီးမြှင့်သည့် ဒုတိယမြောက်ဆုဖြစ်သည်။ ထို့အပြင် ကမ္ဘောဇဘဏ်လီမိတက်သည် နိုင်ငံတကာမှ ချီးမြှင့်သည့် ဘဏ်လုပ်ငန်းဆိုင်ရာ အကောင်းဆုံး စွမ်းဆောင်ရည်ဆုများစွာကို ရရှိထားပြီး ၂၀၁၆ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Euromoney အဖွဲ့အစည်းက ချီးမြှင့်သည့် Best Bank in Myanmar ၂၀၁၆ ဆုနှင့် Finance Asia က ပေးအပ်သည့် Best Bank in Myanmar ၂၀၁၆ ဆုတို့ကို ရရှိထားခဲ့ကြောင်း သိရသည်။ **(၀၁၀)**

# အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင် NCA စာချုပ် လက်မှတ်ရေးထိုးထားခြင်းမပြုရသေးသည့်အဖွဲ့များ အမြန်လက်မှတ်ရေးထိုးနိုင်ရန် ဆွေးနွေးလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၀

**အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင် NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာ ပါဝင်ခွင့်ရှိသော်လည်း လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့်အဖွဲ့များနှင့်လည်း စာချုပ်တွင် အမြန်လက်မှတ်ရေးထိုးနိုင်ရန်ဆွေးနွေးလျက်ရှိကြောင်း ယနေ့ပြုလုပ်သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးမှ သိရသည်။**



တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ UPDJC အတွင်းရေးမှူး ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး NCA စာချုပ်ရဲ့ အပိုဒ် ၂၁ နဲ့ ၂၂ မှာ နိုင်ငံရေးဆွေးနွေးမှုအတွက် ဖော်ပြထားပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျင်းပရင် NCA စာချုပ်ကို လက်မှတ်ရေးထိုးထားသူတွေသာ ကျင်းပတဲ့နေရာမှာပါနိုင်တယ်လို့ ရှိပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ဆောင်ရွက်တဲ့နေရာမှာ NCA စာချုပ်ကိုအခြေခံပြီး ဆောင်ရွက်ရတာပါ။ UNFC ကိုယ်စားပြု DPN အနေနဲ့ အစိုးရနဲ့ NCA လက်မှတ်ထိုးဖို့ ညှိနှိုင်းနေပါတယ်"ဟု လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် အဖွဲ့များနှင့် အစိုးရ ဆွေးနွေးလျက်ရှိသည့် အခြေအနေကို ပြောပြသည်။

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန်နှင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်မှတ်ရေးထိုးနိုင်ရန်အတွက် စတုတ္ထအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်း တတိယနေ့အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ဆက်လက်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးမှုများနှင့်ပတ်သက်၍ အစိုးရအဖွဲ့မှ UPDJC အတွင်းရေးမှူး ဦးလှမောင်ရွှေက "သုံးရက်တာကာလ ဆွေးနွေးပွဲက တော်တော်လေးချောချောမွေ့မွေ့ ဆွေးနွေးနိုင်တယ်။ ဒီနေ့ အစည်းအဝေးအပိတ်မှာ DPN ရဲ့ ခေါင်းဆောင်က သူတို့ရပ်တည်ချက်၊ သူတို့သဘောထားကို ပြောပါတယ်။ သူတို့အနေနဲ့ အကောင်းဆုံးကြိုးစားပြီးတော့ ဒီဖြစ်စဉ်မှာ ပါဝင်နိုင်ဖို့ ဆောင်ရွက်ပါမယ်။ ကျန်တဲ့အားလုံးကလည်း ဝိုင်းဝန်းပြီးတော့ ကူညီနားလည်ပေးဖို့ လိုပါတယ်။ မနက်ဖြန် မနက်ပိုင်းမှာ ဆွေးနွေးမှုကိစ္စတွေ ပြီးပြတ်သွားလိမ့်မယ်လို့ မျှော်လင့်တယ်။ ဘာတွေ ပြီးသွားမလဲဆိုရင် Framework ရဲ့ အချို့အစိတ်အပိုင်းတွေ ပြီးသွားမယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်နိုင်ဖို့အတွက် ပြီးသွားမယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ညှိနှိုင်းပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အစည်းအဝေးကို ၂၈ ရက်နေ့ နေ့လယ်လောက်မှာ လုပ်နိုင်ဖို့ မျှော်လင့်ထားတယ်။ NCA စာချုပ်အရကတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်ဖို့ကို UPDJC က အတည်ပြုရမှာပါ" ဟုပြောသည်။

ငြိမ်းချမ်းရေးကော်မရှင်သည် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့(DPN) နှင့် UNFC ကတောင်းဆိုသည့် အချက်များ ညှိနှိုင်းရန်နှင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ရန်အတွက် နိုဝင်ဘာလဆန်းပိုင်းတွင် တွေ့ဆုံကြမည်ဖြစ်သည်။

ဦးလှမောင်ရွှေက "နိုဝင်ဘာ ၇ ရက်နဲ့ ၈ ရက်လောက်မှာ DPN နဲ့တွေ့ဖို့ ညှိနှိုင်းထားတာရှိတယ်။ အလုပ်အဖွဲ့တွေ အရင်ဆုံးဆွေးနွေးနိုင်ဖို့ပါ။ နောက် ၉ ရက်၊ ၁၀ ရက်မှာ အစိုးရရဲ့ ငြိမ်းချမ်းရေးကော်မရှင်နဲ့ DPN တို့ ကျန်နေတဲ့အပိုင်းတွေကို ဆက်ဆွေးနွေးနိုင်ဖို့ ပြင်ဆင်နေပါတယ်။ နှစ်ဖက်စလုံးက လမ်းဖွင့်ပြီး လုပ်ဆောင်နေတာကြောင့် ချောချောမွေ့မွေ့ဖြစ်သွားရင် UNFC က အနေးနဲ့အမြန် ပါလာနိုင်ဖွယ်ရှိပါတယ်" ဟုပြောသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို လာမည့်နိုဝင်ဘာမှစတင်၍ ပြုလုပ်နိုင်ရန်စီစဉ်ထားရှိပြီး လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ဆွေးနွေးနိုင်ရန်အတွက် လုပ်ငန်းလမ်းညွှန် ToR များကို အလုပ်အဖွဲ့ကရေးဆွဲထားကြောင်းသိရသည်။ ဆွေးနွေးပွဲများကျင်းပရာတွင် လွယ်ကူစေရန်အတွက် ပြည်နယ်၊ တိုင်းဒေသကြီးတစ်ခုစီတွင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဟူ၍ လုပ်ဆောင်ရန် ပြင်ဆင်ထားကြောင်းလည်း သိရသည်။

ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "ကျွန်တော်တို့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတစ်ခုလုံးနဲ့ ပတ်သက်တဲ့ လုပ်ငန်းလမ်းညွှန် ToR ကို ရေးထားတယ်။ နောက်ဆွေးနွေးရမယ့်ကဏ္ဍတွေကိုလည်း နိုင်ငံရေးဆိုင်ရာ မူဘောင်မှာပါတဲ့ ကဏ္ဍကြီး ငါးခုကို ခေါင်းစဉ် ၁၀ ခု ခွဲထားတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုအပြင် နေပြည်တော်အပါအဝင်နေရာ ၁၅ ခုမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပဖို့ပြင်ထားပါတယ်။ ကျင်းပမှု လွယ်ကူအောင်အတွက်လည်း ပြည်နယ်၊ တိုင်းဒေသကြီး တစ်ခုစီမှာ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှု ကော်မတီဆိုပြီး လုပ်ဖို့ပြင်ထားပါတယ်။ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကို ကိုယ်စားပြုတဲ့ သုံးဦး၊ နိုင်ငံရေးပါတီက သုံးဦးနဲ့ တိုင်းရင်းသားလက်နက်ကိုင်က သုံးဦးစီပါတဲ့ ကိုးဦး ကော်မတီ ပါပါမယ်" ဟုပြောသည်။

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရာတွင် နိုင်ငံရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ လူမှုရေး၊ မြေယာနှင့်သယံဇာတ ခေါင်းစဉ်ကဏ္ဍငါးခုအောက်တွင် ဆွေးနွေးမည့်အကြောင်းအရာ ၁၀ ခုပါဝင်သော်လည်း ခုနစ်ခုခန့်သာ ဆွေးနွေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

နိုင်ငံရေးပါတီအစုအဖွဲ့၏ UPDJC အတွင်းရေးမှူးဖြစ်သူ စိုင်းကျော်ညွန့်က "အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှာ ကဏ္ဍ ငါးခုရှိတယ်။ ကဏ္ဍတစ်ခုစီမှာ အကြောင်းအရာ နှစ်ခုစီပါမယ်။ လုံခြုံရေးကဏ္ဍအောက်မှာရှိတဲ့ ခေါင်းစဉ် နှစ်ခုကိုတော့ အမျိုးသားအဆင့်ကို မချတော့ဘူး။ အဲဒါတွေကတော့ နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်တွေနဲ့ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးကိစ္စရပ်တွေပါ။ ဒီနှစ်ခုက လုံခြုံရေးပိုင်းဆိုင်ရာကို အမျိုးသားအဆင့်ထိ ဆွေးနွေးတယ်ဆိုရင် ငြိမ်းချမ်းရေးကို ရှေးရှုတဲ့အချိန်မှာ ဒီထက်ပိုပြီးရှုပ်ထွေးလာနိုင်တဲ့အတွက် ဒါကိုတော့ အမျိုးသားအဆင့်မှာမဆွေးနွေးဘဲ ပြည်ထောင်စုအဆင့်မှာ ဆွေးနွေးမယ်ဆိုပြီး စဉ်းစားဆုံးဖြတ်ထားတာတော့ရှိပါတယ်။ နောက်ကျန်တဲ့ ရှစ်ခုထဲမှာမှ စဉ်းစားနေတာက ကိုးကွယ်ယုံကြည်မှုနဲ့ဆိုင်တဲ့ကိစ္စပေါ့။ ဒီနိုင်ငံမှာက ကိုးကွယ်ယုံကြည်မှုလည်း များတယ်ဆိုတဲ့အခါကျတော့ အပေါ်မှာပဲဆွေးနွေးပြီးမှ အောက်ကိုချပေးမလား။ ဒါမှမဟုတ် အပေါ်မှာပဲ နိုင်ငံတော်သွားချင်တဲ့လျှို့ဝှက်မှုအနေနဲ့ပဲထားပြီး ဆွေးနွေးမလားပေါ့" ဟုပြောသည်။

ယနေ့အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ် ၁၄ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၇ ဦး၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၄ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**


ပြန်ကြားရေးဝန်ကြီးဌာန
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၅)ရက်၊ စနေနေ့ နံနက် (၀၉း၀၀)နာရီမှ (၁၇း၀၀)နာရီအထိ
MICC - 2 ၊ နေပြည်တော်

## ❁ ကျိုက်ထီးရိုးစေတီတော်မှ

လုပ်ငန်းရှင်တွေအနေနဲ့ကလည်း အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုတဲ့ဆန္ဒရှိပါတယ်။ ဒါပေမယ့်လည်း အခက်အခဲက ဘုရားဖူးဧည့်သည် တအားများတော့ မလုံလောက်တဲ့ပြဿနာပေါ့။ မိုးရွာလာတဲ့အခါ ဘုရားဖူးတွေ အဆင်ပြေအောင် ဆောင်ရွက်ပေးပေမယ့် တအားများတော့ မနိုင်ပါဘူး။ တောင်တက်ကားတွေ ညအထိ တောင်အောက်ကို ပြေးဆွဲပေးခဲ့ပါတယ်။ အခမဲ့တည်းနိုင်တဲ့ ဇရပ်တွေ လိုအပ်ပါတယ်။ ရေအခက်အခဲရှိပါတယ်။ နောက်တစ်ခုက အမှိုက်ပစ်တဲ့ဟာပါ။ အမှိုက်ပစ်စနစ်ပါ။ ဘုရားဖူးပြည်သူတွေလည်း ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်" ဟု တည်းခိုဆောင်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးခင်တိုးက ပြောသည်။

ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်သို့ ဘုရားဖူး ရဟန်းရှင်လူ ပြည်သူအများ စိတ်ချမ်းမြေ့စွာ ကြည်ညိုသဒ္ဓါပွားနိုင်ရန်လည်းကောင်း၊ တရားဥပဒေစိုးမိုးရန်လည်းကောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အရေးယူကြပ်မတ်မှုများကို ဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ခဲ့သည်။ စေတီတော်၏ ဝတ္တကမြေအတွင်းရှိ လုပ်ငန်းရှင်များက တည်းခိုခန်းပြုလုပ်ထားသော ဓမ္မာရုံများကို ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ရဟန်းရှင်လူ ပြည်သူအများ အခမဲ့တည်းခိုခွင့်ရရှိရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့်ညှိနှိုင်း၍ ပြန်လည်ပြုပြင်ဆောင်ရွက်သွားမည်ဟုလည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်ထားခဲ့သည်။

ယခုနှစ်တွင် အခပေးတည်းခိုဆောင်များ၊ တည်းခိုခန်းများအနေဖြင့်လည်း ယခင်ဈေးနှုန်းများထက် လျှော့ချဆောင်ရွက်ပေးခဲ့ပြီး ရင်ပြင်တော်နှင့် မုဆိုးတောင်ရှိ တည်းခိုဆောင် ဓမ္မာရုံများ၏ သတ်မှတ်အခန်းအရေအတွက်ကို ပြည်နယ်အစိုးရအဖွဲ့နှင့် ပြန်လည်ဖွဲ့စည်းခဲ့သော ဂေါပကအဖွဲ့က စီမံခန့်ခွဲဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ ၂၀၁၆-၂၀၁၇ ဘုရားပွဲတော် သတ်မှတ်နှုန်းထားနှင့် တည်းခိုဆောင်များမှာ ရင်ပြင်တော်ရှိ တိဿဓမ္မာရုံ တည်းခိုခနှုန်းထားမှာ တစ်ဦးလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဂေါပကဓမ္မာရုံတွင် တစ်ဦးလျှင် ကျပ် ၁၀၀၀၀၊ ကျပ် ၁၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ပေ ၄၀ ဓမ္မာရုံ၊ သုံးထပ်ဓမ္မာရုံ၊ ကြူကြူဝင်းတည်းခိုဆောင်၊ ဝင်းတည်းခိုဆောင်၊ ပွင့်ထူးတည်းခိုဆောင်တို့မှာ တစ်ဦးလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့်လည်းကောင်း သတ်မှတ်ထားကြောင်းသိရသည်။ အလားတူ တောင်တက်မော်တော်ယာဉ်အသင်းကလည်း ယခုနှစ် သီတင်းကျွတ်လပြည့်နေ့မှစတင်ကာ ကင်မွန်းစခန်းတောင်ခြေမှ ရင်ပြင်တော်အထိ ကားခနှုန်းထားကို တစ်ဦးလျှင် ကျပ် ၂၅၀၀ နှုန်းမှ ကျပ် ၂၀၀၀ သို့ လျှော့ချပေးခဲ့ကြောင်း တောင်တက်မော်တော်ယာဉ်အသင်းမှ သိရသည်။

ကျိုက်ထီးရိုးစေတီတော် ဘုရားပွဲတော်ကာလသည် သီတင်းကျွတ်လပြည့်ပွဲတော်ဖွင့်ပွဲမှ ပွင့်လင်းရာသီကာလတစ်လျှောက်လုံးနှင့် မိုးရာသီအထိ တစ်နှစ်ပတ်လုံး ပြည်တွင်းပြည်ပဧည့်သည်များ လာရောက်မှုရှိသောကြောင့် ဘုရားဖူးအများဆုံးလာရောက်သည့် ခရီးသွားဒေသဖြစ်သည့်အတွက် လာရောက်သည့်ဧည့်သည်နှင့် ဝန်ဆောင်မှု မမျှတသည့်ပြဿနာမှာ ကြုံတွေ့ရလေ့ရှိသည်ဟု သိရသည်။ ပြည်တွင်းဧည့်သည်များအပြင် ပြည်ပဧည့်သည်များ စိတ်ဝင်တစားလာရောက်မှု များပြားသောကြောင့်လည်း စည်းကမ်းမဲ့ဖြစ်ရပ်များ၊ အထင်သေးဖွယ်ရာလုပ်ဆောင်ချက်များကို မပြုလုပ်သင့်ဘဲ ဒေသဖွံ့ဖြိုး၍ ရေရှည်တည်တံ့ကောင်းမွန်သော ခရီးသွားဆွဲဆောင်ရာဒေသအဖြစ် ဒေသခံများနှင့် သက်ဆိုင်ရာတို့က ကြိုးပမ်းဆောင်ရွက်သွားသင့်ကြောင်း ဘုရားဖူးများက အကြံပြုကြသည်။

**(ဆုနှင်းလဲ့)**

◆

## ✪ စာမျက်နှာ ၅ မှ

ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်မြနှင်းရည်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်ဥမ္မာတို့က **ထူးမခြားနား(သီချင်းခံ)**ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ရဲမင်းထွန်း၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဇော်မျိုးနိုင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ကောင်းချစ်ပိုင်စိုးတို့က **ဇမ္ဗူဒီပါ(ကာလပေါ်)**ဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့်** (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မယွန်းနဒီပိုင်(ခ) ရွှေရုပ်လေးနှင့် ပဲခူးတိုင်းဒေသကြီးမှ မမြတ်ဖူးပွင့်တို့က **တောင်တောသာယာ(ယိုးဒယား)**ဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာသည့်မယ်ဒလင်သံသာဖြင့် ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးဖေဇင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုသုခုမကို စိတ်ဝင်စားကြသည့် ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

**ကျော်ဇေယျ(သတင်းစဉ်)**

## ✻ ဝါးပိတ်ကျေးရွာမှ

အဆိုပါလက်နက်မှာ မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ ကင်းစခန်းများအား အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ တိုက်ခိုက်စဉ် ၎င်းတို့နောက်သို့ ပါရှိသွားသော လက်နက်ဖြစ်ပြီး အဆိုပါနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးမူဝါဒ

၁။ နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ခြင်း။
၂။ နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်ပြင်ဆင်ခြင်း။
၃။ ပြင်ဆင်အတည်ပြုပြီးဖြစ်သော နိုင်ငံရေးဆွေးနွေးမှုမူဘောင်နှင့်အညီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပခြင်း။
၄။ (၂၁)ရာစုပင်လုံညီလာခံရလဒ်များအား စုစည်း၍ ပြည်ထောင်စုသဘောတူညီချက် 21st Century Panglon Conference Agreement လက်မှတ်ရေးထိုးခြင်း။
၅။ ပြည်ထောင်စုသဘောတူညီချက်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသားခြင်း၊ အတည်ပြုခြင်း။
၆။ ပြင်ဆင်ရေးသားအတည်ပြုပြီးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကျင်းပခြင်း။
၇။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်နှင့်အညီ ဒီမိုကရက်တစ်ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ခြင်း။

# အောင်စိုးမိုးကျော် - ၂ အမြန်ရေယာဉ် နစ်မြုပ်မှုနှင့် ပတ်သက်သည့်ရှင်းလင်းပွဲ အောက်တိုဘာ ၂၂ ရက်တွင် မုံရွာမြို့၌ တိုင်းဒေသကြီးအစိုးရဦးစီး၍ပြုလုပ်မည်

**နေပြည်တော် အောက်တိုဘာ ၂၀**
အောက်တိုဘာ ၁၅ ရက်က ချင်းတွင်းမြစ်ကြောင်းတွင် ဟုမ္မလင်း- မုံရွာ ခရီးသည်တင် အမြန်ရေယာဉ်နစ်မြုပ်မှု ဖြစ်ပွားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပဏာမမေးမြန်းစုံစမ်းချက်အရ အောင်စိုးမိုးကျော် - ၂ ရေယာဉ်သည် အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် ဟုမ္မလင်းမြို့မှ စတင်ထွက်ခွာပြီး ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝနှင့် မင်းကင်းမြို့တို့သို့ ဝင်ရောက် ဆိုက်ကပ်ကာ ခရီးသည် တင်ချခဲ့ကြောင်း၊ ရေယာဉ်စတင်ထွက်ခွာစဉ်ကပင် ခရီးသည်နှင့် ကုန်ပစ္စည်းများ အဆမတန် တင်ဆောင်လာသဖြင့် ခရီးသည်အချို့က ပုဂ္ဂလိကရေယာဉ်လိုင်းများ ကြီးကြပ်မှု ကော်မတီရုံး၊ အေးငြိမ်းချမ်းသာ ရေယာဉ်အသင်းနှင့် အောင်စိုးမိုးကျော် - ၂ ရေယာဉ်မှ တာဝန်ရှိသူများထံ အန္တရာယ်တွေ့နိုင်သည်ဟု ကန့်ကွက်ပြောဆိုခဲ့သော်လည်း တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ပေးမှု မရှိခဲ့ကြောင်းနှင့် ရေယာဉ်ပေါ်တွင် လူ ၃၀၀ ခန့် ပါရှိနိုင်သည်ဟု လွတ်မြောက်လာသည့် ခရီးသည်များက သုံးသပ်ပြောဆိုခဲ့ကြောင်း သိရသည်။

ပဏာမစာရင်းကောက်ယူမှုများအရ အသက်ရှင်လျက် ကယ်ဆယ်ရရှိသူ ၁၅၉ ဦး၊ ခရီးသွားဖော်အချင်းချင်း ရှာမတွေ့သဖြင့် သတင်းပေးပို့သူ ၆၄ ဦး၊ ပျောက်ဆုံးနေသူများ၏ မိသားစုများ သတင်းပေးပို့သူ ၁၆ ဦးရှိကြောင်း သိရပြီး အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၃ နာရီခွဲအထိ သေဆုံးသူ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၅၄ ဦး ပေါင်း ၆၈ ဦး၏အလောင်းများ ဆယ်ယူရရှိကြောင်း သိရသည်။

ရေယာဉ်နစ်မြုပ်မှု ဖြစ်စဉ်နှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လူလူသန်း ခေါင်းဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးအပ်ထားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် အဖွဲ့သည် ကင်းတိုက်နယ်ဆေးရုံနှင့် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည့် ဘုန်းကြီးကျောင်းများရှိ အသက်ဘေးမှ ကင်းလွတ်ခဲ့သော ခရီးသည်များကို သွားရောက်တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ကာ ခရီးစဉ်အဆုံးဖြစ်သည့် မုံရွာမြို့သို့ သွားရောက်လိုသည့် ခရီးသည်များကို ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံများနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေးဦးစီးသည့်တပ်မတော်သားများသည် အခင်းဖြစ်ပွားသည့် မိချောင်းတွင်းကျေးရွာတွင် ပင်မစခန်းဖွင့်လှစ်၍ ရှာဖွေကယ်ဆယ်ရေးနှင့် နစ်မြုပ်ရေယာဉ်အားပြန်လည်ဆယ်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ချင်းတွင်းမြစ်အောက်ပိုင်းတစ်လျှောက် ကျေးရွာစဉ်အားလုံးသို့ ရေယာဉ်ငယ်များဖြင့် ဖြန့်ခွဲ၍ ရှာဖွေရေးလုပ်ငန်းများ အစွမ်းကုန် ဆောင်ရွက်လျက်ရှိကြောင်း၊ ချင်းတွင်းမြစ်တစ်လျှောက် ဆယ်ယူရရှိသည့် အလောင်းများနှင့် ကိုယ်ပေါ်တွင် ပါရှိလာသော ပစ္စည်းများကိုဓာတ်ပုံရိုက်ကာ စနစ်တကျ စာရင်းရေးသွင်းပြီး ပျောက်ဆုံးနေသူများ၏ ဆွေမျိုးများ လာရောက်စောင့်ကြည့်နေသည့် ပင်မစခန်းနှင့် ဆက်သွယ်ပေးပို့ကာ ကြော်ငြာသင်ပုန်းတွင် ပြသပေးထားကြောင်း၊ တွေ့ရှိအလောင်းများမှာ ဆက်လက်ထားရှိရန် လွန်စွာဆိုးရွားနေသည့် အခြေအနေကြောင့် အချို့အလောင်းများကို ကာယကံရှင် မတွေ့ရှိသော်လည်း စနစ်တကျ မှတ်တမ်းတင်ထားရှိကာ မြေမြှုပ်သင်္ဂြိုဟ်ခြင်းများကို နာရေးကူညီမှုအသင်းများ၏ အကူအညီဖြင့် ကောင်းမွန်စွာဆောင်ရွက်ခဲ့ကြောင်း၊ ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့သည် သေဆုံးသူများ၏ မိသားစုများနှင့်အတူ အောက်တိုဘာ ၁၉ ရက်တွင် မိချောင်းတွင်းကျေးရွာရှိ သာသနာ့ရက္ခိတကျောင်းတိုက်တွင် အလှူဒါနပြုလုပ်ပြီး ချင်းတွင်းမြစ်အတွင်း အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း ဆောင်ရွက်ခဲ့ကြောင်း၊ အောက်တိုဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် နစ်မြုပ်ရေယာဉ်ကို ရေပေါ်သို့ ဆွဲတင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါရေယာဉ်နစ်မြုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြသလ္လာခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစီး၍ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်(ရွှေဈေး) ၈၇၁၀၀၀ - ၈၇၁၀၀၀ | မန္တလေး(ရွှေဈေး) ၈၇၁၀၀၀ - ၈၇၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၀၀/၆၂၀ ကျပ်၊ | ၆၄၀/၆၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၆၀/၆၇၅ ကျပ်၊ | ၇၃၀/၇၆၅ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၁၀/၆၃၀ ကျပ်၊ | ၆၆၀/၆၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၂၀/၆၄၀ ကျပ်၊ | ၆၇၀/၆၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၅၈၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၉ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၈၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | |
|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ = ၁၂၇၂.၀ | (စ) အိန္ဒိယ | တစ်ရူပီး = ၁၉.၀၈၆ |
| (ခ) ဥရောပ | တစ်ယူရို = ၁၃၉၅.၁ | (ဆ) ဂျပန် | တစ်ရာယန်း = ၁၂၂၇.၅ |
| (ဂ) တရုတ် | တစ်ယွမ် = ၁၈၈.၇၈ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် = ၁၁၃.၄၇ |
| (ဃ) ထိုင်း | တစ်ဘတ် = ၃၆.၄၈၉ | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ = ၉၇၉.၇၄ |
| (င) မလေးရှား | တစ်ရင်းဂစ် = ၃၀၄.၄၅ | (ည) စင်ကာပူ | တစ်ဒေါ်လာ = ၉၁၅.၉၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော အောက်တိုဘာ ၁၁ ရက်မှ အောက်တိုဘာ ၁၇ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

**ယမန်နေ့မှအဆက်**

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၃၆ | ဇော်သစ် | သူမကြည့်နေတဲ့မှန်ထဲကမြို့+CD | ၁၅၀၀ိ/- | အာရှအလင်းစာပေ |
| ၃၇ | မှော်ဝန်းသားဦးခင်ညွန့် | ဥပဒေ၏အထက်မှာ သစ်လုံးတွေတောင်လိုပုံလို့ | ၄၀၀၀ိ/- | ပန်းမျိုးတစ်ရာစာပေ |
| ၃၈ | ဒေါက်တာသစ်လွင် | တရားအားထုတ်မှုလမ်းခရီးမှ တရားစကားများ အတွဲ(၁) | ၃၅၀၀ိ/- | မိတ်ဆွေများစာပေ |
| ၃၉ | အောင်နိုင် | ဒီမိုကရေစီလက်စွဲ | ၂၅၀၀ိ/- | ဖရီးဒမ်းစာပေ |
| ၄၀ | မောင်ကျော်သာ(ပဲခူး) | စင်ကာပူမှာလုပ်သည် | ၂၀၀၀ိ/- | ကျားချောင်းစာပေ |
| ၄၁ | လှိုင်ဦးလှိုင် | နတ်မစောင့်တဲ့တရားနှင့်အခြားခံစားမှုစာစုများ | ၁၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၄၂ | ဥပဒေသုတေသီ ခင်ဝင်းမြင့် | မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နည်းဥပဒေများ | ၁၅၀၀ိ/- | ရှုတိုင်းယဉ်စာပေ |
| ၄၃ | ဦးကျော်ဇေယျ | မြေရာအဆောက်အအုံနှင့်အိမ်မြေဆိုင်ရာစာချုပ်ချုပ်ပုံ နမူနာများ | ၄၀၀၀ိ/- | မယ်နဲ့မောင်စာပေ |
| ၄၄ | ဒေါက်တာဖြိုးသီဟ | ကမ္ဘာကြီးရဲ့တောင်ပံတစ်စုံ | ၂၅၀၀ိ/- | wisdom house |
| ၄၅ | တမူးကဗျာအဖွဲ့ | မြေကြီးစကား ကဗျာအနုပညာ | ၂၅၀၀ိ/- | အဖြူရောင် ပဲ့တင်သံစာပေ |
| ၄၆ | မောင်ဆန္ဒ(လယ်ဝေး) | ကလေးတို့ဖတ်ဖို့ ကောသလအိပ်မက်(၁၆)ချက် | ၃၀၀ိ/- | ရွှေပဒေသာစာပေ |
| ၄၇ | လင်းပွင့်ဖြူ(ဒဿနိကဗေဒ) | နည်းနည်းသိ၊ များများလုပ်နှင့်အခြားဝတ္ထုတိုများ | ၂၀၀၀ိ/- | စာပေလောက-၁ |
| ၄၈ | ချစ်နိုင်(စိတ်ပညာ) | စာပေရေးသားနည်း(ပေါင်းချုပ်) | ၂၀၀၀ိ/- | နိုင်စာပေ |
| ၄၉ | အေးအေးသန်း | သက်မျှကြင်သူ | ၂၀၀၀ိ/- | ပန်းသတင်းစာပေ |
| ၅၀ | အောင်ရဲထွန်း(ဓာတု) | တစ်ခေတ်တစ်ယောက်ပထမမြန်မာတွေ ၂ | ၁၂၀၀ိ/- | ယဉ်မျိုးစာပေ |
| ၅၁ | မောင်သစ်ဝေ | ငှါဂီတကဗျာများ | ၁၅၀၀ိ/- | pica media |
| ၅၂ | အေးကမ္ဘာဒေါက်တာချစ် | သားဖွားမီးယပ်ဆိုင်ရာ အမေးအဖြေ | ၃၂၀၀ိ/- | စိတ်ကူးချိုချို |
| ၅၃ | | မူလမင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်း |
| ၅၄ | မောင်စင်ကြယ် | အမေရိကန် အိမ်ဖြူတော်မှ သမ္မတကြီးများ အတ္ထုပ္ပတ္တိ | ၆၀၀၀ိ/- | စိတ်ကူးချိုချို |
| ၅၅ | မောင်လှိုင်မွှေး | သရုပါသာဒ ပစ်ချက်များ | ၂၀၀၀ိ/- | စာပေလောက |
| ၅၆ | ခင်ခင်ညို | သိန်းဖေမြင့်၏ နိုင်ငံရေးလှုပ်ရှားမှု | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၅၇ | သာမဏေကျော် | ဝိပဿနာဆိုင်ရာအမေး(၂၂၂)အဖြေ(၂၂၂) | ၁၂၀၀ိ/- | |
| ၅၈ | ကျော်မြင့်အေး | ရည်းစားရှိတဲ့ အဖွားကလေးဟာသများ | ၇၀၀ိ/- | စိတ်ကူးချိုချို |
| ၅၉ | ဦးချိန်မြင့် | အခြေခံအင်္ဂလိပ်-မြန်မာ အဘိဓာန် | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၆၀ | အေးကြူလေး | မြန်မာ့ရုပ်ရှင်ငွေရတု သမိုင်းဝင်များ | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၆၁ | လွင်ပြင် | NLD၊ ဒီမိုကရေစီနှင့်မြန်မာ့တပ်မတော် ပြုပြင်ပြောင်းလဲရေး | ၂၀၀၀ိ/- | |
| ၆၂ | စိန်တလုံး | ဗိုလ်ချုပ်အောင်ဆန်း၏ ပုဂံမျိုးရိုးဘိုးဘေးတို့ဒေသ ‘မဲထီး’သို့မဟုတ် ရာဇဝင်ထဲကမင်းမဲထီး | ၂၅၀၀ိ/- | ရန်အောင်စာပေ |
| ၆၃ | San Lin Tun | An ismart Bus Ride and other Essays | ၃၀၀၀ိ/- | |
| ၆၄ | မသက်ဇင် | နှင်းဆီနီပွင့်ဖတ်ပေါ်က ပျားရည်တစ်စက်နှင့်အရိမန္ဒန | ၂၅၀၀ိ/- | |
| ၆၅ | သီဟလုလင် | သီဟလုလင်-၁၇ | ၂၀၀၀ိ/- | Global Piece Group |
| ၆၇ | အနော်မာ | ကြွေအောင်လည်းမပြောနဲ့၊ ကြောက်အောင်လည်း မပြောနဲ့ | ၁၅၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၆၈ | ဗမိုး | နိုင်ငံတကာအမေ နိုင်ငံတကာအဖေ | ၃၅၀၀ိ/- | စိတ်ကူးချိုချို |
| ၆၉ | ယဉ်မြတ်သက် | လုပ်ငန်းခွင်မေပျိုတို့လက်စွဲ | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၇၀ | အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒာဝရာဘိဝံသ | နိဗ္ဗာန်မှသည် ပရိနိဗ္ဗာန်ဆီသို့ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်း |
| ၇၁ | ဦးဉာဏ်ဝင်းထက် (စာပေဗိမာန်) | အမှတ်မထင်ဖူးမြင်လိုက်ရသောမထေရ်မြတ်တစ်ပါးနှင့်အတွေးအမြင်ဆောင်းပါးများ | ၂၀၀၀ိ/- | ဉာဏ်စာပေ |

## ပြည်တွင်းရေးရာ

# မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်ကို ငွေကျပ်သိန်း ၁၈၀၀ ကျော်သုံးစွဲ၍ အဆင့်မြှင့်တင်မည်

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်ကို လျာထားငွေကျပ်သိန်း ၁၈၀၀ ကျော်ဖြင့် ပြုပြင်၍ အဆင့်မြှင့်တင်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အလှူရှင် တပ်မတော် ကြည်း၊ ရေ၊ လေမိသားစုတို့မှ အဆိုပါပြတိုက်ကို အဆင့်မြှင့်တင်ခြင်းနှင့် နန်းခုံ၊ နန်းဆောင်များ၏ လိုအပ်မှုများ ပြုပြင်ထိန်းသိမ်းရန် ငွေကျပ် ၁၈၇၉၃၃၀၀၀ လျာထားခဲ့ရာ ယခုလအတွင်း လုပ်ငန်းများ စတင်ဆောင်ရွက်၍ အမြန်ဆုံးပြုပြင်ထိန်းသိမ်းသွားမည် ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညီမြင့်ထွန်းက ပြောသည်။

"ပြတိုက်ကျွမ်းကျင်ပညာရှင်တွေနဲ့ ပူးပေါင်းပြီး အဆင့်မီခင်းကျင်းပြသနိုင်ဖို့ ဆောင်ရွက်သွားမှာပါ။ ပြတိုက်ကို အဆင့်မြှင့်တင်တဲ့ လုပ်ငန်းအပြင် နန်းတော်ဆောင်တွေနဲ့ နန်းခုံအစိတ်အပိုင်းတွေကိုလည်း ပြုပြင်မှုတွေ လုပ်ဆောင်သွားမှာပါ"ဟု ၎င်းက ပြောသည်။



အဆိုပါ လျာထားငွေကို အောက်တိုဘာ ၁၇ ရက်တွင် လက်ခံရယူ၍ ယင်းနေ့မှာပင် မြဝတီဘဏ်တွင် အပ်နှံထားရှိပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ရုံးချုပ်)နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြပြီး ပြုပြင်မှုများ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အာမခံအကြောင်း သိကောင်းစရာ ဟောပြော

**ပုသိမ် အောက်တိုဘာ ၂၀**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ အာမခံ အသိပညာ တိုးတက်ပြန့်ပွားရေးအတွက် အာမခံအကြောင်း သိကောင်းစရာများ ဟောပြောပွဲကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက အမှတ် (၁၃)ရပ်ကွက် ကင်မလင်းကျွန်းရပ်ရှိ ကညန သင်တန်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ ရပ်ကွက်အတွင်းရှိ စိတ်ပါဝင်စားသူ ၁၅၀ ခန့် တက်ရောက်ခဲ့ပြီး မြန်မာ့အာမခံလုပ်ငန်း၊ တိုင်းဒေသကြီးတာဝန်ခံ ဒေါ်နုနုစိုးက အာမခံ၏အဓိပ္ပာယ်သဘောတရားနှင့် မြန်မာ့အာမခံလုပ်ငန်း၏ ရည်ရွယ်ချက်၊ မြန်မာ့အာမခံလုပ်ငန်း၊ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော သူတစ်ပါးထိခိုက်မှု အာမခံလုပ်ငန်း၊ မီးနှင့် အထွေထွေအာမခံလုပ်ငန်း၊ အသက်အာမခံလုပ်ငန်း၊ ရေကြောင်းပို့ကုန်ပစ္စည်း အာမခံလုပ်ငန်း၊ ခရီးသွားအာမခံလုပ်ငန်း၊ ရေယာဉ်ပိုင်ရှင်တာဝန်ရှိမှု အာမခံလုပ်ငန်း၊ ကျန်းမာရေး အာမခံလုပ်ငန်းအကြောင်း ရှင်းလင်းဟောပြောပြီး မြန်မာ့အာမခံလုပ်ငန်းမှ ပေးလျော်နေသော လျော်ကြေးငွေများအကြောင်း အကျုံးဝင်မှု/မဝင်မှုများနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းရာ တာဝန်ခံ ဒေါ်နုနုစိုးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မြင့်ဟန်( ပြန်/ဆက် )**

# ပိုးသတ်ဆေးနှင့် မြေဩဇာဆိုင်ရာအချက်အလက်များနှင့် ဥပဒေအကြောင်း ရှင်းလင်းဆွေးနွေး

**နွားထိုးကြီး အောက်တိုဘာ ၂၀**

နွားထိုးကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပိုးသတ်ဆေးနှင့် မြေဩဇာဆိုင်ရာ အချက်အလက်များနှင့် ဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်နွဲ့နွဲ့အေးက ပိုးသတ်ဆေးဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်မာမာတင်က မြေဩဇာဆိုင်ရာ အချက်အလက်များနှင့် ဥပဒေအကြောင်းကို လည်းကောင်း၊ နွားထိုးကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ထားနွယ်က စိုက်ပျိုးရေးဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်များကိုလည်းကောင်း ရှင်းလင်းခဲ့သည်။

ထို့နောက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ သိရှိလိုသည့် မြေဩဇာ၊ ပိုးသတ်ဆေး၊ လိုင်စင်များနှင့် ဥပဒေအကြောင်းများကို စိုက်ပျိုးရေးဝန်ထမ်းများက ပြန်လည်ဆွေးနွေးခဲ့သည်။ **သန်းအောင်ဇော်(ပြန်/ဆက်)**

# Dagon FC ဘောလုံးအသင်း အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုကြိုဆို

**ရန်ကုန် အောက်တိုဘာ ၂၀**

ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့တွင် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ပီရူး၊ မိုဇမ်ဘစ်၊ တန်ဇန်းနီးယား၊ ဟေတီ၊ ဘရွန်ဒီးယား၊ တီမောလက်စ်တေ နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ ၁၁ နိုင်ငံတို့မှ အသင်းပေါင်း ၁၇ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည့် Viettel World Cup 2016 ပြိုင်ပွဲ၌ ပထမဆုရရှိခဲ့သော Dagon FC ဘောလုံးအသင်းသည် အောက်တိုဘာ ၁၉ ရက် ညနေ ၆ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ Dagon FC အသင်းမှ တာဝန်ရှိသူများ၊ Myanmar National Tele Communication Co.,Ltd မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များက အောင်သပြေပန်းစည်းများဖြင့် ကြိုဆိုခဲ့ကြသည်။

မြန်မာနိုင်ငံကိုယ်စားပြု Dagon FC ဘောလုံးအသင်းသည် အုပ်စုတွင်းပွဲစဉ်များနှင့် အကြိုဗိုလ်လုပွဲ ပွဲစဉ်များတွင် ပြိုင်ဘက်အသင်းများအား အနိုင်မခံ အရှုံးမပေး အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ဗိုလ်လုပွဲတွင် ဗီယက်နမ် B2 အသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင် ရရှိခဲ့ပြီး Viettel World Cup 2016 ဆုဖလားရရှိခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။



**(သန့်ဇင်ဦး)**

# စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၃)ရပ်ကွက် (အလိမ္မာဉယျာဉ်) သဇင်အောင်စာကြည့်တိုက် ကော်မတီတို့ ပူးပေါင်း၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၁၆) ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက သဇင်အောင်စာကြည့်တိုက်၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်/ဆက်ဦးစီးဌာနမှ နည်းပြဆရာမ ရှစ်ဦးတို့က စာကြည့်တိုက်နှင့် သက်ဆိုင်သော စီမံခန့်ခွဲမှုနည်းများ၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ၊ ၂၁ရာစု စာကြည့်တိုက်မှူးများ၏ အရေးပါပုံများ၊ ယနေ့ပညာခေတ်တွင် စာကြည့်တိုက်မှူးများ၏ ပညာအရည်အသွေး မြှင့်တင်ခြင်းဆိုင်ရာများကို (ပရိုဂျက်တာ)ဖြင့် ရှင်းလင်းဆွေးနွေးသင်တန်းပို့ချခဲ့သည်။

အဆိုပါသင်တန်းမှာ အောက်တိုဘာ ၁၉ ရက် မှ အောက်တိုဘာ ၂၀ ရက်ထိဖြစ်ပြီး သင်တန်းသား ၃၀ တက်ရောက်ကြောင်း သိရသည်။

**ဆုလှိုင် (IPRD)**

# ၂၀၁၆-၂၀၁၇ ပညာသင်နှစ် စတုတ္ထတန်းဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**ကော့ကရိတ် အောက်တိုဘာ ၂၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်လုံးကျွတ် ၂၀၁၆-၂၀၁၇ပညာသင်နှစ် စတုတ္ထတန်းသင် ဆရာ ဆရာမများ၏ စတုတ္ထတန်းဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ကျင်းပရာ ကော့ကရိတ်ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး(စီမံ) ဆရာကြီး ဦးထွန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကော့ကရိတ်မြို့နယ်ပညာရေးမှူး ဦးစောရွှေကြည်က အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကော့ကရိတ်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းကျောင်းများမှ ဆရာ ဆရာမ ၇၁၈ ဦး တက်ရောက်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးထက်အောင်(ပြန်/ဆက်)**




# တီဘီနှင့် ငှက်ဖျားဝေဒနာရှင်များအတွက် ကျန်းမာရေးဆွေးနွေး

**လောင်းလုံး အောက်တိုဘာ ၂၀**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်းရှိ တီဘီဝေဒနာရှင်များနှင့် ငှက်ဖျားဝေဒနာရှင်များ ထိရောက်စွာ ကုသနိုင်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဝေါလ်ဗီးရှင်းတို့ပူးပေါင်းကာ ယမန်နေ့နံနက် ၉ နာရီမှ ၁၁နာရီအထိ မြို့နယ်ပြည်သူ့ဆေးရုံ ကျန်းမာရေးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးကဏ္ဍများနှင့်ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရသည်။

ယင်းသို့ဆွေးနွေးရာတွင် ဝေါလ်ဗီးရှင်းမှ ဒေါ်မိမိချိုက မိတ်ဆက်စကားပြောကြားပြီး တီဘီနှင့် ပတ်သက်သော လုပ်ငန်းစဉ်များ၊ ဦးဇာနည်စိုးမိုးက ငှက်ဖျားနှင့်ပတ်သက်သောလုပ်ငန်းစဉ်များ၊ မိခင်နှင့်ကလေးတာဝန်ခံတစ်ဦးက မိခင်ကလေးနှင့်ပတ်သက်သောလုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြပြီး တက်ရောက်လာသော ရပ်ကွက်/ကျေးရွာကျန်းမာရေးမှူးနှင့် ဆရာ ဆရာမများက သိရှိလိုသည်များကို တင်ပြဆွေးနွေးကြောင်း သိရသည်။



အဆိုပါဆွေးနွေးပွဲသည် ကျန်းမာရေးဌာနနှင့် တီဘီ၊ ငှက်ဖျား၊ မိခင်နှင့်ကလေးလုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျေးရွာစေတနာ့ဝန်ထမ်းများနှင့် ကျေးရွာရှိကျန်းမာရေး ဆရာ ဆရာမများနှင့် ချိတ်ဆက်ပြီးလုပ်ဆောင်တတ်ရန်၊ ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ လုပ်ငန်းစဉ်များ ဆွေးနွေးခြင်း၊ အခက်အခဲများတင်ပြရန်နှင့် ၂၀၁၇ ခုနှစ်အတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား ပူးပေါင်းဆွေးနွေးကြကြောင်း သိရသည်။ **စိုးထွန်း(ပြန်/ဆက်)**

# ၁၉၉၀ ပြည့်နှစ်ခန့်က ရုပ်သံဇာတ်လမ်းတွဲကို ပြန်လည်ပုံဖော်မည့် လီယိုနာဒို

ရုပ်ရှင်သရုပ်ဆောင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာများကိုလည်း တက်ကြွစွာလှုပ်ရှားဆောင်ရွက်သူ ဟောလိဝုဒ်မင်းသား လီယိုနာဒို ဒီကာပရီယိုက ၁၉၉၀ ပြည့်နှစ်ခန့်က ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် Captain Planet ဇာတ်ကားကို ပြန်လည်ပုံဖော်ရိုက်ကူးသွားဖွယ်ရှိကြောင်း ဟောလိဝုဒ်ရီပိုတာသတင်းဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လီယိုနာဒိုအနေဖြင့် ယင်းဇာတ်ကားကို ပါရာမောင့်ရုပ်ရှင်ထုတ်လုပ်ရေးနှင့်ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ပြီးယင်းနှင့်ပတ်သက်၍ "ကျွန်တော့်ရဲ့ အနုပညာသက်တမ်းတစ်လျှောက် ပါရာမောင့်နဲ့ တွဲဖက်ပြီး အောင်မြင်မှုတွေအများကြီးရခဲ့ဖူးတာမို့ အခုလို ထပ်မံလက်တွဲဆောင်ရွက်ရမှာကို စိတ်ကျေနပ်မိပါတယ်"ဟု အသက်(၄၁)နှစ်အရွယ်ရှိ မင်းသားလီယိုနာဒိုက ဆိုသည်။

"မင်းသား လီယိုနာဒိုဟာ ပင်ကိုစွမ်းရည်မြင့်မားတဲ့ အနုပညာရှင်တစ်ဦးဖြစ်ပါတယ်။ နောက်ပြီး အနုပညာလောကမှာလည်း ဩဇာအလွှမ်းမိုးဆုံးသူတစ်ဦးဖြစ်ပါတယ်"ဟု ပါရာမောင့်မှ စီအီးအိုဖြစ်သူ ဂရေးက ဆိုသည်။

မျိုးစန္ဒာမောင် – စုစည်းသည်

# လက်ထပ်ပွဲတွင် ဒေါ်လာ နှစ်သောင်းကျော်တန် လက်ထပ်ဝတ်စုံ ဆင်မြန်းခဲ့သည့် ဒိုင်ယာနာ အက်ဂရွန်



အမေရိကန်မင်းသမီး ဒိုင်ယာနာအက်ဂရွန်သည် ပြီးခဲ့သည့် အောက်တိုဘာ ၁၅ ရက်က Mumford & Sons ရော့ခ်ဂီတအဖွဲ့မှ ဗြိတိန်တေးသံရှင် ဝင်စတန်မာရှယ်လ်နှင့် လက်ထပ်ခဲ့ပြီး ၎င်း၏ လက်ထပ်ပွဲတွင် ဒေါ်လာ နှစ်သောင်းကျော်တန် လက်ထပ်ဂါဝန်ကို ဝတ်ဆင်ခဲ့ကြောင်း သိရသည်။

အဆိုပါဂါဝန်ကို မတ်လအတွင်းက Paris Fashion Week တွင် မော်ဒယ်များက ဝတ်ဆင်ပြသခဲ့ပြီး ဂါဝန်ကို ကျောက်မျက်ရတနာများဖြင့် အသေးစိတ်ခြယ်မှုန်းထားကြောင်းသိရသည်။

မင်းသမီး အက်ဂရွန်နှင့် တေးသံရှင် ဝင်စတန်မာရှယ်လ်တို့သည် ချစ်ကြိုးသွယ်၍ လပိုင်းအကြာတွင် စေ့စပ်ခဲ့ပြီး လက်ထပ်ပွဲကို အောက်တိုဘာ ၁၅ ရက်က မော်ရိုကိုနိုင်ငံ Marrakech မြို့တွင် ကျင်းပခဲ့ခြင်းဖြစ်ကာ ဗြိတိန်မင်းသမီး Carey Mulligan တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

သရုပ်ဆောင်ပိုင်းဆိုင်ရာတွင်သာမက အဆိုပညာ၊ အကပညာတို့ တတ်ကျွမ်းရုံသာမကဘဲ တေးသီချင်း ဗီဒီယိုများ၏ ဒါရိုက်တာတစ်ဦးလည်းဖြစ်သူ အက်ဂရွန်၏ အနုပညာလှုပ်ရှားမှုအသစ်အနေဖြင့် မကြာမီထွက်ရှိလာမည့် သည်းထိတ်ရင်ဖို ဇာတ်ကား The Crash တွင်လည်း ခေါင်းဆောင်မင်းသမီးတစ်ဦးအဖြစ် ပါဝင်ထားသည်။

# ၁၉၉၂ ခုနှစ်က လော့စ်အိန်ဂျလိစ်မြို့၌ ဖြစ်ပွားခဲ့သည့် အဓိကရုဏ်းများအကြောင်းကို ပြန်လည်ပုံဖော်မည့် ကိုရီးယားနွယ်ဖွား အမေရိကန်မင်းသား Justin Chon

ကိုရီးယားနွယ်ဖွား အမေရိကန်မင်းသားတစ်ဦးဖြစ်သည့် Justin Chon က ၁၉၉၂ ခုနှစ်က အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ဖြစ်ပွားခဲ့သည့် အဓိကရုဏ်းများအကြောင်းကို ဇာတ်လမ်းတစ်ပုဒ်အဖြစ် ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်းသိရသည်။



GOOK ဇာတ်ကား၏ ရိုက်ကွင်းတစ်နေရာ။

The Twilight Saga ရုပ်သံဇာတ်လမ်းတွဲတွင် Eric Yorkie အဖြစ် လူသိများခဲ့သူ မင်းသား Justin Chon အနေဖြင့် ယင်းဇာတ်ကားတွင် ထုတ်လုပ်သူ၊ ဒါရိုက်တာနှင့် သရုပ်ဆောင်တစ်ဦးအဖြစ်လည်း ပါဝင်သွားမည်ဖြစ်ပြီး ဇာတ်ကားအမည်ကို GOOK ဟု အမည်ပေးထားကြောင်း သိရသည်။

GOOK ဇာတ်ကား၏ ဇာတ်လမ်းအကျဉ်းကို အင်တာနက်စာမျက်နှာတွင် အသေးစိတ်ဖော်ပြခဲ့ပြီး Justin Chon အအနေဖြင့် အဆိုပါအဓိကရုဏ်းဖြစ်ရပ်ကို အသက်(၁၀)နှစ်အရွယ်တွင် ကြုံတွေ့ခဲ့ရပြီး ယင်းဖြစ်ရပ်များကို ယနေ့ထက်တိုင် မှတ်မိနေဆဲဖြစ်ကြောင်းလည်း သိရသည်။

"အဲဒီဖြစ်ရပ်တွေဖြစ်ပွားတုန်းက ကျွန်တော့်အသက်က တော်တော်ကို ငယ်သေးတာ။ အားလုံးကိုတော့ မမှတ်မိတော့ဘူး။ ဒါပေမယ့် အဲဒီတုန်းကဖြစ်ရပ်တွေက အခုချိန်ထိ ကျွန်တော့်အပေါ် အရာထင်နေတုန်းပဲ"ဟု Justin Chon က ကိုရီးယားဒေးလီးသို့ ပြောသည်။ ဆက်လက်ပြီး GOOK ဇာတ်ကားရိုက်ကူးဖြစ်ပုံနှင့်ပတ်သက်၍ "အဲဒီ ကြေကွဲဖွယ်အဖြစ်အပျက်ကြီးဖြစ်ပွားခဲ့တာ အချိန် ၂၅ နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အဲဒီလိုအဖြစ် အပျက်တွေ၊ လူမျိုးရေးပဋိပက္ခတွေက ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ ထပ်တလဲလဲဖြစ်နေတဲ့အတွက် သင်ခန်းစာယူနိုင်ဖို့ ဒီဇာတ်ကားလေးကို ရိုက်ကူးဖို့ စီစဉ်ဖြစ်ခဲ့တာပါ"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။ Justin Chon ၏ သရုပ်ဆောင်ပိုင်းဆိုင်ရာလှုပ်ရှားမှုအနေဖြင့် ယခုနှစ်အတွင်းတွင် Heartbeats နှင့် Like Lambs ဇာတ်ကားတို့တွင် ပါဝင်သရုပ်ဆောင်ထားသည်။



## စာချုပ်သက်တမ်းပြည့်ပြီဖြစ်၍ အေဂျင်စီနှင့် နှုတ်ဆက်တော့မည့် ကင်မ်ရီဝန်

တောင်ကိုရီးယား တေးသံရှင်နှင့် မင်းသမီးတစ်ဦးဖြစ်သူ ကင်မ်ရီဝန်က ၎င်း၏ လက်ရှိအေဂျင်စီဖြစ်သည့် စတားအင်ပါယာအင်န်တာတိန်းမန့်နှင့် မကြာမီတွင် စာချုပ်သက်တမ်းပြည့်မည် ဖြစ်သော်လည်း စာချုပ်သက်တမ်း ထပ်မံမတိုးဘဲ အေဂျင်စီမှ ထွက်ခွာမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

"အခုလ ၂၁ ရက်မှာ ရီဝန်နဲ့ စာချုပ်ပြည့်မှာဖြစ်ပါတယ်။ သူနဲ့စာချုပ်သစ် ပြန်မချုပ်တော့ပါဘူး"ဟု စတားအင်ပါယာအင်တာတိန်းမန့်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ် ၂၁ - ၁၀ - ၂၀၁၆ (သောကြာနေ့)

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၉း၃၅ | အနုပညာသတင်း အစီအစဉ် |
| ၁၀း၃၅ | Weekly Sport Info |
| ၁၁း၃၅ | အလုပ်သမားရေးရာ အစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၁၅) |
| ၁း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ" (အပိုင်း-၂၃) |
| ၂း၂၀ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (စိုးလင်းဦးနှင့်နီဝီဆိုရမ်) |
| ၂း၃၅ | လက်တွေ့အသုံးချဘဏ္ဍာရေး သုတများ |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၂၄) |
| ၄း၁၅ | "ရိုးရာဓလေ့အောက်က ကယန်းအမျိုးသမီးတွေရဲ့အကြောင်း" |
| ၄း၃၅ | Football Magazine (ရတနာပုံယူနိုက်တက်အသင်း) |
| ၅း၁၅ | Catch Asia News (17+18) |
| ၅း၃၅ | Hyper Sport |
| ၆း၂၀ | "ရုပ်ရှင်ရိုက်မယ်"(လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်) (ခရီးဆက်သူ၊ အခွင့်အရေး) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၂၅) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် (စတုတ္ထနေ့) -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၂၄) -သမိုင်းကိုဖော်ပြသောဝါကျများ (လူ့ရှင်တော်ကြီးဦးစိန်ဘီးနှင့် တွေ့ဆုံခြင်း) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၅ | မေတ္တာပို့ |
| ၇း၂၅ | ဓမ္မပူဇာတေး |
| ၇း၃၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | နှစ်(၈၀)ကျော်ကြားတေးများ |
| ၉း၂၀ | အမှတ်တရနေ့ရက်လေးများ |
| ၉း၄၀ | ကျန်းမာသုတ |
| ၉း၅၀ | ရင်မှာစွဲလန်းတော်ဝင်ပန်း |
| ၁၀း၁၅ | Books Guide |
| ၁၀း၂၅ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၁၀း၄၅ | သီချင်းလက်ဆောင် |
| ၁၁း၁၀ | ဘောလုံးကန်ကြမယ် |
| ၁၁း၂၀ | မြန်မာ့ရှုခင်း |
| ၁၁း၃၅ | Sportcast |
| ၁၁း၄၅ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၁း၅၅ | ဇာတ်လမ်းတို |
| ၁၂း၁၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၂း၂၅ | Cooking Art |
| ၁၂း၃၅ | DVD Hits |
| ၄း၂၅ | ခံစားနားဆင်လက်ဆော့ ဝတ်ရည်တေးသံစဉ် |
| ၄း၄၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၄း၄၅ | Sportcast |
| ၅း၂၅ | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| ၅း၃၅ | ရောင်စုံဖြာဝေဂျပန်မြေ |
| ၅း၄၅ | လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ် |
| ၆း၁၀ | ရှုမောဖွယ်ရာရွှေရုပ်လွှာ |
| ၆း၃၀ | " ရွာ" ဟာသဇာတ်လမ်းတွဲ ဒါရိုက်တာ - မိုးဇော်ကို |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နေတစ်စင်းရဲ့ဆည်းဆာ အပိုင်း(၂၀) - VOAအင်္ဂလိပ်စာ သင်ခန်းစာ - သံစဉ်များနှင့်ကမ္ဘာ - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - Lucky Door |

# ဘာစီလိုနာ၊ အာဆင်နယ်နဲ့ ဘိုင်ယန်မြူးနစ်တို့ ဂိုးပြတ်နိုင်ပွဲ ရရှိခဲ့ပြီး အိမ်ကွင်းမှာ ရှုံးပွဲ ကြုံခဲ့ရတဲ့ နာပိုလီ







**အောက်တိုဘာ ၂၀ရက် မနက်အစောပိုင်းက ယှဉ်ပြိုင်ခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်များတွင် ဘာစီလိုနာက မန်စီးတီးကို လေးဂိုးပြတ်၊ အာဆင်နယ်က လူဒိုဂိုးရက်စ်အသင်းကို ခြောက်ဂိုးပြတ်၊ ဘိုင်ယန်မြူးနစ်က ပီအက်စ်ဗွီကို လေးဂိုး-တစ်ဂိုးဆိုတဲ့ ရလဒ်တွေနဲ့ အသီးသီး အနိုင်ယူနိုင်ခဲ့ကြပါတယ်။ ဒါပေမယ့် နာပိုလီက ဘီဆီတပ်စ်အသင်းကို အိမ်ကွင်းမှာပဲ သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပေမယ့် မိုချန်ဂလာဘတ်၊ အက်သလက်တီကိုနဲ့ ဘင်ဖီကာ အသင်းတွေက အဝေးကွင်းနိုင်ပွဲ ရယူခဲ့ကြပါတယ်။ ဘာစီလိုနာ-မန်စီးတီးပွဲမှာတော့ မက်ဆီ ဟက်ထရစ်ဂိုးသွင်းယူနိုင်ခြင်း၊ ဘာစီလိုနာနဲ့ ဆုံတိုင်း ရလဒ်ဆိုးတဲ့ အစဉ်အလာကို ဂွါဒီယိုလာ အခုထိ မဖယ်ရှားနိုင်သေးခြင်းအပြင် အနီကတ်နှစ်ကတ်ပြသခဲ့တာကလည်း ထူးခြားချက်တွေအဖြစ် မှတ်တမ်းတွေ ကျန်ရစ်ခဲ့ပါတယ်။**

### ဘာစီလိုနာကို ပြိုင်ဘက်အဖြစ်ရင်ဆိုင်တိုင်း ရလဒ်ဆိုးနေတဲ့ အစဉ်အလာကို မဖယ်ရှားနိုင်သေးတဲ့ ဂွါဒီယိုလာ

ဘာစီလိုနာရဲ့ အိမ်ကွင်း နျူးကမ့်မှာ သွားရောက်ရင်ဆိုင်ရတဲ့ မန်စီးတီး အတွက်တော့ ထင်ထားတာထက်ပိုပြီး ဆိုးရွားတဲ့ ရလဒ် တွေ့ကြုံခဲ့ရတယ်လို့ ဆိုရမှာပါ။ ဂွါဒီယိုလာဟာ အခုပွဲစဉ်မှာ တိုက်စစ်မှူး စစ်စစ်မပါဘဲ ဒီဘရိုင်းကို တိုက်စစ်တု ကစားသမား (False Nine ) အဖြစ်ထားပြီး စတာလင်း၊ နိုလီတို၊ ဆေးလ်ဗားတို့က ဒီဘရိုင်းရဲ့ အဆုံးသတ်ပိုင်းကို ပံ့ပိုးတဲ့ ပုံစံနဲ့ ဗျူဟာ ချခဲ့ပါတယ်။ ဒါကြောင့်လည်း မန်စီးတီးဟာ ပထမပိုင်းတစ်လျှောက်လုံး ဘာစီလိုနာကို ယှဉ်ကစားနိုင်ပေမယ့် မန်စီးတီးမှ ဖာနန်ဒင်ဟိုရဲ့ အမှားကြောင့် ပွဲချိန် ၁၇မိနစ်မှာ မက်ဆီက ဂိုးသမား ဘရာဗိုကို ကျော်ပြီး ဦးဆောင်ဂိုးကို သွင်းယူခဲ့ပါတယ်။ ဦးဆောင်ဂိုး ပေးလိုက်ရတဲ့ မန်စီးတီးဟာ ချေပဂိုးရဖို့ တိုက်စစ်ပိုင်း အစွမ်းကုန်မြှင့်ပြီး ကစားခဲ့လို့ ပွဲဟာ ပိုပြီးကြည့်ကောင်းလာခဲ့တယ်။

ဒါပေမယ့် ပွဲကို အလှည့်အပြောင်းဖြစ်စေတာကတော့ မန်စီးတီး ဂိုးသမား ဘရာဗို တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်ကို ဥပဒေပ ဖျက်ထုတ်ခဲ့တဲ့အတွက် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံရတာကြောင့် တစ်ယောက်လျော့အနေအထားဖြစ်သွားတဲ့ မန်စီးတီးဟာ ဘာစီလိုနာကို ဘယ်လိုမှ ယှဉ်ကစားနိုင်ခြင်းမရှိတော့ပါဘူး။ ၁၀ ယောက်ကျန်အနေအထား ဖြစ်သွားခဲ့တဲ့ မန်စီးတီးအသင်းကို နည်းပြ ဂွါဒီယိုလာက နည်းစနစ်ပိုင်းအပြောင်းအလဲလုပ်ပြီး နိုလီတိုနဲ့ ဇာဘလက်တာတို့ကို ထုတ်ကာ နောက်တန်း သုံးယောက်တွဲ ခံစစ်ပုံစံကို ပြောင်းလဲခဲ့လို့ ဘာစီလိုနာအကြိုက် ဖြစ်သွားခဲ့ပြီး မက်ဆီက ပွဲချိန် ၆၁နဲ့ ၆၉ မိနစ်တွေမှာ သွင်းဂိုးတွေ ဆက်တိုက်သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ သုံးဂိုးပေးခဲ့ပြီးနောက်မှတော့ မန်စီးတီး ကစားအား သိသိသာသာ ကျဆင်းသွားခဲ့ပြီး ပွဲချိန်၈၉မိနစ်မှာ နေမာ တစ်ဂိုးထပ်သွင်းနိုင်ခဲ့လို့ ပွဲအပြီးမှာ ဘာစီလိုနာက လေးဂိုးပြတ်အနိုင်ရရှိခဲ့တာဖြစ်ပါ တယ်။

### ဘာစီလိုနာ- မန်စီးတီးပွဲရဲ့ထူးခြားချက်များ

- မက်ဆီသည် အင်္ဂလန်အသင်းများနှင့် ရင်ဆိုင်ခဲ့သည့် စုစုပေါင်း ၁၃ ပွဲတွင် သွင်းဂိုး ၁၆ဂိုး အထိ သွင်းယူနိုင်ခဲ့သည့် ကစားသမားဖြစ်လာခဲ့သည်။
- ယခုကဲ့သို့ လေးဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းသည် မန်စီးတီးအတွက် ချန်ပီယံလိဂ် အကြီးမားဆုံး ရှုံးပွဲကြုံခဲ့သည့် ပထမဆုံးပွဲစဉ်လည်း ဖြစ်လာခဲ့သည်။
- မက်ဆီ သွင်းယူခဲ့သည့် အဖွင့်ဂိုးသည် ၂၀၁၆ခုနှစ်အတွင်း မက်ဆီ-ဆွာရက်ဇ် - နေမာတို့ သုံးဦးပေါင်း သွင်းယူသည့် ဂိုး ၁၀၀မြောက် သွင်းဂိုးဖြစ်သည်။
- ယခုပွဲတွင် နေမာ ပင်နယ်တီလွဲချော်ခဲ့သဖြင့် ဘာစီလိုနာအသင်းသည် ၂၀၁၅-၁၆ဘောလုံးရာသီမှ စတင်ကာ ပင်နယ်တီ(၂၇)ကြိမ် ကန်ခွင့်ရခဲ့ရာ ၁၁ ကြိမ်မြောက် ပင်နယ်တီ လွဲချော်မှုလည်း ဖြစ်ခဲ့သည်။
- ဂွါဒီယိုလာသည် ဘာစီလိုနာအသင်းအား ပြိုင်ဘက်အဖြစ် သုံးကြိမ်တွေ့ဆုံခဲ့ရာ သွင်းဂိုး ကိုးဂိုးအထိ ခွင့်ပြုခဲ့ရသည့်မှတ်တမ်းဆိုးကို ရရှိခဲ့သည်။

### အိုဇေးလ်ရဲ့ဟက်ထရစ်သွင်းဂိုး

ပရီမီယာလိဂ်ကလပ် အာဆင်နယ်နဲ့ ဘူလ်ဂေးရီးယားကလပ် လူဒိုဂိုးရက်စ်တို့ရဲ့ ပွဲစဉ်တွေမှာတော့ အာဆင်နယ်ဟာ ဆန်းချက်ဇ်၊ ချိန်ဘာလိန်၊ ဝဲလ်ကော့တို့ရဲ့ သွင်းဂိုးတွေအပြင် အိုဇေးလ်ရဲ့ ဒုတိယပိုင်း ဟက်ထရစ်ဂိုး (သွင်းဂိုး သုံးဂိုး)နဲ့ ခြောက်ဂိုးပြတ်အနိုင်ရလဒ်ကို ဖော်ဆောင်နိုင်ခဲ့ပါတယ်။ အာဆင်နယ်အတွက် အဖွင့်ဂိုးကို သွင်းယူခဲ့တဲ့ ဆန်းချက်ဇ်ရဲ့ သွင်းဂိုးဟာ အလွန်လှပသေသပ်ခဲ့ပြီး ဒီဂိုးက သူရဲ့ ထိပ်တန်းကစားသမား တစ်ဦးဖြစ်တယ်ဆိုတဲ့ အချက်ကို သက်သေပြနိုင်ခဲ့ပါတယ်။ အဲဒီနောက် ချိန်ဘာလိန်၊ ဝဲလ်ကော့ တို့က ဂိုးတွေ ဆက်တိုက်သွင်းယူခဲ့လို့ အာဆင်နယ်ဟာ ပထမပိုင်းမှာပဲ သုံးဂိုးပြတ်နဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။

ဒုတိယပိုင်းကတော့ အိုဇေးလ်ရဲ့ ပွဲလို့ ဆိုရလောက်အောင် ပွဲချိန် ၅၆၊ ၈၃နဲ့ ၈၇မိနစ်တွေမှာ ဂိုးတွေ ဆက်တိုက်သွင်းယူနိုင်ခဲ့တဲ့အတွက် သူ့ရဲ့ ရှားရှားပါးပါး ဟက်ထရစ်ဂိုးကို ပရိသတ်တွေ မြင်တွေ့ခဲ့ရသလို ဒီပွဲရဲ့ အကောင်းဆုံးကစားသမားဆုကိုလည်း အိုဇေးလ်ကပဲ ရရှိခဲ့ပါတယ်။ အာဆင်နယ် ဟာ ချယ်လ်ဆီးနဲ့ပွဲစဉ်က စလို့ အချိန်မရွေး ဂိုးသွင်းနိုင်မယ်လို့ ယုံကြည်မှုရှိနေတဲ့အတွက် အခုလို ဂိုးကွာခြားချက် များများရယူနိုင်မယ့် ပွဲစဉ်တွေမှာလည်း ဂိုးပြတ်အောင်ပွဲ ရယူနိုင်ခဲ့တာဖြစ်တယ်လို့ သုံးသပ်ရပါမယ်။

### အာဆင်နယ်- လူဒိုဂိုးရက်စ်ပွဲစဉ် ထူးခြားချက်များ

ဝဲလ်ကော့နှင့် ချိန်ဘာလိန်တို့နှစ်ဦး ဂိုးသွင်းယူနိုင်သဖြင့် ( စပါတာပရပ်ဂ် အားရင်ဆိုင်ခဲ့သည့်ပွဲစဉ်တွင် ရေးလ်ပါလာနှင့် ဒစ်ဆန်တို့နှစ်ဦး ) ပြီးနောက် ပွဲစဉ်တစ်ပွဲတည်းမှာပင် အင်္ဂလိပ်ကစားသမားနှစ်ဦး ချန်ပီယံလိဂ် ဂိုးသွင်းနိုင်သည့် ပွဲစဉ်ဖြစ်လာခဲ့သည်။

အာဆင်နယ်သည် ခြောက်ဂိုးပြတ်အနိုင်ရရှိခဲ့သဖြင့် ၂၀၁၀ခုနှစ် စက်တင်ဘာလနောက်ပိုင်း ပထမဆုံး ခြောက်ဂိုးပြတ် အနိုင်ရရှိသော ချန်ပီယံလိဂ် ပွဲစဉ်လည်း ဖြစ်လာခဲ့သည်။

ဝဲလ်ကော့၏သွင်းဂိုးကို ဂိုးဖန်တီးနိုင်ခဲ့သူ အိုဇေးလ်မှာ ယခုနှစ် အာဆင်နယ်၏ ပွဲစဉ်၁၀ပွဲတွင် ပထမဆုံး ဂိုးဖန်တီးမှုလည်း ဖြစ်လာခဲ့သည်။

## ဘာစီလိုနာအား လေးဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းက သူ၏ နည်းပြဘဝ အဆိုးရွားဆုံး ရလဒ် မဟုတ်ဟု ဂွါဒီယိုလာ ယူဆ



ဂွါဒီယိုလာသည် အသင်းဟောင်း ဘာစီလိုနာအား လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့ခြင်းက သူ၏ နည်းပြဘဝတွင် အဆိုးရွားဆုံး ရလဒ် မဟုတ်သေးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် ဂွါဒီယိုလာမှာ ဂိုးသမား ဘရာဗို အထုတ်ခံရသလို သူ၏ တပည့်ဟောင်း မက်ဆီ၏ သွင်းဂိုး သုံးဂိုး အပါအဝင် လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သည်။ သို့သော် ဂွါဒီယိုလာက ၂၀၁၄ ခုနှစ် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတွင် ရီးယဲလ်မက်ဒရစ်အား လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့ခြင်းက သူ၏ နည်းပြသက်တမ်းတစ်လျှောက်တွင် အဆိုးရွားဆုံးရလဒ်ဖြစ်ခဲ့ကြောင်း ပြောကြားလိုက်သည်။ ဂွါဒီယိုလာက ရီးယဲလ်အား ရင်ဆိုင်ခဲ့သည့် ပွဲစဉ်တွင် လူထုတ်ပုံ၊ နည်းစနစ်ပိုင်းအားလုံး မှားယွင်းခဲ့ပြီး ရီးယဲလ်ကို အဘက်ဘက်တွင် မည်သို့မျှ မယှဉ်နိုင်ခဲ့ကြောင်း ဖွင့်ဟလိုက်သည်။

"ပြီးခဲတဲ့ ၂၀၁၄ ခုနှစ် ဘိုင်ယန်ဟာ အဲဒီပွဲမှာ ဂိုးဖန်တီးမှု၊ ဂိုးပေါက်ခြိမ်းခြောက်မှုတွေ လုံးဝပြုလုပ်နိုင်ခြင်းမရှိပေမယ့် ဒီနေ့ပွဲမှာတော့ ကျွန်တော်တို့အသင်းဟာ ဂိုးရနိုင်မယ့် အခွင့်အရေးနှစ်ကြိမ်လောက် ဖန်တီးနိုင်ခဲ့ပါတယ်" ဟု ဂွါဒီယိုလာက ရှင်းပြသည်။ ဂွါဒီယိုလာက ဘာစီလိုနာ၏ အရည်အသွေးပိုင်းနှင့် ပတ်သက်၍ ချီးကျူးခဲ့သော်လည်း မန်စီးတီးမှာ ဂိုးမသွင်းနိုင်သည်မှလွဲ၍ ပွဲကို ထိန်းချုပ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။



## ချန်ပီယံလိဂ် အိမ်ကွင်း သွင်းဂိုးစံချိန်ကို မက်ဆီ ရယူ

**ဘာစီလိုနာ စူပါစတား လီယွန်နယ် မက်ဆီမှာ မန်စီးတီးနှင့် ပွဲစဉ်တွင် သွင်းဂိုး သုံးဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ် အိမ်ကွင်းတွင် ဂိုးအများဆုံးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းသစ်တစ်ရပ်ကို ရရှိခဲ့သည်။ မက်ဆီသည် ယခင် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ရာအူးလ် ရယူခဲ့သည့် ချန်ပီယံလိဂ် အိမ်ကွင်း သွင်းဂိုး ၄၉ဂိုး စံချိန်ကို ကျော်လွန်ကာ ဂိုး ၅၂ ဂိုးအထိ သွင်းယူနိုင်သူလည်း ဖြစ်လာခဲ့သည်။ မက်ဆီသည် ယခုပွဲတွင် ဟက်ထရစ် ဂိုး သွင်းယူနိုင်ခဲ့ခြင်းကြောင့် ချန်ပီယံလိဂ် ဟက်ထရစ်ဂိုး ခုနစ်ကြိမ်အထိ ရယူနိုင်ခဲ့သည့် ကစားသမားလည်း ဖြစ်လာခဲ့သည်။**

မေလဲ့သင်း စုစည်းရေးသားသည်

## ဘိုနူချီနှင့် မန်စီးတီး ဆက်သွယ်မှုများ ပြုလုပ်ခဲ့

မန်စီးတီးအသင်းသည် လီယွန်နယ် မက်ဆီအား ခေါ်ယူရန် ချိတ်ဆက်မှုများ ပြုလုပ်ခဲ့သည်ဟူသော သတင်းများကို ငြင်းဆိုခဲ့သော်လည်း နွေစျေးကွက်အတွင်း ဘိုနူချီအား ခေါ်ယူနိုင်ရန် ကြိုးပမ်းခဲ့သည်ဟူသောအချက်မှာ မှန်ကန်ခဲ့ကြောင်း မန်စီးတီး အမှုဆောင်အရာရှိချုပ် ဖာရန်ဆော်ရီရာနိုက ဝန်ခံလိုက်သည်။ ဂွါဒီယိုလာက ဘိုနူချီမှာ သူ၏ "ထာဝရ အနှစ်သက်ဆုံး ကစားသမား" တစ်ဦးဖြစ်သည်ဟု တံဆိပ်ကပ်ထားပြီး ဘိုနူချီ၏ ယူရို၂၀၁၆ ပြိုင်ပွဲအတွင်း ကစားခဲ့သည့် ကစားပုံက မန်စီးတီးအသင်းကို အမှန်တကယ် ဆွဲဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

## ဘရာဗို အထုတ်ခံရခြင်းအတွက် တာစတီဂန် ကိုယ်ချင်းစာ



ဘရာဗို အထုတ်ခံရခြင်းမှာ ဂိုးသမားများ ကြုံတွေ့ရလေ့ရှိသည့် ဘဝတစ်ခုပင် ဖြစ်သောကြောင့် ယင်းကိစ္စရပ်သည် ပြဿနာတစ်ရပ်မဟုတ်ကြောင်း ဘရာဗို မန်စီးတီးသို့ ပြောင်းရွှေ့သွားပြီးနောက် ဘာစီလိုနာ၏ ပထမဂိုးသမား ဖြစ်ခွင့်ရထားသူ တာစတီဂန်က ဘရာဗိုအပေါ် စာနာစကား ဆိုလိုက်သည်။ ဘရာဗိုကဲ့သို့ ကံတရား၏ ဖေးမမှုမရရှိသော ဂိုးသမားများ အများအပြားရှိပြီး ယင်းသည်ပင်လျှင် ဂိုးသမားများ၏ ဘဝပင်ဖြစ်ကြောင်း ဆိုလိုက်သည်။ ဘရာဗိုမှာ လူးဝစ်ဆွာရက်ဇ်၏ ဂိုးပေါက်ခြိမ်းခြောက်မှုကို ကြမ်းတမ်းစွာ တားဆီးခဲ့သဖြင့် ဒိုင်လူကြီး မာဇစ်က တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ခြင်းဖြစ်သည်။ တာစတီဂန်က ၎င်းလည်း ယခု ဘရာဗိုလုပ်ဆောင်ခဲ့သည့် အမှားမျိုးလွန်ခဲ့သည့်နှစ်နှစ်က ကျူးလွန်ခဲ့သေးကြောင်း ပြောကြားလိုက်သည်။

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု ရည်ရွယ်ချက်ဖြင့် ပြုလုပ်သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှအပ ပြည်ပမှ စမ်းသပ်ဆဲဖြစ်သော သို့မဟုတ် အသုံးပြုရန်၊ စိုက်ပျိုးမွေးမြူရန်၊ အတည်ပြုချက်မရရှိသေးသော နည်းပညာများ၊ ဆေးဝါးများ၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ၊ အသုံးအဆောင်များ သယ်ဆောင်လာနိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊

(ဂ) နိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိခိုက်စေသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ) ပြည်သူတို့အပေါ် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊

(င) သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ကြီးမားစွာ ထိခိုက်ပျက်စီးစေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ပိတ်ပင်ထားသော ဝန်ဆောင်မှုနှင့် ကုန်ပစ္စည်းများ ထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ။

၄၂။ အောက်ပါရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများကို ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအဖြစ် သတ်မှတ်သည်-

(က) နိုင်ငံတော်ကသာဆောင်ရွက်ခွင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ခ) နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်နိုင်ခွင့်မရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပြည်တွင်းရှိ နိုင်ငံသားလူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် နိုင်ငံသားပိုင်လုပ်ငန်း တစ်ခုခုနှင့် ပူးပေါင်း၍ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်သာ ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

၄၃။ ကော်မရှင်သည် ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် ပုဒ်မ ၄၂ ပါ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများအား အများပြည်သူသိရှိစေရန် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ သတ်မှတ် ကြေညာရမည်။

၄၄။ ကော်မရှင်သည် ပုဒ်မ ၄၂ အရ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားများကို အခါအားလျော်စွာ ပြန်လည်သုံးသပ်ပြီးနောက် လျှော့ပေါ့ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရန် လိုအပ်လာလျှင် အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူ၍ ပြင်ဆင်သတ်မှတ် ကြေညာရမည်။

၄၅။ ကော်မရှင်သည် ပုဒ်မ ၄၄ အရ ပြန်လည်သုံးသပ်ရာတွင် အစိုးရအဖွဲ့က ပြုလုပ်ထားသော နိုင်ငံတကာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကတိကဝတ်များကို သွေဖည်မှုမရှိစေရန် အလေးထား၍ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်နိုင်သည်။

၄၆။ ကော်မရှင်သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ လုံခြုံရေးအခြေအနေ၊ စီးပွားရေးအခြေအနေ၊ သဘာဝပတ်ဝန်းကျင် အခြေအနေနှင့် လူမှုအကျိုးစီးပွားကို ကြီးမားစွာ အကျိုးသက်ရောက်မှု ဖြစ်စေနိုင်သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများကို ခွင့်ပြုမိန့်ထုတ်ပေးရန် ဆောင်ရွက်သည့်အခါ အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

## အခန်း (၁၁)
## ရင်းနှီးမြှုပ်နှံသူများအား ဆက်ဆံဆောင်ရွက်ခြင်း

၄၇။ အစိုးရအဖွဲ့သည် ရင်းနှီးမြှုပ်နှံသူများအပေါ် ဆက်ဆံဆောင်ရွက်ရာတွင်-

(က) ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာတို့တွင် တစ်နည်းနည်းဖြင့် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမှတစ်ပါး ဤဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လုပ်ငန်းတိုးချဲ့ခြင်း၊ စီမံခန့်ခွဲခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ရောင်းချခြင်း သို့မဟုတ် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြားအစီအစဉ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအပေါ် ပေးအပ်ထားသည့် ဆက်ဆံဆောင်ရွက်မှုများထက် လျော့နည်းမှု မရှိစေရ၊

(ခ) တူညီသော အခြေအနေမျိုးတွင် နိုင်ငံတစ်ခုမှ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ၊ ၎င်းတို့၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် သက်ဆိုင်သည့်လုပ်ငန်း ဖွဲ့စည်းတည်ထောင်ခြင်း၊ လုပ်ငန်းရယူခြင်း၊ လုပ်ငန်းတိုးချဲ့ခြင်း၊ စီမံခန့်ခွဲခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ရောင်းချခြင်း သို့မဟုတ် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြားအစီအစဉ်များအပေါ် အခြားနိုင်ငံတစ်ခုခုမှ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် ပေးအပ်ထားသည့် ဆက်ဆံဆောင်ရွက်မှုထက် လျော့နည်းခြင်း မရှိစေရ၊

(ဂ) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်သည် နိုင်ငံခြားသားရင်းနှီး မြှုပ်နှံသူများအား အောက်ပါ ကိစ္စရပ်များအလို့ငှာ ပေးအပ်နိုင်သော ခံစားခွင့်များ၊ ဦးစားပေးခြင်းများ သို့မဟုတ် အထူးအခွင့်အရေးပေးခြင်းတို့အတွက် လိုက်နာရန် တာဝန်ရှိသည်ဟု မမှတ်ယူစေရ-

(၁) အကောက်ခွန်ယူနီယံ (Customs Union)၊ လွတ်လပ်သော ကုန်သွယ်ရေးဇုန်၊ စီးပွားရေးယူနီယံနှင့် နိုင်ငံတကာ သဘောတူညီမှုများအရ ဖြစ်ပေါ်လာသော အကောက်ခွန်ယူနီယံ (Customs Union)၊ လွတ်လပ်သော ကုန်သွယ်ရေးဇုန်နှင့် စီးပွားရေးယူနီယံ၊

(၂) နိုင်ငံတကာသဘောတူညီချက်များ၊ နှစ်နိုင်ငံ သို့မဟုတ် ဒေသတွင်း သို့မဟုတ် နိုင်ငံတကာသဘောတူစာချုပ်များနှင့် အကျုံးဝင်သောရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ပေးအပ်သည့် ပိုမိုသာလွန်သော ဆက်ဆံဆောင်ရွက်မှုများ၊ ဒေသတွင်းနိုင်ငံများအကြား ချုပ်ဆိုသည့် သဘောတူစာချုပ်များ သို့မဟုတ် အစီအစဉ်များ၊ အခြားနိုင်ငံများနှင့်ချုပ်ဆိုသည့် သဘောတူစာချုပ်များ သို့မဟုတ် အစီအစဉ်များနှင့် အကျုံးဝင်သော ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ပေးအပ်သည့် ပိုမိုသာလွန်သော ဆက်ဆံဆောင်ရွက်မှုများ သို့မဟုတ် အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များနှင့် အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ပါဝင်ပတ်သက်နေသော အစီအစဉ်များ။

၄၈။ အစိုးရအဖွဲ့သည် ရင်းနှီးမြှုပ်နှံသူများကို အောက်ဖော်ပြပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သာတူညီမျှ ဆက်ဆံဆောင်ရွက်မှုပြုရန်အာမခံသည်-

(က) ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ကြီးမားစွာ ထိခိုက်နစ်နာစေသည့် ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ ရပိုင်ခွင့်၊

(ခ) ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို အစိုးရအဖွဲ့မှ ခွင့်ပြုထားသည့် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်၊ အတည်ပြုမိန့်ပါ စည်းကမ်းသတ်မှတ်ချက်များကို ပြောင်းလဲခြင်း အပါအဝင် အခြားသော အလားတူ လုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ တရားဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်နှင့် အယူခံခွင့်။

၄၉။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၇၆ ပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိစေရ။

## အခန်း(၁၂)
## မြေအသုံးပြုခွင့်

၅၀။ (က) ဤဥပဒေအရ ခွင့်ပြုမိန့်ရရှိထားသော သို့မဟုတ် အတည်ပြုမိန့်ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် ပုဂ္ဂလိကမြေ သို့မဟုတ် အဆောက်အအုံဖြစ်ပါက ပိုင်ရှင်ထံမှ လည်းကောင်း၊ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေ၊ နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှ လည်းကောင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အလို့ငှာ သတ်မှတ်ချက်များနှင့်အညီ နှစ်ရှည်မြေ သို့မဟုတ် အဆောက်အအုံ ငှားရမ်းခွင့်ရှိသည်။ နိုင်ငံသားရင်းနှီးမြှုပ်နှံသူသည် မိမိပိုင်မြေ သို့မဟုတ် အဆောက်အအုံတွင် တည်ဆဲဥပဒေများနှင့်အညီ ရင်းနှီးမြှုပ်နှံနိုင်သည်။

(ခ) နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူသည် အစိုးရ သို့မဟုတ် အစိုးရအဖွဲ့အစည်းများထံမှ ဖြစ်စေ၊ ပုဂ္ဂလိကမြေ သို့မဟုတ် အဆောက်အအုံ ပိုင်ရှင်ထံမှဖြစ်စေ ကော်မရှင် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိသည့်နေ့မှစ၍ ကနဦး နှစ် ၅၀ အထိ သတ်မှတ်ချက်နှင့်အညီ မြေ သို့မဟုတ် အဆောက်အအုံ ငှားရမ်းနိုင်သည်။

(ဂ) အထက်ဖော်ပြပါ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုထားသော မြေ သို့မဟုတ် အဆောက်အအုံ ငှားရမ်းကာလ သို့မဟုတ် မြေ သို့မဟုတ် အဆောက်အအုံ အသုံးပြုခွင့်ကာလ သက်တမ်းကုန်ဆုံးပြီးနောက် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် တစ်ဆက်တည်း သက်တမ်းတိုးခွင့် ၁၀ နှစ်နှင့် ယင်းသက်တမ်း ကုန်ဆုံးပြီးထပ်မံ၍ ၁၀ နှစ် သက်တမ်းတိုးမြှင့်နိုင်သည်။

(ဃ) ရင်းနှီးမြှုပ်နှံသူသည် မြေငှားရမ်းခြင်းစာချုပ်အား စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းအက်ဥပဒေနှင့်အညီ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်။

(င) အစိုးရအဖွဲ့သည် မြေအသုံးချမှု သို့မဟုတ် မြေငှားရမ်းမှုများအတွက် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအား ပိုမိုကောင်းမွန်သော သတ်မှတ်ချက်များနှင့် အခွင့်အရေးများကို ခွင့်ပြုပေးနိုင်သည်။

(စ) ကော်မရှင်သည် နိုင်ငံတော် တစ်ဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန် အလို့ငှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နည်းပါးပြီး ဆက်သွယ်သွားလာရေး ခက်ခဲသောဒေသများတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ဤဥပဒေပါ မြေ သို့မဟုတ် အဆောက်အအုံငှားရမ်းခွင့် ကာလ သို့မဟုတ် မြေ သို့မဟုတ် အဆောက်အအုံ အသုံးပြုခွင့်ကာလထက် ပိုမို ခံစားခွင့်ပြုရာတွင် အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

## အခန်း(၁၃)
## အမှုထမ်းများနှင့် အလုပ်သမားများ ခန့်ထားခြင်း

၅၁။ ရင်းနှီးမြှုပ်နှံသူသည် -

(က) နိုင်ငံတော်အတွင်း ၎င်း၏ ရင်းနှီးမြှုပ်နှံမှုတွင် သတ်မှတ်အရည်အချင်း ကိုက်ညီသည့် မည်သည့်နိုင်ငံသားကိုမဆို အကြီးတန်းစီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနှင့် အကြံပေးအဖြစ် ဥပဒေများနှင့်အညီ ခန့်အပ်နိုင်သည်။

(ခ) အဆင့်ဆင့်သော စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနေရာတို့တွင် နိုင်ငံသားများအား ခန့်အပ်နိုင်ရန်အလို့ငှာ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ ဆောင်ရွက်၍ အစားထိုးခန့်ထားရမည်။

(ဂ) ကျွမ်းကျင်မှုမလိုသော လုပ်ငန်းများတွင် နိုင်ငံသားများကိုသာ ခန့်ထားရမည်။

(ဃ) နိုင်ငံခြားသားနှင့် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများခန့်ထားရာတွင် အလုပ်သမားဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်ကို အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုး၍ ခန့်ထားရမည်။

(င) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အခွင့်အရေးနှင့် တာဝန်များကိုလည်းကောင်း၊ အလုပ်အကိုင်ဆိုင်ရာ စည်းကမ်းချက်များကိုလည်းကောင်း သတ်မှတ်ရာ၌ အနည်းဆုံးလုပ်ခလစာ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အချိန်ပိုလုပ်ခ၊ နစ်နာကြေး၊ အလုပ်သမားလျော်ကြေး၊ လူမှုဖူလုံရေးနှင့် အလုပ်သမားများနှင့်သက်ဆိုင်သည့် အခြားအာမခံထားရှိခြင်းတို့ အပါအဝင် အလုပ်သမားဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပါ အခွင့်အရေးများ ရရှိရေးအတွက် ဆောင်ရွက်ပေးရမည်။

(စ) ရင်းနှီးမြှုပ်နှံမှုတွင် အလုပ်ရှင်အချင်းချင်း၊ အလုပ်သမား အချင်းချင်း၊ အလုပ်ရှင်နှင့် အလုပ်သမား၊ အလုပ်သမားနှင့် အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့အကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို တည်ဆဲဥပဒေများနှင့်အညီဖြေရှင်းရမည်။

## အခန်း(၁၄)
## ရင်းနှီးမြှုပ်နှံမှုကို အာမခံခြင်း

၅၂။ အစိုးရအဖွဲ့သည် ဥပဒေနှင့်အညီဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံပိုင်ပြုလုပ်ခြင်း မပြုဟု အာမခံသည်။ အောက်ပါအခြေအနေများနှင့်အညီ ဆောင်ရွက်ခြင်းမှအပ ရင်းနှီးမြှုပ်နှံမှုကို သိမ်းယူခြင်းကိုဖြစ်စေ၊ သွယ်ဝိုက်သိမ်းယူခြင်းကိုဖြစ်စေ၊ ရပ်ဆိုင်းစေခြင်း သဘောသက်ရောက်သော ဆောင်ရွက်မှုများကိုဖြစ်စေ မပြုလုပ်ဟု အာမခံသည်-

(က) နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် အမှန်တကယ်လိုအပ်ခြင်း၊

(ခ) ခွဲခြားမှုမရှိဘဲ ဆောင်ရွက်ခြင်း၊

(ဂ) တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) သိမ်းယူသည့် ရင်းနှီးမြှုပ်နှံမှုအားမျှတ၍ ပြည့်စုံလုံလောက်သော လျော်ကြေးကို မြန်ဆန်စွာပေးချေခြင်း။

၅၃။ မျှတ၍ ပြည့်စုံလုံလောက်မှုရှိသော လျော်ကြေးသတ်မှတ်ရာတွင် လျော်ကြေးပမာဏသည် သိမ်းဆည်းသည့် ရင်းနှီးမြှုပ်နှံမှု၏ ဈေးကွက်တန်ဖိုးနှင့် ညီမျှရမည်ဖြစ်ပြီး သိမ်းဆည်းသည့် ကာလ၌ ဖြစ်ပေါ်နေသည့် ဈေးကွက်တန်ဖိုးဖြင့် သတ်မှတ်ရမည်။ သို့ရာတွင် ၎င်းလျော်ကြေး ပမာဏအား သတ်မှတ်ရာတွင် အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူ၏ အကျိုးစီးပွားအကြား မျှတသော အခြေအနေအပေါ် အခြေခံရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု၏လက်ရှိနှင့် ယခင်အနေအထား၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သို့မဟုတ် ပစ္စည်းသိမ်းယူရခြင်း၏ အကြောင်းအရင်း၊ ရင်းနှီးမြှုပ်နှံမှု၏ မျှတသော ဈေးကွက်တန်ဖိုး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သို့မဟုတ် ပစ္စည်းသိမ်းယူရခြင်း၏ ရည်ရွယ်ချက်၊ ရင်းနှီးမြှုပ်နှံသူမှ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသည့် ကာလတစ်လျှောက် ရရှိခဲ့သည့် အမြတ်ငွေများနှင့် ရင်းနှီးမြှုပ်နှံမှု သက်တမ်းတို့ကိုပါ ထည့်သွင်းစဉ်းစားရမည်။

၅၄။ ဤဥပဒေ၏ အခန်း (၂၁)နှင့် အခန်း (၂၂) ပါပြဋ္ဌာန်းချက်များ အပါအဝင်အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်အရ ဆောင်ရွက်သည့် စီးပွားရေးဆိုင်ရာ ထိန်းညှိရန် ရည်ရွယ်ချက်အတွက် သို့မဟုတ် လူမှုအကျိုးစီးပွား အထောက်အကူပြုစေရေး ရည်ရွယ်ချက်များအတွက် လုပ်ဆောင်သည့် ခွဲခြားမှု မရှိသည့် ဆောင်ရွက်ချက်များသည် ဤအခန်း၏ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင် သက်ဆိုင်ခြင်း မရှိစေရ။

၅၅။ ပုဒ်မ ၅၂ ကို လိုက်နာကျင့်သုံးရာတွင် လုပ်ကိုင်ဆောင်ရွက်မှုများသည် အဆိုပါပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်းနှင့် သွယ်ဝိုက်၍ ရင်းနှီးမြှုပ်နှံမှု သိမ်းယူခြင်းဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူက တင်ပြလာလျှင် အစိုးရအဖွဲ့သည် အောက်ဖော်ပြပါ အချက်အလက်များကို ထည့်သွင်းစဉ်းစား၍ ကိစ္စရပ်တစ်ခုချင်းအလိုက် စုံစမ်းစစ်ဆေးမှုပြုခြင်း၊ အချက်အလက်ကို စိစစ်ခြင်းတို့ကို ဆောင်ရွက်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှု၏ စီးပွားရေးတန်ဖိုးကို ကြီးမားပြင်းထန်စွာ ထိခိုက်နစ်နာစေရန် တမင်ဖန်တီး ရည်ရွယ်ဆောင်ရွက်ခြင်း ရှိ၊ မရှိ၊

(ခ) အစိုးရမှ ရင်းနှီးမြှုပ်နှံသူသို့ ယခင်စာဖြင့် ရေးသားထားသည့် ကတိကဝတ်များ၊ သဘောတူစာချုပ်၊ လိုင်စင် သို့မဟုတ် အခြား တရားဝင် စာရွက်စာတမ်းများကို ချိုးဖောက်မှု ရှိ၊ မရှိ၊

(ဂ) ပုဒ်မ ၅၂၊ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် အစိုးရအဖွဲ့၏ ရည်ရွယ်ချက်အပါအဝင် ၎င်း၏လုပ်ဆောင်ချက်များသည်အများပြည်သူအကျိုးစီးပွားနှင့် ကိုက်ညီမှု ရှိ၊ မရှိ။

## အခန်း(၁၅)
## ဘဏ္ဍာငွေများ လွှဲပြောင်းခြင်း

၅၆။ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများသည် ဤဥပဒေအရ ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်လျက်ရှိသည့် အောက်ပါဘဏ္ဍာငွေများကို ပြည်ပသို့ လွှဲပြောင်းနိုင်သည် -

(က) မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ချမှတ်ထားသည့် မတည်ရင်းနှီးငွေစာရင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ထားသည့် မတည်ရင်းနှီးငွေများ၊

(ခ) ဤဥပဒေအရ ရင်းနှီးမြှုပ်နှံမှုမှ ထွက်ပေါ်လာသော အကျိုးအမြတ်များ၊ အခြေပစ္စည်းမှ အမြတ်အစွန်းများ၊ အစုပေါ်အမြတ်များ၊ ခိုင်ကြေးများ၊ မူပိုင်ခများ၊ လိုင်စင်ကြေးများ၊ နည်းပညာအကူအညီထောက်ပံ့မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အခကြေးငွေများ၊ အစုရှယ်ယာနှင့် အခြားလက်ရှိဝင်ငွေများ၊

(ဂ) ရင်းနှီးမြှုပ်နှံမှုတစ်ခု၏ စုစုပေါင်းရောင်းချမှု သို့မဟုတ် တစ်စိတ်တစ်ပိုင်းရောင်းချမှု သို့မဟုတ် လုပ်ငန်းတစ်ခုခု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သည့် ပိုင်ဆိုင်မှု စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းတို့မှ ထွက်ပေါ်လာသည့် အမြတ်အစွန်းများ၊

**ဆက်လက်ဖော်ပြပါမည်။**

# ကျိုက်ထီးရိုးတောင်ခြေမှ ရင်ပြင်တော်အထိ တောင်တက်ကားခ နောက်ခန်းဈေးနှုန်းများ လျှော့ချပြီး ဝန်ဆောင်မှုများလည်းတိုးမြှင့်ထား



**သထုံ အောက်တိုဘာ ၂၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးတောင်ခြေကင်မွန်းစခန်းမှ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်ကြီးတည်ရှိရာ ရင်ပြင်တော်စခန်းအထိ တောင်တက်ကားခ နောက်ခန်းဈေးနှုန်းအား သီတင်းကျွတ်လပြည့်နေ့မှ စတင်ကာ ကျပ် ၂၀၀၀ နှုန်းသို့ လျှော့ချသတ်မှတ်ထားပြီး ဘုရားဖူးများ လုံခြုံစိတ်အေးချမ်းသာစွာဖြင့် လိုက်ပါစီးနင်းနိုင်စေရန်အတွက် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ စည်းကမ်းပိုင်းနှင့် ပတ်သက်၍လည်း ကြပ်ကြပ်မတ်မတ် ကိုင်တွယ်သွားမည်ဖြစ်ကြောင်း ကျိုက်ထီးရိုး တောင်တက်မော်တော်ယာဉ်အသင်းမှ သိရသည်။

"ဒါကိုကျွန်တော်တို့ တောင်တက်မော်တော်ယာဉ်အသင်းနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေ ညှိနှိုင်းပြီး ဆုံးဖြတ်ခဲ့တာပါ။ ဒီနှစ်တောင်ပေါ်မှာ အားလုံးအခြေအနေပြောင်းနေတဲ့အချိန်မှာ ကျွန်တော်တို့အသင်းကလည်း ဝန်ဆောင်မှုကိုတိုးပြီး လုပ်ပေးတဲ့သဘောပါ။ နောက်ခန်းအတွက်ပဲလျှော့တယ်။ ခေါင်းခန်းက အရင်ဈေးနှုန်းအတိုင်း မပြောင်းလဲပါဘူး။ နောက်ဝန်ဆောင်မှုတစ်ခုအနေနဲ့က ကားတွေအားလုံး အမိုးတပ်ထားပေးပါတယ်။ ဘုရားဖူးပြည်သူအားလုံးစိတ်ချမ်းသာကိုယ်ချမ်းသာ ဘုရားဖူးနိုင်ဖို့ စည်းကမ်းပိုင်းကိုလည်း ပိုပြီးတင်းကြပ်ထားတယ်" ဟု ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်အသင်းဥက္ကဋ္ဌ ဦးဝိတင်ကပြောသည်။

ကျိုက်ထီးရိုးတောင်ခြေကင်မွန်းစခန်းမှ ရင်ပြင်တော်စခန်းအထိ လိုက်ပါစီးနင်းသူများသည့် တောင်တက်ကားနောက်ခန်းဈေးနှုန်းကို ယခင်က ကျပ် ၂၅၀၀ ကောက်ခံရာမှ ယခုနှစ်တွင် ကျပ် ၂၀၀၀ သို့ လျှော့ချကောက်ခံပြီး ကားရှေ့ခန်းဈေးနှုန်း ကျပ် ၃၀၀၀၊ ရသေ့တောင်အထိ ရှေ့ခန်းကျပ် ၂၅၀၀ နှင့် နောက်ခန်းကျပ် ၁၅၀၀ တို့မှာ ယခင်ဈေးနှုန်းအတိုင်း သတ်မှတ်ထားကြောင်း သိရသည်။

ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ စည်းကမ်းပိုင်းနှင့် ပတ်သက်ပြီး သတ်မှတ်ဝတ်စုံများ ဝတ်ဆင်စေကာ တောင်တက်ကားများ၏ ရှေ့သက်ကယ်ဘောင်များတွင် ယာဉ်နံပါတ်၊ ယာဉ်မောင်းအမည်၊ ယာဉ်နောက်လိုက်အမည်များကို ရေးထားမည်ဖြစ်ပြီး အဆင်မပြေခြင်းများရှိပါက တိုင်ကြားရန် ဖုန်းနံပါတ်များကိုတစ်ပါတည်း ရေးထားမည်ဖြစ်ကြောင်း ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ အမည်ပါရှိသည့် လည်ဆွဲကတ်များကိုလည်း ပြုလုပ်ပေးထားကြောင်း ဦးဝိတင်က ဆက်လက်ပြောကြားသည်။

ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်အသင်းကို ၁၉၉၃ ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ထောင်ခဲ့ပြီး လက်ရှိတွင် တောင်တက်ယာဉ်အစီးရေ ၁၅၀ ဖြင့် ဘုရားဖူးများအား ပို့ဆောင်ပေးလျက်ရှိကာ နှစ်စဉ် ပြည်တွင်း ပြည်ပ ဘုရားဖူးဦးရေမှာ သိန်း ၂၀ ဝန်းကျင်ခန့်ရှိကြောင်းသိရသည်။

**သက်ဦး(သထုံ)**

# သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်



**နေပြည်တော် အောက်တိုဘာ ၂၀**

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကျင်းပသည့် သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို အောက်တိုဘာ ၁၈ ရက် နံနက်က နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု စည်ပင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

နေပြည်တော် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းစန္ဒာကြည်က သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲ ဆောင်ရွက်ရခြင်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ နေပြည်တော် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုကြီးက သဘာဝဘေးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးသူရဝင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဥတ္တရခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးခင်လေးက လျှပ်စစ်မီးကို အန္တရာယ်ကင်းရှင်းစွာ သုံးစွဲတတ်စေရေးနှင့်ပတ်သက်၍လည်းကောင်း အသီးသီး အသိပညာပေးဟောပြောကြသည်။

ယင်းနောက် သဘာဝဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲ အခမ်းအနားတွင် တာဝန်ရှိသူများက ကျေးရွာပြည်သူများနှင့်အတူ စည်ပင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ (ယာယီ) ကယ်ဆယ်ရေးစခန်းပြုလုပ်၍ ကယ်ဆယ်ရေးစခန်းသို့ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ၊ အရေးကြီးစာရွက်စာတမ်းများ၊ ပစ္စည်းအထုပ်အပိုးများကို သယ်ဆောင်ခြင်းလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများနှင့် ရိက္ခာခြောက်များ၊ ရေများ ဝေငှခြင်းလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကင်းစင်ပြီးသည့်အခါ ပြန်လည်ပို့ဆောင်ခြင်းလုပ်ငန်းများကို ဇာတ်တိုက်လေ့ကျင့် သရုပ်ပြဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်းဝင်း**

# ကချင်ပြည်နယ် ပူတာအိုမြို့နယ်အဆင့် ကိုယ့်အားကိုယ်ကိုး ဦးဆောင်အဖွဲ့နှင့် ဌာနဆိုင်ရာများ နှီးနှောဖလှယ်ပွဲကျင်းပ

**ပူတာအို အောက်တိုဘာ ၂၀**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်အဆင့် ကိုယ့်အားကိုယ်ကိုး ဦးဆောင်အဖွဲ့နှင့် ဌာနဆိုင်ရာများ နှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အဆင့် ကိုယ့်အားကိုယ်ကိုးဦးဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်စွဲ့ဆိန်နာလစ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အခမ်းအနားတက်ရောက်လာသည့် ဌာနဆိုင်ရာများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ထူးက အမှာစကားပြောကြားပြီး C.L.G အဖွဲ့များဖြစ်ကြသော နှိမ်ဘော့မ်၊ မိခင်များ တိုးပွားဘဏ်၊ ရတနာရွှေဥ၊ လမ်းပြကြယ်အဖွဲ့ ကိုယ်စားလှယ်များက မိမိအဖွဲ့၏အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ S.R.G အဖွဲ့များက ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ (OSS) ပြည်သူ့ဝန်ဆောင်မှုရုံးနှင့်ပတ်သက်၍ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက မေးမြန်းချက်များအပေါ် ပြန်လည်ဆွေးနွေးကာ UNDP မှ ဆရာမဒေါ်အောင်ဂျာက GBV အကြောင်း သိကောင်းစရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုးဦးဆောင်အဖွဲ့ကို ၂၀၀၅-၂၀၀၆ ခုနှစ်တွင် UNDP မှ ပူတာအိုမြို့နယ်တွင် အဖွဲ့ ၆၀ ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ယင်းအဖွဲ့ ၆၀ မှ ကောင်း၊ သင့်အဆင့်ရသည့် ၂၆ ဖွဲ့ကိုရွေးချယ်၍ ၎င်းအဖွဲ့ ၂၆ ဖွဲ့မှ ဦးဆောင်အဖွဲ့ ၁၁ ဦးကိုရွေးချယ်ခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မေတို့ကမ္ဘာအဆင့်အထိ ဖွဲ့စည်းကာ လုပ်ငန်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပူတာအိုမြို့နယ်အဆင့် ကိုယ့်အားကိုယ်ကိုး ဦးဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်စွဲ့ဆိန်နာလစ်က ပြောကြားသည်။

ယင်းအပြင် ကိုယ့်အားကိုယ်ကိုး ဦးဆောင်အဖွဲ့အနေဖြင့် အားနည်းသောအဖွဲ့ငယ်များကို ဝိုင်းဝန်းဖေးမကူညီခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အသင်းရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန် စည်းရုံးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဦးဆောင်အဖွဲ့အနေဖြင့် ငွေစုငွေချေးလုပ်ငန်းသာမက ဆင်းရဲနွမ်းပါးသော မိသားစုများကို တတ်နိုင်သည့်ဘက်မှ ဖေးမကူညီခြင်း၊ ကျန်းမာရေး၊ ဘာသာရေး၊ ကျောင်းများတွင် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လမ်း၊ တံတားနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တတ်နိုင်သည့်ဘက်မှ ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**

# ဆိပ်ဖြူမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပခုက္ကူ-ဆိပ်ဖြူရထားစီးခရီးသည်များအတွက် စာအုပ်များပေးအပ်လှူဒါန်း

**ဆိပ်ဖြူ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြန်မာ့မီးရထား တိုင်းအမှတ် ၁၀ ပခုက္ကူ-ဆိပ်ဖြူ ပြေးဆွဲလျက်ရှိသည့် RBE လူစီးရထားတွင် လိုက်ပါစီနင်းသည့် ခရီးသည်များအတွက် စာအုပ်များပေးအပ်လှူဒါန်းခြင်းကို အောက်တိုဘာ ၁၈ ရက်က ဆိပ်ဖြူဘူတာသို့ သွားရောက်လှူဒါန်းသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က သုတ၊ ရသစာအုပ်များလှူဒါန်းရာတွင် ဆိပ်ဖြူဘူတာရုံအတွက် ဆိပ်ဖြူရုံပိုင်ကြီးမှ လက်ခံရယူခဲ့ပြီး ပခုက္ကူ-ဆိပ်ဖြူ RBE လူစီးရထားအတွက် တာဝန်ရှိဝန်ထမ်းများက လက်ခံရယူခဲ့ကြသည်။

ယင်းသို့ ရထားစီးခရီးသည်များကို စာအုပ်များပေးအပ်လှူဒါန်းမှုအတွက် မြန်မာ့မီးရထား တိုင်းအမှတ် ၁၀ သွားလာပို့ဆောင်ရေးမန်နေဂျာ ဦးမျိုးတင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပေးခဲ့ပြီး ပခုက္ကူ-ဆိပ်ဖြူ ပြေးဆွဲလျက်ရှိသည့် RBE လူစီးရထားတွင် ခရီးသည်များအတွက် ဝန်ဆောင်မှုပေးနေခြင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ပခုက္ကူ-ဆိပ်ဖြူ ပြေးဆွဲလျက်ရှိသည့် RBE လူစီးရထားသည် ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းဒေသခံ ပြည်သူအများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးလမ်းသွားလာမှု အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးထားခြင်းဖြစ်ပြီး ထို့သို့ဆောင်ရွက်ပေးရာတွင် ရထားစီးခရီးသည်များအနေဖြင့် ဈေးနှုန်းသက်သာ၍ လွယ်ကူချောမွေ့စွာ သွားလာဆောင်ရွက်နိုင်ခဲ့ပြီး ပခုက္ကူမြို့နယ်ရှိ ကျွန်းချောင်း၊ မြစ်ခြေ၊ အရာတော် အစရှိသည့် ကျေးရွာများမှ ဒေသခံပြည်သူများက ပခုက္ကူ-ဆိပ်ဖြူ RBE လူစီးရထားဖြင့် ရပ်ဝေး၊ ရပ်နီး ခရီးသွားလာဆောင်ရွက်လျက်ရှိသည်။

ရထားစီးခရီးသည်တစ်ဦးကလည်းပခုက္ကူ-ဆိပ်ဖြူ RBE ရထားဝန်ထမ်းများက ရထားစီးခရီးသည်များအတွက် ရေသန့်ဘူးကြီးများ၊ ခရီးသည်များ ရထားသန့်ရှင်းစွာ စီးနင်းနိုင်ရေးအတွက် ပလတ်စတစ်အိတ်များကို ချိတ်ဆွဲပေးခြင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှလှူဒါန်းပေးသည့် စာအုပ်စာစောင်များကို လိုရာခရီးအရောက် စာပေဖတ်ရှုနိုင်ရန် ဆောင်ရွက်ပေးခြင်းများ၊ သွားလိုသည့်ဘူတာမရောက်မီကြိုတင်အသိပေးဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## အီတလီစီးရီးအေရင်ခုန်သံ-၉

# ပွဲပန်းနေမယ့် ဂျူဗင်တပ်ဆီက အေစီမီလန်အမှတ်ယူနိုင်မလား

အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၉ ကိုလာမယ့်အောက်တိုလာ ၂၂၊ ၂၃၊ ၂၄ ရက်နေ့တွေမှာဆက်လက်ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါ ပွဲစဉ်မှာတော့ အေစီမီလန်ဟာ ဂျူဗင်တပ်နဲ့အိမ်ကွင်းမှာ ရင်ဆိုင်သွားရဖို့ရှိနေတာကြောင့် နိုင်ပွဲရယူနိုင်ပါ့မလားဆိုတာက စိတ်ဝင်စားဖို့ကောင်းမွန်နေပါတယ်။

**ရှိုင်းမင်းမင်း**

### ထိပ်တန်းဂိုးသွင်းရှင်များ

| | |
|---|---|
| ဇက်ကို(ရိုးမား) | -၇ ဂိုး |
| ဘက်ကာ(အေစီမီလန်) | -၆ ဂိုး |
| ဟီဂူအင်( ဂျူဗင်တပ်) | -၆ ဂိုး |
| အစ်ကာဒီ(အင်တာမီလန်) | -၆ ဂိုး |
| ဘာလော့တီ(တိုရီနို) | -၅ ဂိုး |
| ကယ်လီဂျွန်(နာပိုလီ) | -၅ ဂိုး |



### အီတလီစီးရီးအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဂျူဗင်တပ် | ၈ | ၇ | ၀ | ၁ | ၁၇ | ၅ | ၁၂ | ၂၁ |
| ၂ | ရိုးမား | ၈ | ၅ | ၁ | ၂ | ၁၉ | ၁၀ | ၉ | ၁၆ |
| ၃ | အေစီမီလန် | ၈ | ၅ | ၁ | ၂ | ၁၅ | ၁၁ | ၄ | ၁၆ |
| ၄ | တိုရီနို | ၈ | ၄ | ၂ | ၂ | ၁၇ | ၉ | ၈ | ၁၄ |
| ၅ | နာပိုလီ | ၈ | ၄ | ၂ | ၂ | ၁၅ | ၉ | ၆ | ၁၄ |
| ၆ | လာဇီယို | ၈ | ၄ | ၂ | ၂ | ၁၄ | ၈ | ၆ | ၁၄ |
| ၇ | ချီယေဗို | ၈ | ၄ | ၁ | ၃ | ၁၀ | ၉ | ၁ | ၁၃ |
| ၈ | ကယ်ဂလီယာရီ | ၈ | ၄ | ၁ | ၃ | ၁၃ | ၁၄ | -၁ | ၁၃ |
| ၉ | ဂျီနိုအာ | ၇ | ၃ | ၃ | ၁ | ၈ | ၅ | ၃ | ၁၂ |
| ၁၀ | ဆာစူအိုလို | ၈ | ၄ | ၀ | ၄ | ၁၁ | ၁၃ | -၂ | ၁၂ |
| ၁၁ | အင်တာမီလန် | ၈ | ၃ | ၂ | ၃ | ၁၀ | ၁၀ | ၀ | ၁၁ |
| ၁၂ | ဘိုလော့နာ | ၈ | ၃ | ၂ | ၃ | ၉ | ၁၂ | -၃ | ၁၁ |
| ၁၃ | အတ္တလန္တာ | ၈ | ၃ | ၁ | ၄ | ၁၀ | ၁၂ | -၂ | ၁၀ |
| ၁၄ | ဖီအိုရင်တီးနား | ၇ | ၂ | ၃ | ၂ | ၆ | ၆ | ၀ | ၉ |
| ၁၅ | ဆမ်ဒိုးရီးယား | ၈ | ၂ | ၂ | ၄ | ၈ | ၁၁ | -၃ | ၈ |
| ၁၆ | ပက်စ်ကာရာ | ၈ | ၁ | ၄ | ၃ | ၈ | ၁၁ | -၃ | ၇ |
| ၁၇ | အူဒီးနီးစ် | ၈ | ၂ | ၁ | ၅ | ၇ | ၁၄ | -၇ | ၇ |
| ၁၈ | ပါလာမို | ၈ | ၁ | ၃ | ၄ | ၅ | ၁၂ | -၇ | ၆ |
| ၁၉ | အမ်ပိုလီ | ၈ | ၁ | ၂ | ၅ | ၂ | ၁၁ | -၉ | ၅ |
| ၂၀ | ခရိုတိုနီ | ၈ | ၀ | ၁ | ၇ | ၆ | ၁၈ | -၁၂ | ၁ |

### ဆမ်ဒိုးရီးယား - ဂျီနိုအာ
ည ၁၀း၃၀ (၂၂-၁၀-၁၆)

ပက်စ်ကာရာကို သရေကစားနိုင်ခဲ့တဲ့ ဆမ်ဒိုးရီးယားက နောက်ဆုံး အိမ်ကွင်းပွဲမှာလည်း ပါလာမိုကို သရေသာကစား နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဆမ်ဒိုးရီးယားဟာ အိမ်ကွင်းမှာ အသင်းလိုက် ကစားပုံ ကောင်းမွန်မှုရှိပါတယ်။ ဂျီနိုအာကလည်း အမ်ပိုလီကိုသရေသာကစားနိုင်ခဲ့တယ်ဆိုပေမယ့် အဝေးကွင်းမှာ ရှန်းအားကောင်းမွန်မှုရှိတဲ့အသင်းမို့ ဆမ်ဒိုးရီးယားကို အကောင်းဆုံးရင်ဆိုင်နိုင်စွမ်းရှိတယ်။ ဂျီနိုအာ ရှုန်းကန်ရနိုင်ပေမယ့် ကပ်အနိုင်ရရှိသွားနိုင်ပါတယ်။

### အူဒီးနီးစ် - ပက်စ်ကာရာ
ညနေ ၅း၀၀ (၂၃-၁၀-၁၆)

ဂျူဗင်တပ်ကို ရှုံးနိမ့်ခဲ့ရတဲ့အူဒီးနီးစ်က အိမ်ကွင်းမှာ နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်ဖို့ အားစိုက်လာမှာဖြစ်သလိုနောက်ဆုံး အိမ်ကွင်းပွဲမှာ လာဇီယိုကိုအကောင်းဆုံးရင်ဆိုင်နိုင်ခဲ့တယ်။ ဒါပေမယ့် အူဒီးနီးစ်ရဲ့ တိုက်စစ်ကတော့ အဆုံးသတ်ပိုင်းအားနည်းနေပါတယ်။ ဆမ်ဒိုးရီးယားနဲ့သရေကျခဲ့တဲ့ပက်စ်ကာရာက အဝေးကွင်းမှာ ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမရသေးပေမယ့် နောက်ဆုံးအဝေးကွင်းပွဲမှာ ဂျီနိုအာကိုသရေကစားနိုင်ခဲ့တယ်။ အူဒီးနီးစ် ကပ်ပြီးသာနိုင်မယ်။

### ကယ်ဂလီယာရီ - ဖီအိုရင်တီးနား
ည ၇း၃၀ (၂၃-၁၀-၁၆)

ကယ်ဂလီယာရီက နောက်ဆုံး အိမ်ကွင်းနှစ်ပွဲမှာဆမ်ဒိုးရီးယား၊ ခရိုတိုနီတို့ကို အနိုင်ယူနိုင်ခဲ့တယ်ဆိုပေမယ့် အသင်းလိုက်ခြေစွမ်းပိုင်းအနည်းငယ်အားနည်းမှုရှိတယ်။ နောက်ဆုံးပွဲမှာအတ္တလန္တာကိုသ ရေသာကစားနိုင်ခဲ့တဲ့ ဖီအိုရင်တီးနားကလည်း အဝေးကွင်းမှာ တိုက်စစ်ပိုင်းအားနည်းတတ်တာမို့ ကယ်ဂလီယာရီခံစစ်ကို ဖိအားပေးနိုင်ဖို့ရှုန်း ကန်ရနိုင်တယ်။ ဒ့ါအပြင် ဖီအိုရင်တီးနားက ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ် ပွဲကစားခဲ့ရတာကို သတိပြုရမယ်။ သရေကျသွားနိုင်တယ်။

### အမ်ပိုလီ - ချီယေဗို
ည ၇း၃၀ (၂၃-၁၀-၁၆)

ဂျီနိုအာနဲ့ သရေကျခဲ့တဲ့ အမ်ပိုလီဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှု အားနည်းနေသလို တိုက်စစ်ကလည်း ပုံမှန်ဂိုးသွင်းခြေမရှိတာကြောင့် ချီယေဗိုခံစစ်ကို ဖိအားပေးနိုင်ဖို့ ခက်တယ်။ ချီယေဗိုကလည်း အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းတည် ငြိမ်မှုရရှိဖို့ ရှုန်းကန်နေရတယ်။ ဒါပေမယ့် ချီယေဗိုရဲ့ တိုက်စစ်က အဝေးကွင်းမှာဂိုးသွင်းခြေရှိတာမို့ အမ်ပိုလီခံစစ်ကိုအခက်တွေ့စေနိုင်တယ်။ အမ်ပိုလီကွင်း ဖြစ်ပေမယ့် ချီယေဗိုက ကပ်နိုင်သွားနိုင်တယ်။

### ဘိုလော့နာ - ဆာစူအိုလို
ည ၁၀း၃၀ (၂၃-၁၀-၁၆)

လာဇီယိုကိုသရေကစားနိုင်ခဲ့တဲ့ ဘိုလော့နာက နောက်ဆုံးအိမ်ကွင်းပွဲမှာ ဂျီနိုအာကို အရေးနိမ့်ခဲ့ရပေမယ့် အိမ်ကွင်းပွဲတွေမှာရှန်းအားကောင်းပြီး ဂိုးသွင်းခြေလည်းရှိတယ်။ ဒ့ါအပြင်အိမ်ကွင်းမှာ ဘိုလော့နာရဲ့ခံစစ်ကလည်း မာကျောမှုရှိတယ်။ ဆာစူအိုလိုက အဝေးကွင်း ပွဲတွေမှာ ကစားအားမဆိုးဘူးဆိုပေမယ့် ခံစစ်ကအား နည်းမှုရှိနေပြီး ဒီပွဲမတိုင်ခင် ယူရိုပါလိဂ်ပွဲကစားခဲ့ရလို့ ပွဲပန်းလာနိုင်တာကို သတိပြုရမယ်။ ဘိုလော့နာပဲ ကပ်နိုင်သွားမှာပါ။

### မီလန် - ဂျူဗင်တပ်
နံနက် ၁း၁၅ (၂၃-၁၀-၁၆)

အေစီမီလန်ကအိမ်ကွင်းမှာ လာဇီယိုကို အနိုင်ယူနိုင်ခဲ့ပေမယ့် ဆာစူအိုလိုနဲ့ ကစားခဲ့တဲ့ပွဲမှာတော့ ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံရဖို့ ရှုန်းကန်ခဲ့ရသလို ခံစစ်ကလည်းအားနည်းခဲ့တယ်။ ဒါပေမယ့် အေစီမီလန်ရဲ့တိုက်စစ်ကတော့ ဂိုးသွင်းခြေရနေတယ်။ ဂျူဗင်တပ်က အဝေးကွင်းမှာ ရလဒ်ကောင်းရနေပေမယ့် ချန်ပီယံလိဂ်ကြောင့်ပွဲပန်းမှု ရှိလာနိုင်ကာအကောင်းဆုံးခြေစွမ်းရဖို့ ခက်တယ်။ ဂျူဗင်တပ်ကပ်ပြီး သာနိုင်ခြေရှိပါတယ်။

### အတ္တလန္တာ - အင်တာ
ည ၇း၃၀ (၂၃-၁၀-၁၆)

ဖီယိုရင်တီနာကိုသရေကစားနိုင်ခဲ့တဲ့ အတ္တလန္တာက နောက်ဆုံးအိမ်ကွင်းပွဲမှာ နာပိုလီကိုလည်းအနိုင်ရခဲ့တယ်ဆိုပေမယ့် အသင်းလိုက်ကစားပုံ အားနည်းတာကြောင့် အင်တာမီလန်ကို ဖိအားပေးနိုင်ဖို့ ရှုန်းကန်ရမှာပါ။ အင်တာမီလန်က ဒီပွဲမတိုင်ခင် ဆောက်သမ်တန်နဲ့ ယူရိုပါလိဂ်ပွဲကစားခဲ့ရလို့ပွဲပန်းလာနိုင်တယ်။ ဒါပေမယ့်နောက်ဆုံး အဝေးကွင်းပွဲမှာ ရိုးမားကို အကောင်းဆုံးရင်ဆိုင်နိုင်ခဲ့တာမို့အတ္တလန္တာကိုလည်း ဖိအားပေးနိုင်မှာပါ။

### ခရိုတိုနီ - နာပိုလီ
ည ၇း၃၀ (၂၃-၁၀-၁၆)

ခရိုတိုနီကအိမ်ကွင်းပွဲတွေမှာနိုင်ပွဲမရသေးပေမယ့်အသင်းလိုက် ကစားပုံမဆိုးဘူး။ ဒါပေမယ့် တိုက်စစ်နဲ့ခံစစ်ကတော့တည်ငြိမ်မှုအားနည်းနေတယ်။ နာပိုလီက ရိုးမား၊ ဘက်ရှိုးတပ်စ်တို့နဲ့ ဆက်တိုက်ရင်ဆိုင်ခဲ့ရတာကြောင့် ပွဲပန်းလာနိုင်တယ်။ အဝေးကွင်းမှာ နာပိုလီရဲ့ ခြေစွမ်းပိုင်းကောင်းမွန်ပေမယ့် တိုက်စစ်က အဆုံးသတ်ပိုင်းအားနည်းမှု ရှိနေတယ်။ နာပိုလီကပ်ပြီးသာနိုင်ပွဲရသွားနိုင်တယ်။

### တိုရီနို - လာဇီယို
ည ၇း၃၀ (၂၃-၁၀-၁၆)

တိုရီနိုကနောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲနှစ်ပွဲမှာ ရိုးမား၊ ဖီအိုရင်တီးနားတို့ကိုခြေစွမ်းပိုင်းအရယှဉ်နိုင်မှုအားနည်းခဲ့ပေမယ့် နိုင်ပွဲရအောင်ကစားနိုင်ခဲ့တဲ့အထိ ကစားအားကောင်းနေတယ်။ ဒ့ါအပြင် တိုရီနိုရဲ့တိုက်စစ်နဲ့ ခံစစ်ကလည်း ထက်မြက်မှုရှိနေတယ်။ လာဇီယိုက နောက်ဆုံးအဝေးကွင်းပွဲမှာအူဒီးနီးစ်ကို ဂိုးပြတ်အနိုင်ရခဲ့ပေမယ့် အဝေးကွင်းမှာ ရှုန်းကန်ရတတ်တာမို့ တိုရီနိုကိုဖိအားပေးနိုင်ဖို့ ခက်တယ်။ တိုရီနိုကပ်နိုင်သွားနိုင်တယ်။

### ရိုးမား - ပါလာမို
နံနက် ၁း၁၅ (၂၄-၁၀-၁၆)

နာပိုလီကို အနိုင်ကစားနိုင်ခဲ့တဲ့ ရိုးမားက ပွဲဆက်များမှုကြောင့်ဒီ ပွဲမှာ အကောင်းဆုံးခြေစွမ်းပုံစံရဖို့ ရှုန်းကန်ရနိုင်တာကို သတိပြုရမယ်။ ဒါပေမယ့်ရိုမာဟာအိမ်ကွင်းမှာ တိုက်စစ်နဲ့ခံစစ်ပိုင်း ပိုမိုထက်မြက်တတ်တာမို့ ပါလာမိုကို အခက်တွေ့စေမှာပါ။ ပါလာမိုက နောက်ဆုံး အဝေးကွင်းသုံးပွဲဆက်တိုက်ရှုံးပွဲမရှိခဲ့ဘူးဆိုပေမယ့်ခြေစွမ်းပိုင်းအား နည်းပြီး ဆမ်ဒိုးရီးယားကိုတောင် ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရတယ်။ ရိုးမား အသင်းပဲနိုင်ပွဲရမှာပါ။

## ဂျူဗင်တပ် ယခုထက် ပိုမိုတိုးတက်ရန် ကြိုးပမ်းအားထုတ်ရမည်ဟု ဘက်ဖွန်တိုက်တွန်း

ဂျူဗင်တပ်အသင်းခေါင်းဆောင် ဘက်ဖွန်က ဂျူဗင်တပ်အနေဖြင့် ဖလားသုံးလုံး အောင်မြင်မှုကို ရယူလိုလျှင် ယခုထက် ပို၍တိုးတက်မှသာ ဖြစ်နိုင်မည်ဖြစ်ကြောင်း အသင်းဖော်များအား ဝေဖန်စကားဆိုခဲ့သည်။ ဂျူဗင်တပ်အသင်းသည် ယခုနှစ်နွေဈေးကွက်တွင် အသင်း၏ ကွင်းလယ် ကြယ်ပွင့်ကစားသမားပေါ့ဘာကို ကမ္ဘာ့ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် မန်ယူအသင်းသို့ ရောင်းချခဲ့ပြီး ရရှိသည့် ငွေကြေးဖြင့် ဟီဂူအင်၊ ပီဂျာကာတို့အား ပြန်လည်အားဖြည့်ကာ တိုက်စစ်အင်အား ပိုမိုတောင့်တင်းရန် အားထုတ်ခဲ့သည်။

ဂျူဗီမှာ စီးရီးအေဖလားကို လေးရာသီဆက် ဆွတ်ခူးနိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်ဆုဖလားကို ၂၀၀၃ခုနှစ်က နောက်ဆုံး ရယူနိုင်ခဲ့ခြင်းဖြစ်ရာ ဥရောပအောင်မြင်မှုကို ပြန်လည်ရှာဖွေရန် ကမ္ဘာ့အဆင့်ကစားသမားများအားဖြည့်ခေါ်ယူနေခြင်းဖြစ်သည်။ ဂျူဗီသည် ချန်ပီယံလိဂ် ပွဲစဉ်တွင် ခြေစွမ်းမာကျောသည့် လိုင်ယွန်အား ၁၀ယောက်ကျန် အနေအထားဖြင့် ဒုတိယပိုင်းတစ်လျှောက်လုံးရင်ဆိုင်ခဲ့ရသော်လည်း ပွဲကစားချိန် ၇၆မိနစ်တွင် ဒိုင်ဘာလာနှင့် လူစားလဲခဲ့သည့် ကွာဒရာဒို၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ယူနိုင်ခဲ့ပြီး ဂျူဗီ၏ စိတ်ပိုင်းဆိုင်ရာ မာကျောမှုကို သက်သေပြနိုင်ခဲ့သည်။ သို့သော် ဘက်ဖွန်က ဂျူဗီမှာ ချန်ပီယံလိဂ်ဖလား ရယူနိုင်ရန်အတွက် ယခုထက်ပိုမို ပြည့်စုံသည့် အနေအထားကို ဖန်တီးနိုင်မှသာ ဖြစ်နိုင် မည်ဖြစ်ပြီး ဘိုင်ယန်မြူးနစ်၊ အက်သလက်တီကို၊ ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ကို ဥပမာထား၍ ကြည့်လျှင် ရှင်းရှင်းလင်းလင်း သိနိုင်မည်ဖြစ်ကြောင်း ဝေဖန်ခဲ့ခြင်းဖြစ်သည်။

**မေလဲ့သင်း**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီး သုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့် စပ်ဆိုင်သောဆောင်းပါးများကို အပတ်စဉ် (သောကြာနေ့)တိုင်း ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူအာဘော်သာ ဖြစ်ပါသည်။*
*(စာတည်းအဖွဲ့)*

# ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာလွန်ချမ်းသာ

ခ မောင်စာဂ

တရားဥပဒေစိုးမိုးဖို့ဆိုလျှင် ဥပဒေပြုသူများ၊ ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နေကြရသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တရားစီရင်ရေးအဖွဲ့အစည်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူ ပြည်သားအားလုံးတို့သည် ဥပဒေဘောင်အတွင်းမှာ နေထိုင်ကြရပေမည်။ ဥပဒေဘောင်အတွင်းမှာ နေထိုင်ကြခြင်းဖြင့် တရားဥပဒေစိုးမိုးမှု လွှမ်းခြုံထားနိုင်ပေလိမ့်မည်။ ဘေးရန်ကင်းကွာ၍ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနေထိုင်နိုင်ကြရပေလိမ့်မည်။

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်းဟူသည် အဘယ်နည်း။ အများသိရှိနားလည်ကြပြီး ဖြစ်ပါလိမ့်မည်။ ရိုးရိုးရှင်းရှင်းနှင့်ပြောရလျှင် ဥပဒေနှင့်အညီ နေထိုင်ခြင်း၊ ဥပဒေကိုလိုက်နာ၍နေထိုင်ခြင်း ဖြစ်သည်။ ဥပဒေအရဆောင်ရန် တာဝန်များကို ဆောင်ရွက်ခြင်း၊ ဥပဒေအရ ရှောင်ရန် အချက်များကို ရှောင်ကြဉ်ခြင်း၊ ဥပဒေကိုလေးစားခြင်း၊ ဥပဒေကိုတန်ဖိုးထားခြင်း စသည့် အသိစိတ်ဓာတ်များဖြင့် နေထိုင်ခြင်းဖြစ်ပေသည်။

နေထိုင်ခြင်းဟု ဆိုရာတွင် ပြုမူ၊ ပြောဆို၊ ကြံစည်ခြင်းဟူသော ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသမျှ လူတို့နိစ္စဓူဝ နေ့စဉ်သွားလာ၊ လှုပ်ရှား၊ ရှန်းကန်ဆောင်ရွက်နေကြရသော လုပ်ငန်းဆောင်တာ အဖြာဖြာတို့အပါအဝင် ဖြစ်ပေသည်။

**ဘေးကင်းရန်ကွာလွန်ချမ်းသာ**

ဘေးကင်းရန်ကွာ လွန်ချမ်းသာဟူသည် အဘယ်နည်း။ အများသိရှိနားလည်ကြပြီး ဖြစ်ပါလိမ့် မည်။ ရိုးရိုးရှင်းရှင်းနှင့်ပြောရလျှင် ဘေးဒုက္ခအပေါင်း၊ ဘေးဘယာအပေါင်း၊ ဘေးအန္တရာယ်အပေါင်း ကင်းရှင်း ပပျောက်သွားကြပါလိမ့်မည်။ ရန်မှန်သမျှ၊ ရန်ဟူသမျှ၊ မြူမှုန်မျှမကျန် ကင်းကွာချုပ်ငြိမ်းသွား ကြပါလိမ့်မည်။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်း အတိုင်း ထက်အလွန် ရရှိခံစားစံစားကြရပါလိမ့်မည်။ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာများ ရရှိနိုင်ကြပါလိမ့်မည်။

**ဥပဒေဘောင်အတွင်းမှာ နေထိုင်ကြပါစို့**

ဥပဒေဘောင်အတွင်းမှာ နေထိုင်တတ်ကြဖို့ဆိုလျှင် ခက်လှသည်ဟု မဆိုနိုင်သော်လည်း လွယ်ကူလှသည် မဟုတ်ပေ။ ဥပဒေကို တန်ဖိုးထားတတ်ကြရမည်။ ဥပဒေကို လေးစားတတ်ကြရမည်။ ဥပဒေကိုလိုက်နာတတ်ကြရမည်။ ဥပဒေကိုတန်ဖိုးထားတတ်ကြဖို့၊ လေးစားတတ်ကြဖို့၊ လိုက်နာတတ်ကြဖို့ဆိုလျှင် ကောင်းသောယုံကြည်ချက်၊ မှန်ကန်သော ခံယူချက်၊ မြင့်မြတ်သော အလေ့အကျင့် ဖြူစင်သောစိတ်ထားများရှိကြဖို့ မလွဲမသွေ လိုအပ်ကြပေလိမ့်မည်။ ရှေးဦးပထမ လူ့အသိုင်းအဝိုင်းတွင် သတ်မှတ်ထားသော ကျင့်ဝတ်များ၊ စည်းကမ်းများကို အသိရှိရှိ တာဝန်သိသိဖြင့် လိုက်နာစောင့်ထိန်း နေတတ်ကြဖို့က အဓိကကျလှပေသည်။ အခြေခံကျသည့် ကျင့်ဝတ်များ၊ စည်းကမ်းများကို မလိုက်နာ၊ မစောင့်ထိန်းတတ်ကြလျှင် ဥပဒေကို လိုက်နာတတ်ဖို့၊ စောင့်ထိန်းတတ်ဖို့ဆိုသည်မှာ အလှမ်းဝေး၍ နေပေတော့မည်။ သာမန်လူတို့ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်နှင့် စည်းကမ်းများကို သိရှိလိုက်နာကြမည်ဆိုလျှင် ဥပဒေဘောင်အတွင်း နေထိုင်ရန် ခက်ခဲမည်မဟုတ်ပေ။

**ကျင့်ဝတ်များ**

ကျင့်ဝတ်များဆိုသည်မှာ မိဘကျင့်ဝတ်နှင့် သားသမီးကျင့်ဝတ်၊ ဆရာ့ကျင့်ဝတ်နှင့် တပည့်ကျင့်ဝတ်၊ အလုပ်ရှင်ကျင့်ဝတ်နှင့် အလုပ်သမားကျင့်ဝတ်၊ မင်းတို့ကျင့်ဝတ်၊ မျိုးတို့မတ်တို့ကျင့်ဝတ်၊ ရှေ့နေကျင့်ဝတ်၊ တရားသူကြီးကျင့်ဝတ်၊ ဝန်ထမ်းကျင့်ဝတ်၊ မီဒီယာကျင့်ဝတ်၊ နိုင်ငံရေးပါတီများ ကျင့်ဝတ် စသည် စသည် ဆိုင်ရာဆိုင်ရာကျင့်ဝတ်များ သတ်မှတ်ထားရှိပေသည်။ ဤကျင့်ဝတ်များကို ကိုယ်စီကိုယ်စီ တို့က တန်ဖိုးထားကြရမည်။ တန်ဖိုးထားတတ်ကြရမည်။ လေးစားကြရမည်။ လေးစားတတ်ကြရမည်။ လိုက်နာကြရမည်။ လိုက်နာတတ်ကြရမည်။ စောင့်ထိန်းကြရမည်။ စောင့်ထိန်းတတ်ကြရမည်။ ထိုသို့ တန်ဖိုးထားတတ်ကြဖို့၊ လေးစားတတ်ကြဖို့၊ လိုက်နာတတ်ကြဖို့၊ စောင့်ထိန်းတတ်ကြဖို့ သွန်သင်ဆုံးမမှုတွေ၊ ဩဝါဒတွေ၊ အသိပညာတွေ၊ အလေ့အကျင့်တွေ အခါခပ်သိမ်း သင်ကြားပေးနေရမည်။ ညွှန်ပြပေးနေရမည်။ ဟောပြောပေးနေကြရမည်။ ကျင့်ဝတ်များကို ထာဝစဉ်လိုက်နာ စောင့်ထိန်းတတ်ကြသည့် မြင့်မြတ်သော အလေ့အကျင့်ဖြူစင်သော စိတ်ထားများ မွေးမြူထားနိုင်ကြပါစေ။

**စည်းကမ်းများ**

အိမ်မှာ၊ ရပ်ကွက်မှာ၊ ကျေးရွာမှာ၊ မြို့မှာ၊ စာသင်ကျောင်းမှာ၊ ရုံးမှာ၊ ဆေးရုံမှာ၊ လမ်းမှာ စသည်တို့တွင် လိုက်နာရမည့်၊ စောင့်ထိန်းရမည့် ဆောင်ရန်ရှောင်ရန် စည်းကမ်းချက်များ သတ်မှတ်ထားရှိသည်။ ထိုနည်းတူ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ တစ်စု၊ အများ၊ အသင်းအဖွဲ့ စသည်တို့က လိုက်နာရမည့်၊ စောင့်ထိန်းရမည့်၊ ဆောင်ရန်ရှောင်ရန် စည်းကမ်းချက်များ သတ်မှတ်ထားရှိသည်။ စည်းကမ်းချက် အများအပြား တွေ့ကြရပေလိမ့်မည်။ ဥပမာပြရလျှင် သတ်မှတ်ထားသော နေရာတွင်၊ ကွမ်းတံထွေး မထွေးရ၊ အမှိုက်မပစ်ရ၊ ဆေးလိပ်မသောက်ရ၊ ဆူညံခြင်းမပြုရ၊ လမ်းဖြတ်ကူးလျှင် မျဉ်းကျားနေရာမှ ဖြတ်ကူးပါ။ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပါ။ မူးလျှင်မမောင်းရပါ။ မောင်းလျှင်မမူးရပါ။ ကားပေါ်တက်လျှင် ခါးပတ်ပတ်ပါ စသည်စသည်တို့ဖြစ်သည်။ စည်းကမ်းများကို တန်ဖိုးထားကြဖို့၊ လေးစားကြဖို့၊ လိုက်နာကြဖို့၊ စောင့်ထိန်းကြဖို့ကိုလည်း ကျင့်ဝတ်များတွင်ဖော်ပြခဲ့သည့်အတိုင်း ဆောင်ရွက်ကြရန်၊ ဆောင်ရွက်ပေးကြရန် လိုအပ်ပေမည်။ စည်းကမ်းသည် လူတစ်ဦးအတွက် အထိန်းအကွပ်ဖြစ်သည်။ စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်။ လိုက်နာသူအတွက် အကျိုးရှိ၍ မလိုက်နာသူ၊ ဖောက်ဖျက်သူအတွက် အပြစ်ရမည်။ စည်းကမ်းများကို အစဉ်ထာဝရလိုက်နာ စောင့်ထိန်းတတ်ကြသည့် မြင့်မြတ်သော၊ အလေ့အကျင့် ဖြူစင်သော စိတ်ထားများ မွေးမြူထားနိုင်ကြပါစေ။

**ငါးပါးသီလလုံခြုံပါရဲ့လား**

ငါးပါးသီလလုံခြုံပါရဲ့လားမေးလျှင် လုံခြုံပါတယ်လို့ပဲ အများစုကဖြေကြပါလိမ့်မည်။ ထပ်မေးပါရစေ။ အမှန်တကယ်လုံခြုံရဲ့လား။ အမှန်တကယ် လုံခြုံပါသည်ဆိုလျှင် ဥပဒေဘောင်အတွင်းက နေထိုင်ပြီးဖြစ်နေသည်ဟုဆိုနိုင်ပါသည်။ အဘယ်ကြောင့်ပါနည်း။

ဤနေရာတွင် တော်လှန်ရေးကော်စီအစိုးရလက်ထက် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ဝင် ဗိုလ်မှူးချုပ်စိန်ဝင်း၏ မှတ်ချက်ပြုပြောစကားများကို ပြန်လည်၍ ကြားယောင်မိသည်။ ဗိုလ်မှူးချုပ် စိန်ဝင်းက "ရာဇသတ်ကြီးဥပဒေတို့တွင် ပြဋ္ဌာန်းချက်တို့သည် သဘောအားဖြင့် ဝိနည်းတော်ပါ ပညတ်ချက်များကဲ့သို့ပင်ဖြစ်သည်။ ဥပမာအားဖြင့် ပြစ်မှုတစ်ရပ်ကို ကျူးလွန်သူသည် တရားဥပဒေ အခေါ်အဝေါ်အားဖြင့် အပြစ်ရှိသော စိတ်ရှိခဲ့ရမည်။ ထိုစိတ်နှိုးဆော်သော ပြုလုပ်မှုရှိရမည်။ ထိုအင်္ဂါနှစ်ရပ်ပေါင်းမှ ပြစ်မှုမြောက်သည်ဟု ရာဇသတ်တွင် ပါတတ်သည်။ ဝိနည်းတော်များတွင်လည်း စေတနာ သို့မဟုတ် မနောကံနှင့် ကာယကံမြောက်ကျူးလွန်ခြင်း ပေါင်းဆုံမှ ဝိနည်းတော်ချိုးဖောက်မှုမြောက်သည်။ ထို့ပြင် လူ့လောကပြစ်မှုဟူသမျှသည် အရင်းစစ်လျှင် ပြည်သူ့နီတိ လူ့ကျင့်ဝတ်ဖောက်ဖျက်ခြင်းသာဖြစ်သည်။ ငါးပါးသီလမှ တစ်ပါးပါးကို ချိုးဖောက်ခြင်းသာဖြစ်သည်" ဟူ၍ မှတ်ချက်ပြုပြောဆိုခဲ့ခြင်းဖြစ်သည်။ ယင်းသည် လွန်စွာဆီလျော်မှန်ကန်သော မှတ်ချက်များဖြစ်ပါသည် ဟူ၍ ဒေါက်တာမောင်မောင်က ၁၉၇၃ ခုနှစ်တွင် ထုတ်ဝေသည့် ပြည်သူ့တရားရုံး လက်စွဲစာစောင် ၁ (ရာဇဝတ်တရားစီရင်ရေး) တွင် အမှာစာရေးသားရာ၌ ထည့်သွင်းဖော်ပြခဲ့သည်။ ဤဆောင်းပါးကို ရေးစဉ်တိုက်တိုက်ဆိုင်ဆိုင် အမှတ်ရလာသဖြင့် ငါးပါးသီလနှင့် ရာဇဝတ်ပြစ်မှုများအချို့ကို နှိုင်းယှဉ်၍ မျှဝေပေးလိုက်ပါရစေ။

**ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ**

သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာစောင့်ရှောက် ဆောက်တည်ပါ၏။

သူများအသက်ကို သတ်လျှင် အပြစ်ရှိပါ၏။ မိမိကိုယ်ကိုသတ်ခြင်းလည်း အပြစ်ရှိ၏။ လူ၏ အသက်ကို သတ်သည်ဆိုလျှင်ကား ဆိုဖွယ်ရာမရှိတော့ပေ။ လူကို သတ်ခြင်း၊ လူကိုသေစေခြင်း၊ ကိုယ်ဝန်ပျက်စေခြင်း၊ ကလေးကိုအရှင်မမွေးအောင်ပြုခြင်း၊ ကလေးမွေးဖွားပြီးနောက် သေစေအောင် ပြုလုပ်ခြင်း၊ အမိဝမ်းတွင်းရှိကလေးကို သေစေခြင်း၊ ကလေးကိုစွန့်ပစ်ခြင်း၊ ဖျောက်ဖျက်ခြင်းစသည် စသည်တို့သည် လူသတ်မှု သို့မဟုတ် လူကိုသေစေအောင် ပြုလုပ်မှုများဖြစ်သည်။ ပြစ်မှုကျူးလွန်သူကို သေဒဏ် သို့မဟုတ် ထောင်ဒဏ် ၁၀ နှစ်၊ ၇ နှစ် စသည်ဖြင့် ကျခံစေနိုင်သည်။

သူ့အသက်ကို သတ်ဖြတ်ခြင်း၊ အသက်သေအောင်၊ ကိုယ်လက်အင်္ဂါ ချို့တဲ့ပျက်စီးအောင် ညှဉ်းပန်းနှိပ်စက်ခြင်းတို့မှ ဝေးစွာရှောင်ကြဉ်ခြင်းတည်းဟူသော သီလကိုလုံအောင် ထိန်းသိမ်းနိုင်မည်ဆိုလျှင် သီလကျိုးပေါက်မည်ကို စိုးရိမ်ပြီး ဤသို့သော ပြစ်မှုမျိုးကျူးလွန်နိုင်ကြတော့မည် မဟုတ်ပါ။ ဥပဒေဘောင်အတွင်း နေထိုင်ရာရောက်ပေသည်။

**အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ**

ပိုင်ရှင်မပေးသော သူ့ပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာ ပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာစောင့်ရှောက် ဆောက်တည်ပါ၏။

ခိုးမှုဟုဆိုရာတွင် လူကိုခိုးယူခြင်း၊ ပစ္စည်းကိုခိုးယူခြင်း နှစ်မျိုးလုံးအကျုံးဝင်သည်။ လူကိုခိုးခြင်းဆိုသည်မှာ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံသို့ လူကိုခိုးယူသွားခြင်း၊ အုပ်ထိန်းသူထံမှ လူကိုခိုးယူခြင်း၊ လူကိုသတ်ရန်၊ ကျွန်ပြုစေရန်၊ ချုပ်နှောင်ထားရန် ခိုးယူခြင်း၊ အတင်းအဓမ္မထိမ်းမြားခြင်းပြုစေရန်၊ ပြည့်တန်ဆာပြုလုပ်စေရန်၊ မိန်းမကိုခိုးယူခြင်း စသည်တို့သည် ပြစ်မှုကျူးလွန်ရာ ရောက်သည်။ ပြစ်မှုကျူးလွန်သူကို ထောင်ဒဏ် ၁၀ နှစ်၊ ၇ နှစ်၊ ၃ နှစ် စသည်ဖြင့် ကျခံစေနိုင်သည်။

ပစ္စည်းကိုခိုးယူခြင်းဆိုသည်မှာ သူတစ်ပါးပိုင်၊ အသင်းအဖွဲ့ပိုင်၊ အများပိုင်၊ ကုမ္ပဏီပိုင်၊ အစိုးရပိုင်၊ ပြည်သူပိုင်၊ နိုင်ငံတော်ပိုင်ပစ္စည်း၊ ဥစ္စာ၊ ရတနာ၊ ရွှေ ငွေ စသည်တို့ကို ခိုးယူခြင်းဖြစ်သည်။ သူတစ်ဦး တစ်ယောက်ပိုင်ပစ္စည်းဥစ္စာကို ခိုးယူခြင်းထက် နိုင်ငံတော်ပိုင်၊ အစိုးရပိုင်၊ ပြည်သူပိုင် ပစ္စည်းဥစ္စာ၊ ငွေကြေးနေများကို ခိုးယူခြင်းက ပို၍ အပြစ်ကြီးပေသည်။ ပြစ်မှုကျူးလွန်သူကို ထောင်ဒဏ် အနည်းဆုံး ၁၀ နှစ်၊ ၇ နှစ်၊ ၃ နှစ် စသည်ဖြင့် ကျခံစေနိုင်သည်။

လူကိုလည်းကောင်း၊ သူတစ်ပါး၏ပစ္စည်းဥစ္စာကိုလည်းကောင်း၊ နိုင်ငံတော်ပိုင်၊ အစိုးရပိုင်၊ ပြည်သူပိုင် ပစ္စည်းဥစ္စာများကိုလည်းကောင်း ခိုးယူခြင်းတို့မှ ဝေးစွာ ရှောင်ကြဉ်ခြင်းဟူသော သီလကို လုံအောင်ထိန်းသိမ်းနိုင်မည်ဆိုလျှင် သီလကျိုးပေါက်မည်ကို စိုးရိမ်ပြီး ဤသို့သော ပြစ်မှုများကို ကျူးလွန်နိုင်မည်မဟုတ်ပေ။ ဥပဒေဘောင်အတွင်း နေထိုင်ရာရောက်ပေမည်။

**ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ**

ကာမဂုဏ်တို့၌ လော်လီဖောက်ပြန် မမှန်သောအကျင့်မှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော်အကျင့်မြတ်ကို ကောင်းစွာစောင့်ရှောက်ဆောက်တည်ပါ၏။

ကာမပိုင်လင်ရှိမယားများကို စော်ကားကျူးလွန်မှု၊ သူတစ်ပါးတို့၏ သားပျို၊သမီးပျိုများကို ဖျက်ဆီးမှု၊ မတရားပြုကျင့်မှု၊ ကာယိန္ဒြေကို ပျက်စီးစေမှု စသည်တို့သည်ပြစ်မှုကျူးလွန်ရာရောက်သည်။ ပြစ်မှုကျူးလွန်သူကို ထောင်ဒဏ် ၁၀ နှစ်၊ ၇ နှစ်၊ ၂ နှစ် စသည်ဖြင့် ကျခံစေနိုင်သည်။

သူတစ်ပါး၏ အိမ်ရာသားမယားကို ကျူးကျော်စော်ကားခြင်းမှ ဝေးစွာရှောင်ကြဉ်ခြင်းတည်းဟူသော သီလကို လုံအောင်ထိန်းသိမ်းနိုင်မည်ဆိုလျှင် သီလကျိုးပေါက်မည်ကို စိုးရိမ်ပြီး ဤသို့သော ပြစ်မှုများကို ကျူးလွန်နိုင်မည်မဟုတ်ပေ။ ဥပဒေဘောင်အတွင်း နေထိုင်ရာရောက်ပေမည်။

**မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ**

မဟုတ်မမှန် ပြောဆိုပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ်သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာစောင့်ရှောက် ဆောက်တည်ပါ၏။

သူတစ်ပါးထိခိုက်အောင် လိမ်လည်ပြောဆိုခြင်း၊ သူတစ်ပါးအယောင်ဆောင်၍ လိမ်လည်ခြင်း၊ သူတစ်ပါးပစ္စည်း၊ ငွေကြေးတို့ကို လိမ်လည်ရယူခြင်း၊ နိုင်ငံတော်ပိုင်၊ အများပိုင်၊ အစိုးရပိုင်၊ ပြည်သူပိုင် ပစ္စည်း၊ ငွေများကို လိမ်လည်ရယူခြင်း၊ သူတစ်ပါးက ယုံကြည်အပ်နှံထားသော ပစ္စည်း၊ ငွေကြေးတို့ကို လိမ်လည်၍ ကိုယ်ကျိုးအလွဲသုံးပြုခြင်း၊ နိုင်ငံတော်က၊ အစိုးရက၊ ပြည်သူတွေက ယုံကြည်အပ်နှံထားသော ပစ္စည်း၊ ငွေကြေးများကို လိမ်လည်၍ ကိုယ်ကျိုးအလွဲသုံးခြင်း၊ လိမ်လည်အတုပြုလုပ်ခြင်း၊ လိမ်လည်ရန် အလို့ငှာ လိမ်လည်အတုပြုလုပ်ခြင်းစသည်တို့သည် ပြစ်မှုကျူးလွန်ရာ ရောက်သည်။ ပြစ်မှုကျူးလွန်သူကိုထောင်ဒဏ် အနည်းဆုံး ၁၀ နှစ်၊ ၇ နှစ်၊ ၃ နှစ် စသည်ဖြင့် ကျခံစေနိုင်သည်။

သူတစ်ပါးကို ထိခိုက်နစ်နာအောင် လိမ်လည်ပြောဆိုခြင်းနှင့် လိမ်လည်ပြုမူခြင်းတို့မှ ရှောင်ကြဉ်ခြင်းတည်းဟူသော သီလကို လုံအောင်ထိန်းသိမ်းနိုင်မည်ဆိုလျှင် သီလကျိုးပေါက်မည်ကို စိုးရိမ်ပြီး ဤသို့သော ပြစ်မှုများကို ကျူးလွန်နိုင်မည် မဟုတ်ပေ။ ဥပဒေဘောင်အတွင်း နေထိုင်ရာ ရောက်ပေသည်။

**သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာန် ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ**

မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော မူးယစ်စေတတ်သော သေရည်အရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ရသော သီလပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်ပါ၏။

မူးယစ်မေ့လျော့စေတတ်သော သေရည်သေရက်၊ ဆေးခြောက်၊ မူးယစ်ဆေးဝါး အမျိုးမျိုး၊ စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများ စားသုံးခြင်း၊ လက်ဝယ်ထားခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း စသည်တို့သည် ပြစ်မှုကျူးလွန်ရာ ရောက်သည်။ ပြစ်မှုကျူးလွန်သူကို သေဒဏ်၊ နှစ်အကန့်မရှိ ထောင်ဒဏ် အနှစ် ၂၀၊ ၁၀ နှစ်၊ ၇ နှစ်၊ ၅ နှစ် စသည်ဖြင့် ကျခံစေနိုင်သည်။

မူးယစ်ထုံထိုင်းမေ့လျော့စေတတ်သော ဆေးဝါးများနှင့် သေရည်သေရက်တို့ကို မှီဝဲစားသုံးခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော သီလကိုလုံအောင် ထိန်းသိမ်းနိုင်မည်ဆိုလျှင် သီလကျိုးပေါက်မည်ကို စိုးရိမ်ပြီး ဤသို့သော ပြစ်မှုများကို ကျူးလွန်နိုင်မည် မဟုတ်ပေ။ ဥပဒေဘောင်အတွင်း နေထိုင်ရာ ရောက်သည်။

တရားနှင့်အညီ နေထိုင်ခြင်းသည် ဥပဒေဘောင်အတွင်း နေထိုင်ခြင်းဖြစ်သည်။

ဤသို့ဖြင့် ကျင့်ဝတ်၊ စည်းကမ်းများကို တန်ဖိုးထား၊ လေးစား လိုက်နာတတ်သူများသည် ဥပဒေကို တန်ဖိုးထား၊ လေးစားလိုက်နာတတ်ကြပေမည်။ ငါးပါးသီလလုံအောင် ထိန်းသိမ်းနိုင်သူသည် ငါးပါးသီလနှင့်သက်ဆိုင်နေသော ဥပဒေများကို တန်ဖိုးထား၊ လေးစားလိုက်နာကြပြီးဖြစ်နေပေလိမ့်မည်။ ငါးပါးသီလလုံခြုံနေသဖြင့် ဥပဒေအသီးသီးကိုလည်း လေးစားလိုက်နာတန်ဖိုးထားပြီး ကျူးလွန်ဖောက်ဖျက်ကြတော့မည်မဟုတ်ပေ။ ဥပဒေဘောင်အတွင်းတွင် နေထိုင်ရာရောက်နေပေတော့သည်။

ဥပဒေဘောင်အတွင်းနေထိုင်ခြင်းကို အချုပ်အားဖြင့်ဆိုရလျှင် မြတ်ဗုဒ္ဓဟောကြားမိန့်မှာသည့် တရားတော်နှင့်အညီ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား" ကြဖို့ လိုရင်းအဓိကဖြစ်ပေသည်။ လူတိုင်းလူတိုင်း ငါးပါးသီလလုံခြုံကြလျှင် ဥပဒေဘောင်အတွင်း နေထိုင်ကြသူတွေသာ ဖြစ်နေပေမည်။ တရားကိုစောင့်သော သူများကို တရားကပြန်စောင့်ရှောက်ပေလိမ့်မည်။ လူမှုအဖွဲ့အစည်းကြီးတစ်ခုလုံး ဘေးကင်းရန်ကွာ၍ အေးအေးချမ်းချမ်း၊ သာသာယာယာ နေထိုင်ကြပေမည်။ တရားဥပဒေစိုးမိုးမှု လွှမ်းခြုံထားနိုင်ကြပေလိမ့်မည်။ အစိုးရသော်လည်း အစိုးရရှိမှန်းတောင် မသိရသည့် လူ့ဘောင်အဖွဲ့အစည်းကြီးအဖြစ် တည်ဆောက်နိုင်ကြပေလိမ့်မည်။

ဥပဒေဘောင်အတွင်း နေထိုင်နိုင်ကြသူများ၊ နေထိုင်တတ်ကြသူများ ဖြစ်ကြပါစေ။ ။

# တောင်သူလက်ဝယ်အရောက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များပေးအပ်

**မြောင်းမြ အောက်တိုဘာ ၂၀**
တောင်သူလယ်သမားများ မိမိ လယ်ယာမြေများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အာမခံချက်ရရှိရေးနှင့် သားစဉ်မြေးဆက် ပိုင်ဆိုင်မှုရရှိစေရေးအတွက် ရည်ရွယ်ဆောင်ရွက်ပေးသည့် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးခြင်းကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ မြောင်းမြမြို့နယ်ကိုယ်စားပြု လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်မှ တာဝန်ရှိသူများ၊ ကျေးရွာတောင်သူလယ်သမားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်ပေးအပ်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်း ဦးစီးအရာရှိ ဦးမြင့်အောင်က ပုံစံ (၇) ထုတ်ပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခဲ့သည်။

မြောင်းမြမြို့နယ်အတွင်း လယ်ယာမြေလုပ်ကိုင်သူ တောင်သူ ၂၉၈၈၇ ဦး၊ လယ်ဟာမြေ ၂၂၀၈၉၆ ဧက ရှိသည့်အနက် တောင်သူ ၂၉၈၁၆ ဦး၊ လယ်ယာမြေ ဧက ၂၂၀၂၉၉ ဧကအား ပုံစံ(၇) လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးထားပြီးဖြစ်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရှိရသည်။ နိုင်ငံသား စိစစ်ရေးမှတ်ပုံတင်ကတ် မရှိသေးသူများ၊ လယ်ယာမြေ အငြင်းပွားမှုနှင့် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိသူများထဲမှ ယခုအခါ မွေတော်ရှမ်းစု၊ ဒရယ်ပေါက်၊ ဗမော်အညာစု၊ မုဆိုးကွင်း၊ ဘုရားငုတ္တိုရှမ်းစု၊ ကုန်းသာစသည့် ကျေးရွာအုပ်စု ကိုးအုပ်စုမှ တောင်သူ ၂၇ ဦးတို့အတွက် လယ်၊ ယာ၊ ဥယျာဉ် ဧက ၇၁ ဒသမ ၂၆ ဧကကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မန်းထွန်းကြိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်ဝင်း၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ကို တောင်သူတစ်ဦးချင်းစီ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သူရကိုကို**




## ဒဂုံတောင်မြို့နယ်တွင် အုပ်ချုပ်ရေးမှူးများ စွမ်းရည်မြင့်သင်တန်းဖွင့်

**ဒဂုံတောင် အောက်တိုဘာ ၂၀**
ရပ်ကွက်နေ ပြည်သူများ၏ လိုအပ်ချက်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီက ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စွမ်းရည်မြင့်မားရေးသင်တန်း ဖွင့်လှစ်ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝင်းသန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ၃၂ ဦးအား သင်တန်းဆရာ ၁၄ ဦးက လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ၃ ရက်ဖြစ်ကြောင်း သိရသည်။

**နှင်းနှင်း( ဒဂုံတောင်)**

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကြိုးဖုန်းလိုင်းများ အသစ်ဆောင်ရွက်ပေးနိုင်ရေးကွင်းဆင်းစစ်ဆေး

**ဒလ အောက်တိုဘာ ၂၀**
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး(ရုံးချုပ်)မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ တယ်လီဖုန်းသုံးစွဲသူဒေသခံပြည်သူများ ဆက်သွယ်ရေး အဆင်ပြေကောင်းမွန်စေရေး၊ ဟောင်းနွမ်းပျက်စီးနေသော ဆက်သွယ်ရေး Overhead Cable ကြိုးများ အသစ်ပြန်လည် တပ်ဆင်ပေးနိုင်ရေးအတွက် အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ကောင်းကင်ဆက်သွယ်ရေးကြိုးလိုင်းများအား ကွင်းဆင်းစစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့သည်။

ဒလမြို့နယ်အတွင်းတွင် တယ်လီဖုန်း (ကြိုး)ဖုန်း အလုံးရေ ၆၂၄ လုံးရှိပြီး လက်ရှိတွင် ဖုန်းအလုံးရေ ၆၁၁ လုံး တပ်ဆင်အသုံးပြုလျက်ရှိသည်။ ယခုအခါ ဆက်သွယ်ရေးကြိုးများသည် နှစ်ကာလကြာမြင့်ပြီးဖြစ်သောကြောင့် မိုးရာသီအတွင်း၌ ရေဝင်ခြင်း၊ နေပူခြင်း၊ လိုင်းပူး၍ ဆက်သွယ်ရေးပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်အချို့တွင် တယ်လီဖုန်း(ကြိုး)ဖုန်းများမှာ ဆက်သွယ်ရေးကြိုးလိုင်းများ မကောင်းမွန်ခြင်းတို့ကြောင့် ဖုန်းအဝင်၊ အထွက် မရရှိခြင်းများ မကြာခဏဖြစ်ပွားတတ်ကြောင်း၊ သုံးစွဲသူပြည်သူများ ဆက်သွယ်ရေး အဆင်ပြေကောင်းမွန်လာစေရန် Overhead Cable ကြိုးများ အသစ်ပြန်လည်တပ်ဆင်ပေးနိုင်ရန် လိုအပ်လျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ခံအင်ဂျင်နီယာ ဒေါ်အေးအေးမြင့်က ပြောသည်။

အဆိုပါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများသည် ဒလမြို့နယ်အတွင်းရှိ ညောင်ကုန်းရပ်ကွက်၊ အံ့ကြီးအရှေ့၊ အံ့ကြီးအနောက်၊ သမ္မတကမ်းခြေ၊ ကျန်စစ်သား၊ မှော်စက်၊ စက်မြေ၊ ဘုရင့်နောင်နှင့် ဗိုလ်ရန်ပြေရပ်ကွက်တို့ရှိ တယ်လီဖုန်းကြိုးလိုင်းများအား သွားရောက်စစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်ရန် မှတ်တမ်းရယူမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

မြို့နယ်အတွင်းရှိ တယ်လီဖုန်း(ကြိုး)ဖုန်း သုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့၏ တယ်လီဖုန်းလိုင်းများ ပြတ်တောက်ခြင်းဖြစ်ပေါ်ပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မြို့နယ်အော်တိုအိတ်ချိန်းဖုန်း ၀၁-၂၆၉၀၀၁၊ ၀၁-၂၆၉၁၂၃ သို့ ဆက်သွယ်၍ မေးမြန်းနိုင်ကြောင်း သိရသည်။

**နိုင်လင်းကျော်** (IPRD)

## မြိတ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ ကျင်းပ

**မြိတ် အောက်တိုဘာ ၂၀**
မြိတ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အလုပ်ရုံဆွေးနွေးပွဲသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ရောက်သူများမှ ပြည်သူများ၏လိုလားချက်များကို တက်ကြွစွာပါဝင်ကြရန်၊ ဒေသ၏ကုန်သွယ်မှုမြှင့်တင်ရေး၊ လမ်းတံတား၊ လျှပ်စစ်မီးနှင့် ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို အကောင်းဆုံးဖြစ်စေရေး ဆွေးနွေးပေးကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ လျှပ်စစ်နှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းကော်မတီ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊ ရှေးဟောင်းအမွေ အနှစ်များထိန်းသိမ်းသတ်မှတ်နိုင်ရေးကော်မတီ၊ ရေထွက်ပစ္စည်းများ၊ နိုင်ငံခြားသို့ တန်ဖိုးမြှင့်ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ရေး ကော်မတီ၊ စည်ပင်သာယာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့က ကဏ္ဍအလိုက် အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကြည်လှိုင်၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဝင်းရှိန်၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေမျိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကို၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ထွန်း၊ KNU ငြိမ်းချမ်းရေးအဖွဲ့မှ မြိတ်-ထားဝယ်ခရိုင် တွဲဖက်အတွင်းရေးမှူး ဖဒိုသူယဲနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းသင်တန်းဖွင့်လှစ်

**ခရမ်း အောက်တိုဘာ ၂၀**
ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျေးရွာနေပြည်သူလူထု ပူးပေါင်းပါဝင်သည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက ခရမ်းမြို့နယ် ပိန်းကန်စံပြကျေးရွာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ ဦးကျော်နိုင်နှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစတင်မျိုးလွင်တို့က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ခရမ်းမြို့နယ် ပိန်းကန်စံပြကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာ ၁၅ ရွာ မှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ လေးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

## ပုလောမြို့၌အခြေခံတိုင်းရင်းဆေးပညာဆင့်ပွားသင်တန်းကျင်းပ

**ပုလော အောက်တိုဘာ ၂၀**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် အမျိုးသမီးရေးရာနှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူး၍ အခြေခံတိုင်းရင်းဆေးပညာ ဆင့်ပွားသင်တန်းကို ပုလောမြို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခန်းမ၌ အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဌ ဒေါ်နီလာလှိုင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားသည်။

မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဦးအောင်အောင်လင်းက အပင်များ၏ အသုံးဝင်ပုံ၊ ဆေးဖက်ဝင်ပုံများနှင့် ကင်ဆာရောဂါအကြောင်း စသည့်ခေါင်းစဉ်များဖြင့် သင်တန်းပို့ချပေးခဲ့သည်။

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်ဟောင်းများနှင့် အသင်းဝင်သစ်များအား အသင်းဥက္ကဌနှင့် တာဝန်ရှိသူများက ရင်ထိုးတံဆိပ်များ ပေးအပ်ချီးမြှင့်ခြင်း၊ ကျန်းမာရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဌနှင့် အဖွဲ့ဝင်များက အသင်းဝင်အသစ်များအား အထွေထွေအသိပညာပေး စကားဝိုင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

# ပြည်သူ့အသံ

## ကျန်းမာရေးထိခိုက်သောတာဝါတိုင်ကြီးဖယ်ရှားပေးပါ

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဥယျာဉ်ကျေးရွာအတွင်းတွင် တယ်လီနောတာဝါတိုင်ကြီးအား စိုက်ထူထားပါသည်။ ၎င်းတာဝါတိုင်အတွက် အသုံးပြုသော အင်ဂျင်စက်သံမှာ နေ့ ညမပြတ် နားမခံသာအောင် ဆူညံနေသည့်အပြင် လျှပ်စစ်သံလိုက်လှိုင်းများကြောင့် သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **ကျေးရွာနေပြည်သူများ**

## လူနေရပ်ကွက်အတွင်းမှအမှိုက်ပုံးများဖယ်ရှားပေးပါ

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် သံသုမာလမ်းမကြီးရှိ နေအိမ်ဘေး မြေကွက်လွတ်မျက်နှာစာ သံသုမာလမ်းမကြီးပေါ်တွင် စည်ပင်အမှိုက်ပုံးများ တန်းစီချထားခြင်း၊ အမှိုက်များအား မြို့နယ်စည်ပင်မှ ဝန်ထမ်းများမှာ စုပေါင်းထည့်သွင်းခြင်းများကြောင့် လမ်းမကြီးပေါ်တွင် အနံ့ဆိုးများထွက်ကာ လမ်းသွားလမ်းလာပြည်သူများ ကျန်းမာရေးနှင့် စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။

သို့ပါ၍ သက်ဆိုင်ရာမှတာဝန်ရှိသူများက လိုအပ်သလို ဆောင်ရွက်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါသည်။ **ပတ်ဝန်းကျင်နေသူများ**

## ဘီလိယက်ခုံလောင်းကစားပြုလုပ်နေသော တဲအိမ်အားဖယ်ရှားပေးပါ

မွန်ပြည်နယ် မော်လမြိုင်မြို့ ညောင်ပင်ဆိပ်ရပ်ကွက် မော်လမြိုင်-ဘားအံကားလမ်းပေါ်ရှိ ခြံများအရှေ့တွင် ပိတ်၍ တဲအိမ်ဆောက်လုပ်ပြီး ဘီလိယက်ခုံလောင်းကစားပြုလုပ်နေပါသည်။ ကျောင်းနေအရွယ်ကလေးများ စာရိတ္တပျက်ပြားခြင်း၊ ဆူညံမှုများဖြစ်ခြင်း၊ အိမ်မျက်နှာစာပိတ်ဆို့ခြင်းများကြောင့် ထိုဘီလိယက်ခုံနှင့် တဲအိမ်အား သက်ဆိုင်ရာမှ စိစစ်ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်နေပြည်သူများ**

## ကားဘော်ဒီထုသံများပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၇)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းရှိ နေအိမ်တွင် လုပ်ငန်းရှင်တစ်ဦးမှ မော်တော်ကားဘော်ဒီထုလုပ်ခြင်း၊ ဆေးမှုတ်ခြင်းနှင့် စက်ပြင်ဝပ်ရှော့လုပ်ငန်းများကို စည်းကမ်းမဲ့စွာ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိပါသည်။

အထက်ပါလုပ်ငန်း၏ ကားဘော်ဒီထုလုပ်သံများ၊ သံပြားဖြတ်တောက်သံများ၊ ဝရိန်ဆော်သည့် မီးဖွားများ၊ တူထုသံများ၊ ကားဆေးမှုတ်သည့် အနံ့အသက်ဆိုးများကြောင့် အနီးဝန်းကျင်ရှိ လူနေအိမ်များအတွက် မီးဘေးအန္တရာယ်လွန်စွာမှ စိုးရိမ်ရပါသည်။ ထို့အပြင် သက်ကြီးရွယ်အိုများ၊ မွေးကင်းစများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် မီးခိုးနံ့များ၊ ဆေးနံ့များနှင့် မီးပွားများကြောင့် မွန်းကြပ်ပြီး ကျန်းမာရေးထိခိုက်စေခြင်း၊ ကျောင်းစာကြည့်ရန် အနှောင့်အယှက်ဖြစ်ခြင်း၊ မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်မှုမရှိခြင်းများကြောင့် လူနေရပ်ကွက်အတွင်းရှိ အထက်ဖော်ပြပါ ကားဘော်ဒီထု၊ ဆေးမှုတ်၊ ဝပ်ရှော့လုပ်ငန်းအား သက်ဆိုင်ရာမှ အမြန်ဆုံးဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**(မီးဘေးစိုးရိမ်သူများ)**

## နောက်ဖေးမြောင်းပိတ်ထားခြင်းမှအမြန်ဖယ်ရှားပေးပါ

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁၁)ရပ်ကွက်အတွင်းရှိ မြခွာညိုလမ်းနှင့် မဥ္ဇူလမ်းကြားရှိ နောက်ဖေးလမ်းကြားအလယ်တစ်လျှောက်တွင် အမှိုက်များစုပုံပိတ်ဆို့နေပြီး ရေစီးရန်မြောင်းများမရှိသောကြောင့် ခြင်၊ ယင်များနှင့်အတူ ရေဆိုး၊ ရေညစ်များ၏ အနံ့ဆိုးများကို ခံစားနေရပါသည်။ ကျန်းမာရေးနှင့် မညီညွတ်ပါသဖြင့် ရောဂါဆိုးများဖြစ်ပွားနိုင်သည့်အတွက် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **(လမ်းသူလမ်းသားများ)**

## စည်ပင်ရေမြောင်းရှင်းလင်းပေးစေလို

သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်(၂)လမ်း အပိုင်း(၁) တည်းခိုခန်းတစ်ခု၏ အနောက်ဘက်ရှိ စည်ပင်ရေမြောင်းသည် အမှိုက်များဖြင့်ပြည့်နှက်လျက်ရှိပြီး မိုးအနည်းငယ်ရွာရုံဖြင့် မြောင်းရေများ လျှံတက်ခြင်း၊ ခြင်များပေါများခြင်း၊ ရေစီးဆင်းမှုလုံးဝမရှိခြင်းတို့ကြောင့် လမ်းထဲနေ ပြည်သူများနှင့် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်နှင့် ခြင်အန္တရာယ်တို့ကြောင့် ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် အမြန်ဆုံးရှင်းလင်းပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **အမြင်မတော်သူ**

# ကော့သောင်းမြို့တွင် အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ဆောင်ရွက်



**ကော့သောင်း အောက်တိုဘာ ၂၀**

ကော့သောင်းမြို့သည် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်မြို့ဖြစ်သည်နှင့် အားလျော်စွာ မြို့နေပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားစွာနေနိုင်ရေး၊ ကုန်ထုတ်စွမ်းအား တိုးတက်ရေး၊ စီးပွားရေးလုပ်ငန်းယန္တရားများ ပုံမှန်လည်ပတ်နိုင်ရေးရည်ရွယ်ကာ လျှပ်စစ်ဓာတ်အားကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအထိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ပုဂ္ဂလိက ပူးပေါင်းကာ ကျယ်ကျယ်ပြန့်ပြန့် ၂၄ နာရီ ဖြန့်ဝေပေးလျက်ရှိသည်။

မိုးတွင်းရာသီဖြစ်သဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး ရည်ရွယ်၍ အောက်တိုဘာ ၁၈ ရက်က လျှပ်စစ်ဓာတ်အားလုပ်ငန်း ဝန်ထမ်းများ မြို့အနှံ့ ပို့လွှတ်နေသည့် ဓာတ်အားလိုင်းများရှိ ပေါက်ပြဲဆွေးမြည့်နေသည့် ကေဘယ်ကြိုးများအား လိုက်လံစစ်ဆေးခြင်း၊ ဓာတ်အားလိုင်းကြိုးများနှင့် ထိမိကာ အန္တရာယ်ဖြစ်စေနိုင်သည့် လမ်းဘေး ဝဲ၊ ယာသစ်ပင်များမှ အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းမီးများ တပ်ဆင်အသစ်လဲလှယ်ခြင်း၊ မြို့နေပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းဝေးစွာ ဓာတ်အား သုံးစွဲ နိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

# ကင်းပိုင်ကျုံနှင့် ထုံးကြီးစံပြကျေးရွာချင်းဆက်လမ်းမကြီးအား ပြုပြင်ပေးစေလို



**ပဲခူး အောက်တိုဘာ ၂၀**

ပဲခူးမြို့ ကင်းပိုင်ကျုံကျေးရွာနှင့် ထုံးကြီးစံပြကျေးရွာ သွား ဂဝံလမ်းမကြီးမှာ အလျားသုံးမိုင်ခွဲကျော်ရှိပြီး အကျယ် ၁၀ ပေရှိသည်။ အဆိုပါ လမ်းမကြီးမှာ မြေကျင်လျှောက်သူများ၊ ယာဉ်များ သွားလာ၍မရအောင် ပျက်စီးနေသည်။

ကင်းပိုင်ကျုံကျေးရွာမှ ပဲခူးမြို့သို့ ခရီးသည်တင်ကားများ နေ့စဉ်ပြေးဆွဲလျက်ရှိပြီး ထုံးကြီးစံပြကျေးရွာ အထက်တန်းသို့ ကျောင်းတက်နေကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ အင်းတကော်မြို့ အထည်ချုပ်စက်ရုံသို့ အလုပ်ဆင်းနေကြသည့် အလုပ်သမားများ၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့် ခရီးသွားနေကြသည့် ကျေးလက်နေပြည်သူများသည် နေ့စဉ် အခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။

ယခုကဲ့သို့ လမ်းများပျက်စီးနေသဖြင့် ဒေသထွက်ကုန်များပို့ဆောင်ရာတွင် အဆင်ပြေမှုများမရှိသလို ကျန်းမာရေးမကောင်း၍မြို့သို့ အရေးပေါ်လူနာပို့ရသည့်အခါတွင်လည်း အချိန်မီမရောက်သဖြင့် အသက်အန္တရာယ် စိုးရိမ်နေရသည်။

ယခုနှစ်နွေရာသီတွင် သက်ဆိုင်ရာမှ ပြုပြင်ပေးပါရန်နှင့် ဒေသခံစေတနာရှင်များကလည်း လမ်းမကြီးကောင်းမွန်ရေးအတွက် ပါဝင်လှူဒါန်းသွားမည်ဖြစ်ကြောင်း ဒေသခံများကပြောကြားသည်။

**ဉာဏ်**

# ခင်ဦးမြို့နယ်တွင် ငါးမျိုးပြုန်းတီးမှုမရှိစေရေး စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်ပေး

**ခင်ဦး အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးပြုန်းတီးမှုမရှိစေရေး စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားကို ခင်ဦးမြို့နယ် ကံသစ်ကျေးရွာ တောင်သူဒေါ်ခင်မာဌေး ကွင်းအမှတ် ၂၄၁၃ ၌ အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးဝင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းသင်းကြူ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးမြင့်စိုးလှိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ စုပေါင်း၍ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြသည်။

အဆိုပါ ငါးမျိုးများမှာ တီလားပီးယားကောင်ရေ ၁၆၂၅၀ နှင့် ငါးခုံးမကောင်ရေ ၁၆၂၅၀ စုစုပေါင်း ကောင်ရေ ၃၂၅၀၀ ကို စပါးခင်းလယ် ၆၅ ဧကအတွင်း စိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

# မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုများကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျပြီး လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန် မြစိမ်းရောင်စီမံကိန်းကျေးရွာ ၂၁ ရွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ညောင်ပင်သာ မြစိမ်းရောင်စီမံကိန်းကျေးရွာတွင် မြစိမ်းရောင်ရန်ပုံငွေဖြင့် တစ်ပိုင်တစ်နိုင်ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ ရေလုပ်ငန်း၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကြည်မို့မို့လွင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမိုးဦး၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဝင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ခင်မာစန်းနှင့် ဝန်ထမ်းများက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။



ညောင်ပင်သာ မြစိမ်းရောင်စီမံကိန်းကျေးရွာတွင် မြစိမ်းရောင် ရန်ပုံငွေသည် အတိုးနှုန်း သက်သာစွာ ချေးယူနိုင်ခြင်းကြောင့် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ပြီး ရရှိလာသော အတိုးများကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်သော ငွေပင်ငွေရင်းများဖြစ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စုဆောင်းထားရှိနိုင်မည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ညောင်ပင်သာကျေးရွာမှ ဦးဝင်းနိုင်က ပြောသည်။ **တင်တင်ထွေး(စဉ့်ကိုင်)**

# ဆေးပညာသတင်းဆန်းများ(၁၄၃)

ပါမောက္ခဒေါက်တာကံညွန့်



အာဖရိကတိုက်နိုင်ငံတွေမှာ ပြည်တွင်းစစ်ဖြစ်နေတဲ့ နိုင်ငံတချို့မှာ ယခုထိ ငြိမ်းချမ်းမှုမရနိုင်သေးပါဘူး။ ဒီအထဲမှာ Nigeria နိုင်ငံဟာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးဟာ ဒီနိုင်ငံတွေထဲမှာ လူသားချင်းစာနာမှု အထောက်အပံ့တွေနှင့်အတူ ရောဂါကာကွယ်ကုသရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေခဲ့ပါတယ်။ ဒီလိုကူညီပေးဆောင်ရွက်နေခဲ့ရာမှာ ယခု Nigeria နိုင်ငံကို ထောက်ပံ့ပေးခဲ့တဲ့ အကူအညီတွေကတော့ အထူးထိရောက်အောင်မြင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ခဲ့ပါတယ်။ ဒီနိုင်ငံက Mafa နှင့် Dikwa မှာရှိတဲ့ ဒုက္ခသည်စခန်းနှစ်ခုမှာ ဒုက္ခသည်ပေါင်း ၇၅၀၀၀ ကျော်ရှိပါတယ်။ ဒီလူတွေထဲက ငှက်ဖျားရောဂါကိုပြင်းထန်စွာ ခံစားရတဲ့ဒုက္ခသည် ၁၅၀၀၀ ကျော်ကို ၃ လအတွင်း ကယ်တင်နိုင်ခဲ့တယ်လို့ဆိုပါတယ်။ ဒီလိုငှက်ဖျားရောဂါသည်တွေအတွက် လိုအပ်တဲ့ Post Exposure Prophylaxis နောက်ဆက်တွဲပြဿနာတွေကို ဖြေရှင်းပေးမယ့် PEP Kits တွေကိုပဲ ထုတ်ဝေပေးခဲ့တယ်လို့ ဆိုပါတယ်။ ဒါကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ထိရောက်တဲ့ အကူအညီတစ်ခုကြောင့် WHO ကြေညာချက်ကို ဖော်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းကတော့ Pfizer and Exelixis ကုမ္ပဏီက ထုတ်လုပ်ခဲ့တဲ့ ကျောက်ကပ်ကင်ဆာရောဂါကုသရေးအတွက် စမ်းသပ်မှုပြုလုပ်အပြီး အများသုံးဆေးတစ်ခုအဖြစ် ထုတ်လုပ်နိုင်တော့မယ်ဆိုတဲ့ သတင်းပါ။ ဒီဆေးနာမည်ကတော့ Exel 90 u CA-BOMETYX နာမည်နဲ့ထုတ်လုပ်ပြီး Pfizer ကတော့ SUTENT နာမည်နဲ့ ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ သူတို့အဆိုအရ ဒီဆေးစမ်းသပ်မှုကို လူနာတွေဆီမှာ စမ်းသပ်ပြီးဖြစ်တယ်။ အညွှန်းအရ Pfizer ကထုတ်တဲ့ SUTENT ဆေးကို ကနဦးပေးပြီး Exel က ထုတ်တဲ့ဆေးကိုတော့ နောက်ပိုင်းမှ အသုံးပြုရမှာဖြစ်ပါတယ်။ ဒီဆေးကို EU Society For Medical Oncology Confress မှာလည်း အတည်ပြုနိုင်ခဲ့တယ်လို့ဆိုပါတယ်။ ဒီဆေးဟာ ရောဂါတိုးလာမှုကို ၃၁ ရာခိုင်နှုန်း တားဆီးပေးနိုင်တယ်လို့ဆိုပါတယ်။ ကျောက်ကပ်ကင်ဆာဆေး ရှားပါးနေချိန်မှာ ဒီဆေးပေါ်လာတာဟာ ဝမ်းသာစရာအဖြစ်တင်ပြလိုက်ရပါတယ်။

ဥရောပက ပိုလန်နိုင်ငံမှာတော့ အစိုးရကပြဋ္ဌာန်းလိုက်တဲ့ တင်းကြပ်တဲ့ကိုယ်ဝန်ဖျက်ချရေး တားဆီးမှုဥပဒေကို မကျေနပ်လို့ တစ်နိုင်ငံလုံးက အမျိုးသမီးတွေဟာ တစ်ခဲနက်ဆန္ဒပြနေကြပါတယ်။ ဒီဥပဒေဟာ တင်းကြပ်လွန်းတာကြောင့် ပိုလန်နိုင်ငံမှာ နဂိုကနေခဲ့ကြပြီး အိမ်နီးချင်းနိုင်ငံတွေကို ရွှေ့ပြောင်းသွားခဲ့ကြတဲ့ အမျိုးသမီးတွေပါ လာရောက်ဆန္ဒပြပေးနေတာဖြစ်ပါတယ်။ ဒါကြောင့် များပြားလှတဲ့ လူအုပ်ကြီးဟာ တယ်လီဗီးရှင်း Screen မှာ အပြည့်ဖြစ်နေပါတယ်။ ယခုလောလောဆယ်မှာလည်း ကိုယ်ဝန်ဖျက်ချလိုတဲ့ အမျိုးသမီးတွေဟာ အိမ်နီးချင်း ဂျာမဏီနိုင်ငံ၊ ဆလိုဗက်ကီးယားနိုင်ငံတွေဘက်ဆီ သွားရောက်ကိုယ်ဝန်ဖျက်နေခဲ့ကြရတာဖြစ်ပါတယ်။ အမျိုးသမီးထုကတော့ ကိုယ်အလိုမရှိတဲ့၊ ကိုယ်မနှစ်သက်တဲ့ ကိုယ်ဝန်လိုမျိုးကို တရားဝင် ဖျက်ချခွင့်ပေးဖို့ လိုအပ်နေကြတာဖြစ်ပါတယ်။

တရားဝင်ဖျက်ခွင့်မရခြင်းဖြင့် ပြင်ပဆေးခန်းတွေမှာ ခိုးကြောင်ခိုးဝှက်သွားလုပ်ရတာကြောင့် ငွေကုန်ကြေးကျများတဲ့အပြင် ကျန်းမာရေးအတွက်လည်း စိတ်မချရဘူးလို့ဆိုပါတယ်။ တရားဝင်ဖျက်ခွင့်ရခြင်းဖြင့် ဆေးရုံ ဆေးခန်းတွေမှာ ကျန်းမာရေးအတွက် လုံခြုံစိတ်ချစွာ ပြုလုပ်နိုင်မှာဖြစ်တယ်လို့ဆိုပါတယ်။

ခေတ်မီပြီးတိုးတက်လာတဲ့ခေတ်မှာ ပိုလန်နိုင်ငံမှာရှိတဲ့ ဥပဒေဟာ လွန်ခဲ့တဲ့ကွန်မြူနစ်အစိုးရ အုပ်ချုပ်တဲ့ခေတ်ကပဲ ရှိခဲ့တဲ့ ဥပဒေလို့ဆိုပါတယ်။ အခုလို ခေတ်မီဆေးပညာတိုးတက်နေတဲ့ခေတ်မှာ ကိုယ်ဝန်ဖျက်ချခြင်းဟာအန္တရာယ်ကြီးမားတဲ့ ခွဲစိတ်မှုတစ်ရပ်လည်းမဟုတ်ဘဲ ပြင်ပလူနာဆေးခန်းတွေမှာ အောင်မြင်စွာ လုပ်ပေးနိုင်တဲ့ကိစ္စတစ်ခုဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းကတော့ ထူးဆန်းတဲ့သတင်းတစ်ခုပါ။ ဒါကတော့ DNA သုံးမျိုးပါတဲ့ ကလေးတစ်ဦးကို မက္ကဆီကိုနိုင်ငံမှာ အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ပြီဆိုတဲ့သတင်းပါ။ ဂျော်ဒန်နိုင်ငံသား ဇနီးမောင်နှံနှစ်ဦးမှာ ဇနီးရဲ့မျိုးရိုးဗီဇမှာပါတဲ့ DNA တစ်မျိုးကြောင့် မွေးလာတဲ့ ကလေးတိုင်းဦးနှောက်၊ အာရုံကြောချို့ယွင်းတဲ့ ကလေးတွေဖြစ်နေတယ်လို့ဆိုပါတယ်။ ဒါကိုကုစားနိုင်ဖို့ သူတို့ဇနီးမောင်နှံဟာ ဒီ Gene နဲ့ပတ်သက်ပြီး ကုသပေးနိုင်တဲ့ ဆရာဝန်ကြီးတွေဆီမှာ ပြသခဲ့ကြတာဖြစ်ပါတယ်။ ယခုတော့ ယခင်ရောဂါတွေက ကင်းလွတ်မယ့် DNA သုံးမျိုးပါတဲ့ ကလေးတစ်ဦးကို မွေးပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီကလေးဟာ ဘယ်လိုရောဂါတွေခံနိုင်စွမ်းရှိတယ်ဆိုတာတော့ စောင့်ကြည့်ရဦးမယ်လို့ သိရကြောင်း တင်ပြလိုက်ရပါတယ်။




နောက်ဖော်ပြလိုတဲ့သတင်းကလည်း ဝမ်းသာစရာပါ။ Ovarian Cancer ခေါ်တဲ့ အမျိုးသမီး သားဥအိမ်ကင်ဆာရောဂါမှာ ကုသပေးနေတဲ့ ဆေးတစ်မျိုးဟာ ဒီကင်ဆာရောဂါအပြင် တခြားအမျိုးသမီး ကင်ဆာရောဂါတွေမှာပါ ကင်ဆာကို မကြီးထွားနိုင်အောင် ထိန်းထားနိုင်မယ်ဆိုတဲ့သတင်းပါ။ ဒီဆေးနာမည်ကတော့ Nina Panib ခေါ်တဲ့ PARP Imhibitor ဆေးဖြစ်ပါတယ်။ ဒီဆေးကို အမေရိကန်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Tesaro ကထုတ်လုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒီဆေးရဲ့ အာနိသင်ကို ကိုပင်ဟေဂင်မြို့မှာ ကျင်းပခဲ့တဲ့ Euro Peon Society For Medical Oncology နှစ်ပတ်လည်ညီလာခံမှာ တင်ပြဆွေးနွေးခဲ့ကြတာပါ။ ဒီဆေးရဲ့အာနိသင်ဟာ ကင်ဆာ cell တွေ အသက်ရှင်နေနိုင်ရေးမှာ အရေးပါတဲ့ Enzyme တစ်မျိုးကို ပိတ်ပင်ထားနိုင်တာကြောင့်လို့ဆိုပါတယ်။ ဒီဆေးပေါ်လာတာကို ဝမ်းသာစရာသတင်းအဖြစ် ဖော်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းကလဲ စိတ်ဝင်စားစရာပါ။ ဆေးရုံကို Pneumonia ခေါ် အဆုတ်ရောင်ရောဂါဖြင့် ဆေးရုံတက်ကုသနေရတဲ့ ဝေဒနာရှင်တွေဟာ များသောအားဖြင့် အဆုတ်ရောဂါကြောင့် အသက်မဆုံးရှုံးရဘဲ နှလုံးရောဂါကြောင့် အသက်ဆုံးရှုံးရတာများတယ်လို့ ဆိုပါတယ်။ ဒီကြေညာချက်ကတော့ Austria နိုင်ငံ ဗီယင်နာမြို့မှာကျင်းပတဲ့ Austria Society of Pulmonary Diseases က ဆေးပညာရှင်တွေရဲ့ မှတ်ချက်ပြု ပြောစကားပါ။ ဒီလိုသေဆုံးရတာလည်း များသောအားဖြင့် အသက် ၆၅ နှစ်ကျော်အရွယ်တွေ ဖြစ်တယ်လို့ ဆိုပါတယ်။ သူတို့ဟာအများအားဖြင့် နဂိုနှလုံးရောဂါ အခြေခံမရှိသူတွေဖြစ်တယ်လို့ဆိုပါတယ်။ ဒါကြောင့် သာမန်အဆုတ်ရောင်ရောဂါရှိသူတွေမှာ နှလုံးရောဂါ အခံရှိပါက ပိုပြီးဂရုစိုက်ဖို့လိုကြောင်း အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။



> ကျောက်ကပ်ကင်ဆာရောဂါကုသရေးအတွက် စမ်းသပ်မှုပြုလုပ်အပြီး အများသုံးဆေးတစ်ခုအဖြစ် ထုတ်လုပ် . . .




သီတင်းကျွတ် အထူးအစီအစဉ်အဖြစ် BMW ၏ xDrive နည်းပညာ (The intelligent all-wheel drive system) ပါဝင်သည့် နောက်ဆုံးပေါ် **The all-new BMW X1 xDrive20i** Brand New ကားကို **Downpayment ကျပ်(၃၉၉)သိန်းပေးသွင်းပြီး လစဉ် ကျပ်(၃၉.၉၉)သိန်းအား(၂၄)လသွင်းရုံဖြင့်** ပိုင်ဆိုင်နိုင်ပါပြီ။

* 3 years Warranty (ကီလိုမီတာ အကန့်အသတ်မရှိ)
* 3 years Maintenance အပါအဝင်

အရေအတွက် အကန့်အသတ်ဖြင့်သာ ရောင်းချမည် ဖြစ်ပါသည်။

**The all-new BMW X1**ကို စမ်းသပ်မောင်းနှင်ရန်အတွက် ရန်ကုန်မြို့ ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်ရှိ BMW Showroom နှင့် မန္တလေးမြို့ ရွှေမန်းတောင် Golf Club ရှိ BMW Pavilion Mandalay သို့ လှမ်းခဲ့ဖို့ ဖိတ်ခေါ်အပ်ပါသည်။


LED headlights with extended contents


Parking Assistant


Sport seat with Lumbar support

**Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.**
**Yangon:** 01- 2306133 **Mandalay:** 09-78888 2089 www.facebook.com/BMWPAC

# ပင့်လျှောက်ခြင်း

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)၏ နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ်အဖြစ် အာစရိယပူဇာနှင့် ကျောင်းသားစုံညီပွဲတော်ကြီးကို [၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း(၃၊ ၄၊ ၅)ရက်] ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၊ ၃၊ ၄ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ပင့်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ (၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၃ရက်) ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ရက်အရောက် ကြွရောက်ကြပါရန် **ကျောင်းသားဟောင်း သံဃာတော်အပေါင်းတို့အား** ရိုသေလေးစားစွာ ပင့်လျှောက်အပ်ပါသည် ဘုရား။

**ပွဲတော်ဖြစ်မြောက်ရေးအဖွဲ့**

ဖုန်း-၀၉-၂၀၅၀၅၉၀၊ ၀၉-၉၇၅၆၈၉၂၀၂၊ ၀၉-၂၀၃၅၅၇၂


(၇၂)ရက်သာ ကျန်တော့တယ်နော်



ရန်ကုန်ပဲဆီသန့် ၏ ၃၉ နှစ်ပြည့်

1.10.2016 To 31.12.2016

92 DAYS PROMOTION (၃၁.၁၂.၂၀၁၆ အထိ ဇာခမ်းမဲများထုတ်ယူနိုင်ပါသည်။)

၁ပိဿာ ၂ပိဿာ ၃ပိဿာ ၅ပိဿာ ၁၀ပိဿာ အဖုံးတွင်းကံစမ်းမဲပါသည်

Suzuki ကားသစ် - 1 စီး
Samsung J1 - 50 လုံး
Samsung Microwave - 15 လုံး

ရန်ကုန်ပဲဆီသန့် 0.22 Li - 5000 လုံး နှင့် အခြားငွေသားဆုမဲပေါင်းများစွာ...

Phone ; 09-73046326, 01-652854,01-663317,01660283

Summer Asia
ချောင်းသာ (ကားခ)-12000
ကား+စား+တည်း(AC)+မြင်း -30000
ကား+စား+တည်း+မြင်း -25000
* လက်မှတ်အိမ်အရောက်ပို့ပေးနိုင် *
* ကားစီးလုံးငှားလက်ခံသည်။ *
Ph:09-797853708,-261879266, -797853705

ကွန်ဒိုတိုက်ခန်းရောင်းမည်
သိမ်ဖြူလမ်းနှင့် ၄၄ လမ်းထောင့်
၂၃ ပေ×၅၅ ပေ Pen House,
၉-လွှာ Hall Type ဓာတ်လှေကား
ပါ၊ ကွန်ဒိုတိုက်သစ်ရောင်းမည်။
ဖုန်း-09-974595888

LCCI - EDI (UK) မှချီးမြှင့်သောထူးချွန်သင်တန်းကျောင်းဆုရ
စီးပွားပန်းခင်း
ပညာရေးဝန် ဆောင်မှုလုပ်ငန်း
LCCI စာရင်းကိုင်သင်တန်း Level 1-2-3
AutoCount Computerised Accounting
2017 - April Series (November)တန်းခွဲသစ်များ(5.11.2016)စမည်။
(15.11.2016)အတွင်းအပ်နှံသူများ 10%Discounts ရမည်။
မြို့ထဲ ။ (၃၀၃)(၇လွှာ)၊ ၇၂ -လမ်းထိပ်၊မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
လှည်းတန်း ။ တိုက် (၂၃)၊ အခန်း(A- 4) လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
09-5118647-73009869-73013432-73028433

လူကြေးသွယ် အလုပ်မြန်ဖြစ်ရေးသင်တန်းကျောင်း
ပညာဒါန ဘာသာစုံ - 1.5 သိန်း၊
ဆိုင်ဖွင့်နိုင်သည်အထိတာဝန်ယူသည်၊
ဆိုင်ဖွင့်ချိန် -
9:00 AM to 10:00 PM (နေ့စဉ်)
09-73041050, 09-73082219
09-795428661

ပြင်ဆင်ဖတ်ရှုပါရန်

စတုတ္ထတန်းမှအဌမတန်း
သချင်္ချာ၊သိပ္ပံ၊ပထဝီ(အထူးသီးသန့်)
ဒေါ်နန်းဝေသီ
Ph: 09 - 264634943,
09 - 782003451

တွန်တေးစခန်း ...
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884

မိဘမေတ္တာ
အိမ်ပြောင်းအိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
အလုပ်သမားသီးသန့်၊
ကားသီးသန့်၊
ဈေးနှုန်းချိုသာစွာဖြင့် တာဝန်ယူ
ဆောင်ရွက်ပေးနေပါသည်။
09-250937816
09-454899971

မှခင်းအန္တရာယ်ကြိုတင်ကာကွယ်နိုင်ကြဖို့ မှခင်းအသိပညာရရှိစေဖို့
မှုခင်း ရှုထောင့်ဂျာနယ် ဖတ်ကြစို့
အမှတ်စဉ်(K/33)ယနေ့ထွက်ပြီ
Ph-01-397164, 01-9000017




ရန်ကုန်- သမ္မတ၊ သွင်၊ မင်္ဂလာ(သိမ်ကြီးဈေး)၊ မင်္ဂလာစံပြ၊ ဂမုန်းပွင့်(စံရိပ်ငြိမ်) ၊Top Royal (ပါရမီ)၊ Junction(မော်တင်)၊ Junction Square(ဟံသာဝတီ)။
မန္တလေး- ဝင်းလိုက်၊ မြို့မ၊ JCGV (မြို့သစ်)၊ ပဲခူး -Icon Mingalar Cinema ၊နေပြည်တော် - JCGV၊ အောင်သပြေ ၊ပြည်- မင်္ဂလာထွန်းသီရိ ၊ပုသိမ်- ရွှေပြည်တော်
လားရှိုး - သီတာအေး ၊မော်လမြိုင် - JCGV၊ ပခုက္ကူ - သီဟ ၊တောင်ကြီး - မြသုခ


wave money
YOMA BANK
telenor
လွယ်ကူ၊ လျင်မြန်ငွေလွှဲရန်
ငွေလွှဲပြီးတဲ့အကြောင်း အိမ်ကိုဖုန်းဆက်ပြောကြရအောင်။
Wave ဆိုင်ပေါင်း(၄၀၀၀) ကျော်ထဲက သင်နဲ့နီးစပ်ရာ Wave ဆိုင်မှ ငွေလွှဲရင်း
ဖုန်းဘေလ် (၅၀၀) ကျပ်ကို အခမဲ့ရယူလိုက်ပါ။
www.wavemoney.com.mm | facebook.com/WaveMoney
တယ်လီနော အသုံးပြုသူများ ခေါ်ဆိုရန် - ၉၀၀ | တယ်လီနောအသုံးမပြုသူများခေါ်ဆိုရန် - ၀၉၇၉၀၀၀၉၀၀၀
အီးမေးလ် - care@wavemoney.com.mm | လိပ်စာ - အမှတ် ၈၄၊ Uniteam Marine အဆောက်အဦး၊ ဂုလ္လာ၊ ပန်းလှိုင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၃၄ တဆဆလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0317) / (ဆေးမှုန့်)TMR 000394(0317)
RE GD.
ဇက်ကျပ်ကျပ်နဲ့ ခါးမြန်းနာအောင်ဆိုးနေတဲ့ချောင်း ကွမ်းရွက်ပုံ ဆေးကကောင်း
တွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာများကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့သြလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။
RE GD
ဒူးနာ၊ ခါးနာ၊ ကျီးပေါင်းရောဂါ၊ ထုံကျဉ်ကိုက်ခဲအကြောဝေဒနာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း
မူးမော၊ ရင်တုန်၊ ဇက်ကြောတက်လျှင် ရှူ
ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်
ဆေးထွန်းပါအတိုင်း လိမ်းဆေးရည်ကို ဝေဝေဆာဆာ လိမ်းပေးရုံဖြင့်
ရောဂါဝေဒနာများ သက်သာပျောက်ကင်းစေပါသည်။ ရှေးဆေးအဖြစ်လည်း အသုံးပြုနိုင်ပါသည်။
အမြို့မြို့ ဆေးတိုင်းမှာ ရရှိနိုင်ပါသည်။
ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်

NISSAN
Innovation that excites

ကမ္ဘာ့နိုင်ငံအနှံ့ ရောင်းအားအကောင်းဆုံး Sedan
ကျွန်တော်တို့တော့အဆင်သင့်ဖြစ်နေပါပြီ။ သင်တို့ရော?
အဆင့်အမြင့်ဆုံး လုံခြုံရေးဆိုင်ရာသွင်ပြင်လက္ခဏာများ၊ ABS, EBD, BA ဘရိတ်စနစ်များ၊ SRS လေအိတ်များ၊ ဇုန်ကိုယ်ထည်တည်ဆောက်မှု၊ ကားနောက်ဆုတ်ရာတွင် သတိပေးအချက်ပြစနစ် ညအချိန်တွင်အသုံးပြုသော အိမ်ပြန်မီးနှင့် ကားတံခါးဖွင့်စဉ်အသုံးပြုသော ကြိုဆိုရေးမီး၊ နေ့ခင်းဘက်အလင်းရောင်အောက်တွင် ယာဉ်ကိုမြင်သာစေရန်သုံးသောမီး



စောင့်ကြည့်မှု
တုံ့ပြန်မှု
ကာကွယ်မှု

Distributor TAN CHONG MOTOR (MYANMAR) CO. LTD

Authorized Dealer Showrooms:

Yangon
United Diamond Motor Co. Ltd.
09-257 587 778, 09-257 587 779

Mandalay
Pacific Alliance Motor Co. Ltd.
09-777 700 361, 09-777 700 362

Sagaing
Shwe Sagaing Motor Services Co. Ltd.
09-502 2605, 09-975 551 944

/NissanMyanmar nissan.com.mm

THE BROTHERS မြဝတီ Live Shopping TV အစီအစဉ်
New လျှပ်စစ်ပစ္စည်း (ဝါကျွတ်အထူးလျှော့ဈေး) လက်လီ/လက်ကား(အိမ်အရောက်ပို့မည်)
24" 146,000 Ks
32" 190,000 Ks
40" 295,000 Ks
43" 325,000 Ks
60" 435,000 Ks
168,000 Ks
127,500 Ks
150,000 Ks
145,000 Ks
191,000 Ks
179,000 Ks
198,000 Ks
240,000 Ks
နေ့နေ့နှင့်တနင်္ဂနွေ(ညနေ ၅နာရီမှ ၆နာရီအတွင်း) မြဝတီ Live Shopping TV အစီအစဉ်တွင်ကြည့်ရှုဝယ်ယူနိုင်ပါသည်။
ဘာပဲလိုလို လျှပ်စစ်ပစ္စည်းအတွက်ဆိုယခုဖုန်းဆက်လိုက်ပါ... 09-459258885,459258886

Air Con
(၁၀) ပေတာ်ဆင်အပြီးအစီး
1Hp 265,000 Ks
1.5Hp 310,000 Ks
ဝီးပလပ်ပေါက်လေးထဲ လုပ်ထားပေးပါ...
(၁၀)ပေအထိ
ကျန်တာဘာဆိုဘာမှ ထပ်မကုန်...

ခရုံမြို့သစ်
အငှားဆိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

ဗူဂျီ
ပါကေးအစားထိုး ကြမ်းခင်းပြား ဖြန့်ချိရေး
LAMINATE FLOOR
(အပြီးအစီး ခင်းကျင်းပေးပါသည်။)
၁၃/၁၊ ပုလဲ (၇) လမ်း၊ ဇော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်။
Ph : 09 73070755,09 73446688

GOOD CARE®
အမျိုးသမီးလစဉ်သုံးပစ္စည်း
သယ်နေလာမှာလဲ ... စောင့်နေမယ်နော် ... ဂွတ်ကဲ



Your Security Blanket

Darling® Baby
ရင်သွေးငယ်လေးများ ...
ရှူးရှူး ဆဲ ပေါက် ပေါက် ...
အီးအီး ဆဲ ပါ ပါ ...
ဒါလင်ဘေဘီ ရှိလျှင်စိတ်ချရပြီ ။
Sweetie Baby



ဖုပ်ယူမှုအား အကောင်းဆုံး ဆီး ။ အီးအီး ခံဘောင်းဘီ
ဘေဘီလေးများအတွက်
ဆွိတီဘေဘီ

Distributed by : GOOD CARE BUSINESS GROUP Yangon : 01 298944, 299194, 294785, 206181, 09 8624727 HOT LINE : 09 977111517

# အာဆီယံ ယူ-၁၈ ပြိုင်ပွဲ မြန်မာနိုင်ငံ၌ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၇ ခုနှစ်အတွင်း ကျင်းပမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် အိမ်ရှင်နိုင်ငံများ ရွေးချယ်ခဲ့ရာ စက်တင်ဘာလတွင် ကျင်းပမည့် ၂၀၁၇ ခုနှစ် အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အထိ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအဖြစ်သာ ကျင်းပခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် အာရှ ယူ-၁၉ ခြေစစ်ပွဲကို အထောက်အကူဖြစ်စေရန် ယူ-၁၈ ပြိုင်ပွဲအဖြစ် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို ၂၀၀၃ ခုနှစ်က တစ်ကြိမ်သာ ကျင်းပခဲ့ဖူးပြီး နောက်ပိုင်းနှစ်များတွင် ကျင်းပတော့ခြင်းမရှိဘဲ အာဆီယံယူ-၁၉ ပြိုင်ပွဲကိုသာ ကျင်းပခဲ့သည်။ ၂၀၀၃ ခုနှစ်က ကျင်းပသည့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ကျင်းပခဲ့ကာ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲတို့ကို မြန်မာနိုင်ငံ၌ ကျင်းပခဲ့ပြီး ထွန်းထွန်းဝင်း၊ မျိုးမင်းထွန်း၊ ထွန်းမင်းဦး၊ ဇော်ထက်အောင်တို့ ပါဝင်သည့် အိမ်ရှင်မြန်မာအသင်းက ဗိုလ်စွဲခဲ့သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၇ ခုနှစ်အတွင်း ကျင်းပမည့် ပြိုင်ပွဲများအတွက် အစည်းအဝေးကို အောက်တိုဘာ ၁၆ ရက်က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း တက်ရောက်ခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**



၂၀၁၆ ခုနှစ်အတွင်း ဖွဲ့စည်းခဲ့သည့် မြန်မာယူ-၁၉ အသင်း။



## ဝါးပိတ်ကျေးရွာအနီး စိုက်ခင်းအတွင်းမှ သေနတ် တစ်လက် သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်ခန့်တွင် ဝါးပိတ်ကျေးရွာအထွက် စိုက်ခင်းအတွင်း ဝှက်ထားသော ၁၂ ဗို့ ဆလိုက်အက်ရှင်သေနတ်တစ်လက်ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။**(အပေါ်ပုံ)** **စာမျက်နှာ ၉ ကော်လံ ၅ သို့ ✳**

# ကျိုက်ထီးရိုးစေတီတော်၌ အခမဲ့တည်းခိုနိုင်သည့် ဇရပ်များ၊ ရေရရှိမှုနှင့် အမှိုက်ပစ်စနစ် ကြပ်မတ်ဆောင်ရွက်ရန်လို



ကျိုက်ထီးရိုးစေတီတော်သို့ လာရောက်ဖူးမြော်ကြသော ဘုရားဖူးပြည်သူများကို တွေ့ရစဉ်။

**ကျိုက်ထို အောက်တိုဘာ ၂၀**

ပွင့်လင်းရာသီ ကျိုက်ထီးရိုးဘုရားပွဲတော်ဖွင့်ပွဲနှင့်အတူ သီတင်းကျွတ်ကျောင်းပိတ်ရက်ကာလတွင် ဘုရားဖူးများပြားခဲ့သည်။ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသော ဘုရားဖူးများကြောင့် စေတီတော်ပတ်ဝန်းကျင်တွင် အခမဲ့တည်းခိုနိုင်သည့်ဇရပ်များလိုအပ်လာသည်။ ဘုရားဖူးများပြားလာခြင်းနှင့်အတူ ရေရရှိမှုအခက်အခဲ၊ အမှိုက်စွန့်ပစ်မှုအခက်အခဲများကို ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ယခုနှစ်တွင် ကျိုက်ထီးရိုးစေတီတော်ရှိ တည်းခိုဆောင်များ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ အလှူခံများ၊ တောင်တက်ယာဉ်များအပါအဝင် စေတီတော်ပတ်ဝန်းကျင်တွင် နေထိုင်လုပ်ကိုင်နေသူ လုပ်ငန်းရှင်များ၊ ဒေသခံများ၊ ပြည်နယ်အစိုးရအဖွဲ့၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သက်ဆိုင်ရာဌာနများ ညှိနှိုင်းပူးပေါင်းကာ ဘုရားဖူးများ စိတ်ချမ်းသာစွာဖူးမြော်နိုင်ရန်နှင့် သင့်တင့်သော ဈေးနှုန်းများဖြစ်စေရန် ဝန်ဆောင်မှုပေးလာသော်လည်း တစ်နှစ်ထက်တစ်နှစ် များပြားလာသော ဘုရားဖူးဧည့်သည်များအတွက် တည်းခိုနိုင်ရန် လိုအပ်ချက်များရှိလာသည်။ ယခုနှစ်ပွဲတော်ရက်အတွင်း မိုးရွာသွန်းမှုကြောင့်လည်း ဘုရားဖူးများ အခက်ကြုံခဲ့ရကြောင်း ကျိုက်ထီးရိုးစေတီတော် တောင်တက်မော်တော်ယာဉ်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ဒီနှစ်မှာ တည်းခိုခန်းခတွေ ဈေးပြန်လျှော့ခဲ့ပါတယ်။ ဒါကလည်း အစိုးရသစ်ရဲ့ မူဝါဒနဲ့အညီ ဘုရားဖူးတွေလည်း သက်သာအောင်၊ လုပ်ငန်းရှင်တွေလည်း လုပ်နိုင်တဲ့အနေအထားဖြစ်အောင် လုပ်ငန်းတင်ဒါအောင်ခဲ့တဲ့သူတွေကို သင့်တင့်တဲ့နှုန်းနဲ့ ပေးသွင်းစေပြီး စီမံစေတာပါ။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✿**

